ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်၊ တနင်္ဂနွေနေ့၊ (29-11-2015) (၈၃၉၉)

## မေတ္တာ၏ အကျိုးအာနိသင်

မေတ္တာ၏ အကျိုးအာနိသင်သည် အလွန်များပြား ကြီးမားမြင့်မြတ်၏။ ဘဝသမ္ပတ္တိအကျိုးပေးသန်သော ကောင်းသောကံတကာတည်းတွင် ဤမေတ္တာကံသည် အထွတ်မြတ်ဆုံး၊ အသာဆုံးတည်း။ မေတ္တာကံကို တုပြိုင်နိုင်သော ကံဟူ၍ မရှိပေ။

သေက္ချတောင်ဆရာတော် ဦးတိလောက

# သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့်ဒေသများတွင် နေအိမ်သစ်များ တည်ဆောက်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၈**

၎င်း ဇူလိုင်၊ ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့ရသည့် စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်အတွင်း နေအိမ်များ ပျက်စီးဆုံးရှုံးခဲ့သည့် မင်းသမီး၊ ပွတ်သာ၊ အလှေ့၊ ကမ္ဘကြီး၊ ထင်းဇင်ရွာမ၊ ကျွန်းတောရေရှင်နှင့် ကနန်ကျေးရွာများ၊ တမူးမြို့နယ်ရှိ မြို့မ ရပ်ကွက်၊ စန္ဒကူး ရပ်ကွက်၊ ခမ်းပါတ်(၁) ရပ်ကွက်နှင့် ခမ်းပါတ်(၂)ရပ်ကွက်တို့တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါဒေသတွင် လူနေအိမ် ၃၈၅ လုံး၊ ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်း၊ ဆေးပေးခန်းနှစ်ခုတို့အား ပြန်လည်တည်ဆောက်ပေးမည်ဖြစ်ပြီး သဘာဝဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လူအင်အား၊ စက်အင်အားများဖြင့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱**



**တမူးခရိုင်အတွင်း သဘာဝဘေးဒဏ်ကြောင့်ပျက်စီးခဲ့သော ကနန်ကျေးရွာရှိ နေအိမ်များအား ပြန်လည်တည်ဆောက်ပေးထားမှုကို တွေ့ရစဉ်။**

# တယ်လီနောမြန်မာကုမ္ပဏီ၏ ဆက်သွယ်ရေးတာဝါတိုင် ၉၀၀ ကျော် မလေးရှားကုမ္ပဏီတည်ဆောက်မည်

သုတ

မလေးရှားနိုင်ငံအခြေစိုက် ဆက်သွယ်ရေးကွန်ရက်ဝန်ဆောင်မှုကုမ္ပဏီ OCK Group Bhd မှာ မြန်မာနိုင်ငံ၌ ဆယ်သွယ်ရေးတာဝါတိုင် ၉၀၀ ကျော် တည်ဆောက်၍ စာချုပ်ဖြင့်ငှားရမ်းရန် တယ်လီနောမြန်မာကုမ္ပဏီထံမှ ကန်ထရိုက်တစ်ရပ်ရရှိရန် ဆွေးနွေးမှုများမှာ အပြီးသတ်အဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။

အဆိုပါကန်ထရိုက်စာချုပ်မှာ ၁၂ နှစ် သက်တမ်းရှိမည်ဖြစ်ပြီး တာဝါတိုင်များအားလုံး တည်ဆောက်မှုကို လာမည့်နှစ်တွင်ပြီးစီးရန် ရည်မှန်းထားကြောင်းသိရသည်။ လာမည့်လမတိုင်မီ သဘောတူညီမှုရရှိရန် ၎င်းတို့ရည်မှန်းလျက်ရှိကြောင်း OCK Group Bhd ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ နော်ဝေဆက်သွယ်ရေးကုမ္ပဏီ တယ်လီနောမြန်မာမှာ အမ်ပီတီနှင့်အော်ရီဒူးကဲ့သို့သော အခြားဆက်သွယ်ရေးဝန်ဆောင်မှုကုမ္ပဏီများရှိနေသည့် မြန်မာနိုင်ငံ၌ ဈေးကွက်ဝေစု ၃၆ ရာခိုင်နှုန်းရရှိထားသည်။ ၎င်းတို့သည် နားလည်မှုစာချွန်လွှာတစ်ရပ်ကို ပြည်တွင်းမိတ်ဖက်ကုမ္ပဏီ King Royal Technologies နှင့်အတူ တယ်လီနောမြန်မာကုမ္ပဏီနှင့် နိုဝင်ဘာ ၂၆ ရက်က လက်မှတ်ရေးထိုးခဲ့ကြောင်း OCK Group Bhd ကုမ္ပဏီက ထုတ်ပြန်ချက်တစ်ခု၌ ပြောကြားသည်။

(The Star Online)

## စစ်လေယာဉ်ပစ်ချခံရမှု ရှင်းလင်းချက်ပေးရန် ရုရှားက တူရကီကို တောင်းဆို

စာမျက်နှာ - ၄



ကြေးမုံစာတည်းရှုထောင့် ၂၉-၁၁-၂၀၁၅၊ တနင်္ဂနွေနေ့

# သဘာဝဘေးကိုအစဉ်သတိပြု

သဘာဝဘေးများကို ကမ္ဘာ့နိုင်ငံအများကြုံတွေ့ကြရသည်။ မြန်မာနိုင်ငံတွင် ယခုနှစ်အဖို့ ယခင်နှစ်များနှင့်မတူ သဘာဝဘေးကိုခါးစည်းခံစားခဲ့ရသည်။ ရေကြီးမှုကြောင့် လူသေဆုံးမှုထက် မြေပြိုမှုကြောင့် လူသေဆုံးမှုက ပိုများခဲ့သည်။ ရေဘေး၊ လေဘေး၊ မီးဘေး၊ မြေဘေးဟူ၍ အဓိက သဘာဝဘေးလေးမျိုးတို့သည် ပါဠိအလိုအရ ပထဝီ၊ တေဇော၊ အာဘော၊ ဝါယော ဟူသောဓာတ်ကြီးလေးပါး ဖောက်ပြန်ပျက်စီးခြင်းပင်ဖြစ်သည်။

ဓာတ်ကြီးလေးပါးသည် ရုပ်ဝတ္ထုတည်မြဲခြင်းအတွက် အရေးကြီးသောဓာတ်သဘောများဖြစ်သည်။ ဤကမ္ဘာမြေကြီးသည် ပထဝီဓာတ်ဖြစ်သည်။ ပထဝီဓာတ်တည်မြဲရန်အတွက် ကျန် ရေ၊ လေ၊ မီး ညီမျှအောင်ထောက်ကန်ထားရသည်။ ဓာတ်တစ်မျိုးမျိုးဖောက်ပြန်သည်နှင့် ရုပ်ဝတ္ထုတို့ပြိုကွဲပျက်စီးရသည်။ သဘာဝနိယာမတရားအရ အရာအားလုံးသည် မမြဲသောသဘောရှိသည်။ ဖြစ်တည်ခြင်း၊ ဖောက်ပြန်ခြင်း၊ ပျက်စီးခြင်းတို့သည် အချိန်နှင့်အတူ သွားသဘောသူဆောင်နေသည်။ မည်သူမျှတားဆီးမရ၊ ကာကွယ်မရသော သဘောဖြစ်သည်။

သို့သော် မဖြစ်ခင်ကတည်းက ဖြစ်လာလျှင်မည်သို့ရင်ဆိုင်မည်၊ မည်သို့အနည်းဆုံးသက်သာအောင် ဆောင်ရွက်မည်တို့ကို ပြင်ဆင်ထားသင့်သည်။ အချို့ကိစ္စများတွင် ကြိုတင်ပြင်ဆင်ထားနိုင်သော်လည်း အချို့ကိစ္စများတွင် ကြိုတင်ပြင်ဆင်ထားမှုမရှိခြင်း၊ ကြိုတင်မပြင်ဆင်လိုက်ရခြင်းတို့ကြောင့် ထိခိုက်ဆုံးရှုံးမှုများ မဖြစ်သင့်ဘဲဖြစ်ခဲ့ရသည့်အဖြစ်များကို မြင်တွေ့ရသည်။

သဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်မှုတွင် ဂျပန်နိုင်ငံသည် စံနမူနာယူဖွယ် အကောင်းဆုံးပြင်ဆင်ထားနိုင်သည့်နိုင်ငံဖြစ်သည်။ ထိုနိုင်ငံတွင် မုန်တိုင်းဘေး၊ ဆူနာမီကဲ့သို့ရေဘေး၊ ငလျင်ဘေးများကို မကြာခဏ ကြုံတွေ့ကြရသည်။ အလွန်ပြင်းထန်ပြီး ကြောက်မက်ဖွယ်ကောင်းသော ဆူနာမီကြီး၊ ငလျင်ကြီးကျရောက်ခဲ့စဉ်ကာလအတွင်း ပျက်စီးဆုံးရှုံးမှုများရှိခဲ့သော်လည်း လူအသေအပျောက် အလွန်နည်းခဲ့သည်မှာ စနစ်တကျ ကြိုတင်ပြင်ဆင်ထားသောကြောင့် ဖြစ်သည်။

မြန်မာနိုင်ငံတွင် သဘာဝဘေးကို အဆိုးရွားဆုံးခံစားခဲ့ရသည့်ဖြစ်စဉ်မှာ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်း တိုက်ခတ်မှုဖြစ်စဉ်ဖြစ်သည်။ ပြည်သူလူထုတစ်သိန်းကျော်သေဆုံးခဲ့ရသောဖြစ်စဉ်မှာ မြန်မာနိုင်ငံ၏သဘာဝဘေးသမိုင်းတွင် အမြင့်မားဆုံးဖြစ်သည်။ အမှန်တွင် နာဂစ်မုန်တိုင်းကြောင့် ဤမျှသေဆုံးမှု မဖြစ်သင့်ချေ။ မုန်တိုင်းမဖြစ်လာမီ အကြိုအနေအထားများကတည်းက မုန်တိုင်းကြီးဖြစ်လာနိုင်ကြောင်း မိုးလေဝသဌာနမှ ကြိုတင်အသိပေးထားသည်။

၂၀၀၈ ခုနှစ် ဧပြီ ၂၇ရက်တွင် အားကောင်းသော လေဖိအားနည်းရပ်ဝန်း ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေကြောင်း မိုးလေဝသဌာနမှ အသိပေးခဲ့သော်လည်း အမှုမဲ့အမှတ်မဲ့နေခဲ့ကြသည်။ ဧပြီ ၂၈ ရက်တွင် နာဂစ်မုန်တိုင်းအဖြစ်သို့ ရောက်ရှိခဲ့ပြီး ဧပြီ ၂၉ ရက်၊ ၃၀ ရက်တို့တွင် မြန်မာနိုင်ငံသို့ မဝင်ရောက်နိုင်ကြောင်းနှင့် ကမ်းရိုးတန်းဒေသများ မိုးသက်လေပြင်းကို သတိပြုရန်လိုကြောင်း အသိပေးခဲ့သည်။ သို့သော် မေ ၁ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ဦးတည်လာကြောင်းသိရသည်။ မြန်မာနိုင်ငံသို့ နောက် ၂၄ နာရီအတွင်း ဝင်ရောက်မည်ဖြစ်ကြောင်း ယင်းနေ့ညနေ ၆ နာရီတွင် မိုးလေဝသဌာနမှ အတိအလင်းပြောကြားခဲ့သည်။

မုန်တိုင်းအချင်းဝက် မိုင် ၁၀၀ ကျော်၊ လေတိုက်နှုန်း မိုင် ၁၀၀ ကျော်ရှိသော နာဂစ်မုန်တိုင်းကြီးသည် အင်အားကြီးမားလှသည်။ မေ ၁ ရက်နှင့် ညဦးပိုင်းအထိ ဧရာဝတီနှင့်ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြည်သူများ အမှုမဲ့အမှတ်မဲ့နေခဲ့ကြသည်။ တာဝန်ရှိသူများကလည်း မည်သည့်အရာမှ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားခြင်းမရှိချေ။ အချိန်ကာလအားဖြင့် တစ်ရက်တာမျှ အချိန်ရသော်လည်း ကြိုတင်ပြင်ဆင်မှုအားနည်းခဲ့သဖြင့် လူအသေအပျောက်များပြားခဲ့ခြင်းဖြစ်သည်။

ယင်းသည် မြန်မာနိုင်ငံအတွက် သင်ခန်းစာယူစရာဖြစ်သည်။ အတွေ့အကြုံမရှိသောကြောင့်ဟု ဆင်ခြေပေးနိုင်သော်လည်း မျက်မှောက်ကာလတွင် မြန်မာနိုင်ငံအတွက် သဘာဝဘေးနှင့်ပတ်သက်၍ အတွေ့အကြုံများ များစွာ ရရှိခဲ့ပြီဖြစ်သည်။ ယခုအခါ သဘာဝဘေးအစီအမံများလည်း ရေးဆွဲထားပြီးဖြစ်သည်။ မည်သည့်သဘာဝဘေးမဆို မဖြစ်ခင်က ကြိုတင်ကာကွယ်ပြင်ဆင်ဆောင်ရွက်ခြင်းသည်သာ အကောင်းဆုံးဖြစ်သည်။ ။

## ကော့စတစ်ဆိုဒါစက်ရုံ(သထုံ) စီမံကိန်းပြီးစီးပါက ဒေသခံများကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်

**နေပြည်တော် နိုဝင်ဘာ ၂၈**

မွန်ပြည်နယ် သထုံမြို့နယ် အင်းရှည်ရွာအနီးရှိ ကော့စတစ်ဆိုဒါစက်ရုံ(သထုံ) စီမံကိန်းပြီးစီးပါက ဒေသခံများကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်သည့်အပြင် ဒေသခံဆားတောင်သူများ၏ အခက်အခဲများကိုလည်း ဖြေရှင်းပေးနိုင်မည်ဖြစ်ပြီး ပြည်တွင်းရှိ အထည်အလိပ်နှင့် ဆေးဆိုးပန်းရိုက်လုပ်ငန်း၊ ဓာတုပစ္စည်းများထုတ်လုပ်သည့်လုပ်ငန်း၊ ဆပ်ပြာနှင့် ဆပ်ပြာမှုန့် လုပ်ငန်းများတွင် ပြည်တွင်းလိုအပ်ချက်ဖြစ်သည့် ဓာတုကုန်ပစ္စည်းများကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကာ ပိုလျှံသောဓာတုကုန်ပစ္စည်းများကို ပြည်ပဈေးကွက်သို့ ရောင်းချဖြန့်ဖြူးနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစက်ရုံစီမံကိန်း ပြီးစီးသွားပါက ပြည်တွင်းဈေးကွက်အသုံးပြုသည်ထက် ပိုမိုထုတ်လုပ်နိုင်သည့်အတွက် ပြည်ပသို့တင်ပို့နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရန်နှင့် ထွက်ရှိလာမည့် ကုန်ချောများဖြန့်ဖြူးရောင်းချမည့်အစီအမံများကိုလည်း စီမံထားရန်လိုကြောင်းနှင့် စက်ရုံမှထွက်ရှိသည့် ကော့စတစ်ဆိုဒါရည်များကို သုံးစွဲသူများ အဆင်ပြေစွာ သုံးစွဲနိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ပေးရန်လိုအပ်ကြောင်း နိုဝင်ဘာ ၂၆ ရက်က စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က စက်ရုံစီမံကိန်းရှင်းလင်းဆောင်၌ ပြောကြားခဲ့သည်။

ကော့စတစ်ဆိုဒါစက်ရုံ (သထုံ) စီမံကိန်းပြီးစီးပါက တစ်နှစ်လျှင် 50% Caustic Soda Aqueous (NaOH) ၃၇၁၉ တန်၊ 99% Caustic Soda Fake (NaOH) တန် ၂၀၀၀၀၊ 31% Hydrochloric Acid (HCL) ၁၇၀၃၂ တန်၊ 10% Sodium Hypochloride (NaCIO) တန် ၂၀၈၀၊ Bleaching Power (Ca(CIO))2 တန် ၂၀၀၀၀ နှင့် Poly Aluminium Chloride(PAC) တန် ၂၀၀၀၀ တို့အား ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**






**နောက်နှစ်ရက် ခန့်မှန်းချက်**

**တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။**

## တစ်နှစ်ပတ်လုံးတွင်တွင်ကျယ်ကျယ်လုပ်ကိုင်ကာ ဒေသခံများ အပိုဝင်ငွေကောင်းလျက်ရှိသည့် ဝန်းသိုမြို့နယ်က ဝါးနှီးခမောက်ရက်လုပ်ငန်း

**ဝန်းသို နိုဝင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကင်းမြင်သာအုပ်စု ခပ်ချိုကျေးရွာတွင် ဒေသခံတောင်သူများ နေပူမိုးရွာခေါင်းဆောင်း အကာအကွယ်အဖြစ်အသုံးပြုသော ဝါးနှီးခမောက်များ ရက်လုပ်သည့်လုပ်ငန်းကို တစ်နှစ်ပတ်လုံး တွင်တွင်ကျယ်ကျယ် လုပ်ကိုင်ကြကြောင်း သိရသည်။

ခပ်ချိုကျေးရွာတွင် ဝါးနှီးခမောက်ရက်သောလုပ်ငန်းသည် ရှေးယခင်ကပင်လုပ်ကိုင်ခဲ့သည်ဟု သိရပြီး ခမောက်ရက်ရာတွင် ဝါးကိုခွဲခြမ်းစိတ်ဖြာ၍ ပြန်လည်ရက်လုပ်ပုံဖော်ခြင်းဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ခမောက်မှာ ပုံစံကျပြီး ပို၍အသုံးခံသောကြောင့် လူကြိုက်များကြောင်း သိရသည်။

ဦးစွာ ခမောက်များကိုပုံစံကျအောင် အကြမ်းပြင်ခြင်း၊ စိတ်ပြီးသပ်ပြီးဖြစ်သော နှီးဖြင့်စ၍ဇွဲလှည့်ခြင်း၊ ခွေတံတင်ခြင်း၊ ပတ်ပင်ထည့်ခြင်း၊ အနားသတ်ခြင်း စသည်တို့ အဆင့်ဆင့်လုပ်ဆောင်ရသည်။

ခမောက်အပေါ်တွင် ပန်းအလှများ ပန်းချီရေးဆွဲထားသည့် ခမောက်အပြန့် အလှဆောင်းတစ်လုံးလျှင် ငွေကျပ် ၉၀၀၊ ခမောက်အကြမ်း တစ်လုံးလျှင် ငွေကျပ် ၅၀၀ တို့ဖြင့်ရောင်းချကြသည်။ ခမောက်ရက်လုပ်ရန်အတွက် အခြားလိုအပ်သော နှီး၊အပ်ချည်ကြိုး၊ ပလတ်စတစ်များ၏ ကုန်ကျစရိတ်ရှိကြောင်းလည်း သိရသည်။

ခပ်ချိုကျေးရွာမှ ရက်လုပ်သော ခမောက်များမှာ မိုးလုံ၊ရေလုံအောင် ပလတ်စတစ်များခံကာ နှစ်ထပ်ချုပ်ထားသဖြင့် ကြာရှည်အသုံးခံခြင်းကြောင့် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးရှိ ခမောက်ရောင်းဝယ်ရေးဆိုင်များသို့ ထုပ်ပိုးကာ ရထားဖြင့် ပို့ဆောင်ပေးရကြောင်း၊ တစ်နှစ်ပတ်လုံးတွင် မိုးစပါးစိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်တွင် ခဏတာရပ်နားကြပြီး အားလပ်သောအချိန်များ၌ အချိန်ကိုအကျိုးရှိစွာ အသုံးချ၍ မိသားစုတစ်ပိုင်တစ်နိုင် လုပ်ကိုင်နိုင်သောလုပ်ငန်းဖြစ်ခြင်းကြောင့် အပိုဝင်ငွေရှိသော လုပ်ငန်းတစ်ရပ်ဖြစ်သည်။ **(စိုင်းလူမင်း)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ခင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(မိုးရွာ)
အထူးသတင်းထောက် - ဆုနှင်းလှဲ၊ သီရိ

# နိုင်ငံရေးဆွေးနွေးပွဲများစတင်နိုင်ရန်အတွက် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်(မူကြမ်း) ရေးဆွဲရေးကော်မတီ ဒုတိယနေ့အစည်းအဝေး ဆက်လက်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၈

**နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် (မူကြမ်း) ရေးဆွဲရေးကော်မတီ၏ ဒုတိယနေ့အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန(MPC) တွင် ဆက်လက်ကျင်းပသည်။**



အစည်းအဝေးတွင် နိုင်ငံတော်အစိုးရအစုအဖွဲ့မှ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက နိုင်ငံရေးဆွေးနွေးပွဲကို အခြေခံကောင်းများနှင့် စတင်နိုင်အောင် မိမိတို့ဆောင်ရွက်မည်ဆိုသည်ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် နိုင်ငံရေးပါတီအစုအဖွဲ့များအား ပြောကြားလိုကြောင်း၊ ဇန်နဝါရီ တတိယပတ်ခန့်တွင် လွှတ်တော်အသစ်ပြန်စနိုင်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအားလုံးကို အစိုးရသစ်သို့ ဆက်လက်လုပ်ကိုင်နိုင်ရန် လွှဲပေးရမည်ဖြစ်ကြောင်း၊ NCA စာချုပ်ကို မလွန်ဆန်သည့်ကိစ္စမှန်သမျှ မိမိတို့က သဘောတူပေးမည်ဖြစ်ပြီး အစည်းအဝေး ပထမနေ့တွင် ခေါင်းစဉ် ၁၀ ခု သတ်မှတ်ခဲ့ပြီး အောင်မြင်အောင် ဆောင်ရွက်ပေးခဲ့ကြသည့် အစုအဖွဲ့အားလုံးကို ကျေးဇူးတင်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့မှ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)၏ အထူးအကြံပေး စိုင်းခွန်မိန်းနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့မှ ဦးစိုင်းကျော်ညွန့်တို့က အမှာစကား ပြောကြားကြသည်။

ဒုတိယနေ့အစည်းအဝေး၌ မူကြမ်းတွင် ပါဝင်ရမည့်အခြေခံအချက် (၁၀) ချက်၊ နိုင်ငံရေးဆွေးနွေးပွဲလုပ်ငန်းစဉ်တွင်ပါဝင်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် ပါဝင်ရမည့်လူဦးရေဆွေးနွေးရမည့် အကြောင်းအရာ၊ ဆုံးဖြတ်ချက်ရယူရမည့်ပုံစံနှင့် ဆွေးနွေးပွဲကို စီမံခန့်ခွဲမည့်ပုံစံစသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာန(MPC) မှ ဦးအောင်နိုင်ဦးက "နိုင်ငံရေးဆွေးနွေးပွဲလုပ်ငန်းစဉ်မှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံဆိုတာရှိပါတယ်။ ညီလာခံကျင်းပရင် ပါဝင်ရမယ့် လူဦးရေကိုဆွေးနွေးတယ်။ ၅၀၀ ပါဝင်မလား။ ၁၀၀၀ ပါဝင်ရမလားပေါ့။ ဆုံးဖြတ်ချက်တော့ မချမှတ်ရသေးပါဘူး"ဟု ဆွေးနွေးပွဲအပြီးတွင် ပြောကြားသည်။

လက်ရှိပြုလုပ်နေသည့် ဆွေးနွေးပွဲသည် မူကြမ်းရေးဆွဲရာတွင် ပါဝင်ရမည့် အကြောင်းအရာများကို မူဘောင် (Frame) ချမှတ်နိုင်ရန် ဆွေးနွေးကြခြင်းဖြစ်သည်။ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်တွင် (၁) နိဒါန်း၊ (၂) ရည်ရွယ်ချက်၊ (၃) အခြေခံမူများ၊ (၄) နိုင်ငံရေးဆွေးနွေးမှုလုပ်ငန်းစဉ်များ၊ (၅)နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်စုဖွဲ့မှု၊ (၆) နိုင်ငံရေးဆွေးနွေးပွဲများတွင် ဆွေးနွေးမည့် အကြောင်းအရာများ၊ (၇) နိုင်ငံရေးဆွေးနွေးပွဲများတွင် သဘောတူဆုံးဖြတ်ချက်ချမှတ်ခြင်း၊ (၈) နိုင်ငံရေးဆွေးနွေးပွဲများကို စီမံခန့်ခွဲခြင်း၊ (၉) ပြည်ထောင်စု သဘောတူစာချုပ်ချုပ်ဆိုအတည်ပြုခြင်းနှင့် အကောင်အထည်ဖော်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် (၁၀) အထွေထွေ စသည့် အခန်းများ ပါဝင်သည်။

တိုင်းရင်းသားလက်နက်ကိုင် အစုအဖွဲ့ကိုယ်စား မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) မှ ဒုတိယဥက္ကဋ္ဌ ရဲဘော်မျိုးဝင်းက "ဆွေးနွေးညှိနှိုင်းဖို့အတွက် သဘောထားတွေရရှိပြီးရင် အစုအဖွဲ့တစ်ခုနဲ့ မူကြမ်းရေးဆွဲဖို့ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

လက်ရှိတွင် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် (မူကြမ်း)ရေးဆွဲရေးအတွက် ကော်မတီဝင်များထံမှ အမြင်သဘောထားများဖြင့် ဆွေးနွေးညှိနှိုင်းလျက်ရှိပြီး ရရှိမှုများကို UPDJC ၏ ၄၈ ဦးကော်မတီထံ တင်ပြသွားမည်ဖြစ်ကြောင်း၊ ယင်းနောက် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများဖြင့် စုဖွဲ့ထားသည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) သို့ တင်သွင်းအတည်ပြုမည်ဖြစ်ကြောင်း ရဲဘော်မျိုးဝင်းထံမှ သိရသည်။

ယခင် အလွတ်သဘော ကြိုတင်ရေးဆွဲထားသည့် နိုင်ငံရေးမူဘောင်များနှင့်စပ်လျဉ်းပြီး "ရှိပြီးသားကိုယ့်ရဲ့မူဘောင်ကိုပဲ ဖက်တွယ်မထားဘဲနဲ့ မူဘောင်အားလုံးဟာ ကိုးကားရမယ့် မူဘောင်အဖြစ်သတ်မှတ်မယ်ဆိုတဲ့ပုံစံနဲ့ မူဘောင်အားလုံးကို ကိုးကားရမှာပါ"ဟု နိုင်ငံရေးပါတီအစုအဖွဲ့ ကိုယ်စားလှယ်ဖြစ်သူ ဦးစိုင်းကျော်ညွန့်က ပြောသည်။

ယနေ့ အစည်းအဝေးသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)တွင် ပါဝင်သည့် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ လွှတ်တော်အစုအဖွဲ့၊ တိုင်းရင်းသား လက်နက်ကိုင်အစုအဖွဲ့နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့တို့မှ သက်ဆိုင်ရာကိုယ်စားလှယ်များ တက်ရောက်ကြသည်။

နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာမူဘောင် (မူကြမ်း) တတိယနေ့ အစည်းအဝေးကို နိုဝင်ဘာ ၃၀ ရက် (တနင်္လာနေ့) တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဆွေးနွေးပွဲသည် လေးရက်ခန့်ကြာမြင့်နိုင်ကြောင်း MPC မှ သိရသည်။

**(သတင်း- ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်၊ ဓာတ်ပုံ- ဖိုးထောင်)**

✱ ရှေ့ဖုံးမှ

အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တောင်ပြိုမှုကြောင့် သဘာဝဘေးသင့်ခဲ့သည့် ဟားခါးမြို့တွင်လည်း မြေနေရာအသစ်များ ဖော်ထုတ်၍ နေအိမ်သစ်များ ပြန်လည်တည်ဆောက်ပေးလျက်ရှိရာ ယခုအခါ လူနေအိမ် ၆၇ လုံး တည်ဆောက်ပြီးစီးပြီး ကျန်အိမ်ရာများကိုလည်း ဆက်လက်အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည်။ ဟားခါးမြို့နယ်အနေဖြင့် ပြန်လည်တည်ဆောက်ပေးရန် လူနေအိမ် ၄၀၀ ကျော်ရှိပြီး အဆိုပါ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ကာ ယခုပွင့်လင်းရာသီတွင် လုပ်ငန်းများပြီးပြတ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၉**

အက်စ်တိုးနီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင် တာလင်မြို့၌ အက်စ်တိုးနီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုးမတ်စ် ဟန်ဒရစ် အေးလ်ဗက်စ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

# ပြည်တွင်းရှိ ဟိုတယ်ဝန်ဆောင်မှုနှင့် အင်ဂျင်နီယာသင်တန်းကျောင်းများတွင် တက်ရောက်သူများပြားလာ

**ရန်ကုန် နိုဝင်ဘာ ၂၈**

ဖွံ့ဖြိုးတိုးတက်မှုများရှိလာသည့် မြန်မာနိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာသည့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ဘာသာရပ်များနှင့် အင်ဂျင်နီယာ ဘာသာရပ်ဆိုင်ရာ သင်တန်းများကို ပြည်တွင်းရှိ အစိုးရအသိအမှတ်ပြုကျောင်းများတွင် တက်ရောက်သူ များပြားလာကြောင်း သိရသည်။

နိုင်ငံရေးအခြေအနေ တည်ငြိမ်အေးချမ်းလာသည်နှင့် နိုင်ငံတကာ ဧည့်သည်များလာရောက်မှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာရာ ဟိုတယ်အသစ်များ အပြိုင်အဆိုင် ရင်းနှီးမြှုပ်နှံတည်ဆောက်ခြင်း၊ တိုးချဲ့အဆင့်မြှင့်တင်ခြင်း၊ စီးပွားရေး အဆောက်အအုံများ၊ ရုံးခန်းများနှင့် အထပ်မြင့် လူနေအိမ်များ၊ အဆင့်မြင့်အိမ်ရာများ တည်ဆောက်ခြင်းတို့အပါအဝင် ဟိုတယ်နှင့် ခရီးသွားကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍတို့တွင် အလုပ်အကိုင်အခွင့်အလမ်းများစွာ ပေါ်ထွက်လာသည်ဟု သိရသည်။

ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ဘာသာရပ်များ၊ သင်တန်းကျောင်းများကို ပြည်တွင်း၌ ဖွင့်လှစ်ထားပြီး အစိုးရအသိအမှတ်ပြုကျောင်းများနှင့် နိုင်ငံခြားမှ အသိအမှတ်ပြုကျောင်းများတွင် တက်ရောက်မှု ပိုမိုများပြားလာပြီး နိုင်ငံတွင်း၌သာမက ဒေသတွင်းနိုင်ငံများတွင်လည်း အသိအမှတ်ပြု အလုပ်အကိုင်အခွင့်အလမ်းများရရှိစေသောကြောင့်ဖြစ်သည်ဟု သိရသည်။ အလားတူ အင်ဂျင်နီယာ ဘာသာရပ်များကိုလည်း ယခင်က ပြည်ပတွင် သွားရောက်သင်ယူလျက်ရှိရာမှ ပြည်တွင်း၌ အစိုးရအသိအမှတ်ပြု ကျောင်းများ၊ စင်ကာပူနိုင်ငံအစိုးရအသိအမှတ်ပြုကျောင်းများ ဖွင့်လှစ်လာသည့်အတွက် စိတ်ဝင်စားမှုများ များပြားလာသည်ဟု သိရသည်။

"ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းကောင်းလာတာနဲ့ ဒီကဏ္ဍမှာ ကျွမ်းကျင်ဝန်ထမ်းလိုအပ်ချက်ကလည်း များလာပါတယ်။ ဟိုတယ်အသစ်တွေဖွင့်လာသလို အဟောင်းတွေကလည်း အသစ်တိုးချဲ့အဆင့်မြှင့်တင်တာတွေ လုပ်လာတယ်။ အရင်က ပြည်တွင်းက ဟိုတယ်တွေမှာ အလုပ်သင်သဘောနဲ့ အလုပ်ဝင်လုပ်တော်တဲ့သူတွေကို ဟိုတယ်က အမြဲတမ်းဝန်ထမ်းအဖြစ်ခန့်ပေါ့။ ခရီးသွားနည်းပြီး ခက်ခဲတဲ့ကာလတွေတုန်းကတော့ ဝန်ထမ်းမခန့်နိုင်ကြတော့ စင်ကာပူတို့၊ ဒူဘိုင်းတို့ကိုထွက်ပြီး အလုပ်လုပ်ကြတယ်။ အတွေ့အကြုံယူကြတယ်။ အခုတော့ ပြည်တွင်းမှာတင် လိုအပ်ချက်ရှိနေတော့ အလုပ်အကိုင်အခွင့်အလမ်းကောင်းလာတယ်လို့ ပြောလို့ရပါတယ်"ဟု နိုင်ငံတကာ ဟိုတယ်လုပ်ငန်းအတွေ့အကြုံရှိ ဟိုတယ်ဝန်ထမ်းတစ်ဦးက ပြောသည်။

ယင်းသို့သော သင်တန်းကျောင်းများတွင် စိတ်ပါဝင်စားစွာ တက်ရောက်လိုသူ များပြားလာသည့်အပြင် ဟိုတယ်ကြီးများအနေဖြင့် အစိုးရအသိအမှတ်ပြုကျောင်းများနှင့် ချိတ်ဆက်ကာ အလုပ်အကိုင်အခွင့်အလမ်းပေးခြင်း၊ အတွေ့အကြုံများ အပြန်အလှန် မျှဝေသင်ကြားပေးခြင်းတို့ကို တွဲဖက်ပြုလုပ်လာသည့်အတွက် သင်တန်းသား သင်တန်းသူများအတွက် အတွေ့အကြုံနှင့် အခွင့်အလမ်းကောင်းများကိုလည်း ရရှိစေသည်ဟု သိရသည်။

ရန်ကုန်မြို့၏ အထင်ကရ ဟိုတယ်ကြီးတစ်ခုဖြစ်သော ဆီဒိုးနားဟိုတယ်အနေဖြင့် နိုဝင်ဘာ ၂၃ ရက်က စင်ကာပူအခြေစိုက် Singapore-Myanmar Vocational Training Institute နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးကာ သင်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအတွက် ပိုမိုကောင်းမွန်သော အခွင့်အလမ်းများ၊ သင်ယူမှုများ၊ ကျွမ်းကျင်မှုများရရှိစေရန် ပူးပေါင်းဆောင်ရွက်သွားမည်ဟု သိရသည်။

"မြန်မာနိုင်ငံဟာ စီးပွားရေးတိုးတက်မှုတွေ ရရှိလာလိမ့်မယ်လို့ မျှော်မှန်းထားပြီး ခရီးသွားကဏ္ဍမှာဆိုရင်လည်း ၂၀၁၅ မှာ ကမ္ဘာလှည့်ခရီးသည် ၅ သန်း၊ ၂၀၂၀ မှာ ခရီးသည် ၇ ဒသမ ၅ သန်း ရောက်ရှိလာမယ်လို့ မျှော်မှန်းထားတယ်။ ဒါကြောင့် ဟိုတယ်လိုအပ်ချက်တွေ မြင့်မားလာမှာဖြစ်သလို လာရောက်မယ့် ဧည့်သည်တွေအတွက် ဝန်ဆောင်မှုတွေကိုလည်း ပြည့်မီအောင်ပေးနိုင်ဖို့ လိုအပ်ပါတယ်"ဟု ဆီဒိုးနားဟိုတယ်(ရန်ကုန်)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဆီဒိုးနားဟိုတယ်(မန္တလေး) အနေဖြင့်လည်း အလုပ်အကိုင်နှင့် သင်တန်းပေးအပ်ခဲ့သူ ဝန်ထမ်းပေါင်း ၁၀၀၀ ကျော်ရှိခဲ့ပြီး ၉၈ ရာခိုင်နှုန်းကျော်မှာ မြန်မာနိုင်ငံသား ဖြစ်ကြောင်း သိရသည်။ ယခု Singapore-Myanmar Vocational Training Institute နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး ပူးပေါင်းဆောင်ရွက်လိုက်သည့်အတွက် ဟိုတယ်နှင့် ခရီးသွားကဏ္ဍတွင် မြန်မာလူငယ်များအတွက် အလုပ်အကိုင်အခွင့် အလမ်းကောင်းများ ရရှိလာနိုင်သည်ဟု သိရသည်။

**(ဝဝ၁)**

# ဧရာဝတီတံတား (မကွေး) ရေလမ်းပြောင်းလဲမည်

**နေပြည်တော် နိုဝင်ဘာ ၂၈**

ဧရာဝတီမြစ်ကူး ဧရာဝတီတံတား(မကွေး) ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၃)နှင့် (၄)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၂)နှင့် (၃)အကြားမှ လည်းကောင်း ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေနည်းကာလသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ရေလမ်းကြောင်း အခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို နိုဝင်ဘာ ၃၀ ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၁၇)နှင့် (၁၈)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၁၆)နှင့် (၁၇) အကြားမှလည်းကောင်း ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်း၏ ကင်းလွတ်အကျယ်မှာ မီတာ ၁၁၀ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံး ရေမျက်နှာပြင်အထက် ၁၇ မီတာရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားမည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင် ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားသည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင် နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် သတင်းထုတ်ပြန်ထားသည်။

**(ကြေးမုံ)**

# စစ်လေယာဉ်ပစ်ချခံရမှုရှင်းလင်းချက်ပေးရန် ရုရှားက တူရကီကို တောင်းဆို

**အစ္စတန်ဘူလ် နိုဝင်ဘာ ၂၈**

မိမိ၏ စစ်လေယာဉ်တစ်စင်း ပစ်ချခံခဲ့ရခြင်းအတွက် အကျိုးအကြောင်းခိုင်လုံမှုရှိသော ရှင်းလင်းချက်ပေးရန် ရုရှားနိုင်ငံက တူရကီနိုင်ငံကို တောင်းဆိုလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက နိုဝင်ဘာ ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ရုရှားနိုင်ငံသည် တူရကီနိုင်ငံကို စီးပွားရေးအရ ပြစ်ဒဏ်ခတ်သည့် နည်းလမ်းဖြင့်လည်း လက်တုံ့ပြန်မည်ဟု ခြိမ်းခြောက်ခဲ့သည်။ သို့ရာတွင် ရုရှားနိုင်ငံက စိတ်လိုက်မာန်ပါ ခြိမ်းခြောက်ခြင်းသာဖြစ်သည်ဟု တူရကီနိုင်ငံက ဝေဖန်ပြောကြားသည်။

တူရကီနိုင်ငံသည် ဆီးရီးယားနိုင်ငံရှိ အစ္စလာမ့်စ်အကြမ်းဖက်သမားများ(အိုင်အက်စ်အဖွဲ့)ထံမှ ရေနံနှင့် ဓာတ်ငွေ့ကိုဝယ်ယူခဲ့သည်ဟု ရုရှားနိုင်ငံက စွပ်စွဲခဲ့သည်။


အိုင်အက်စ်အဖွဲ့၏ ဘဏ္ဍာရေးနှင့် စစ်ရေးစွမ်းပကား အဓိကမှီတည်ရာမှာ အမှန်တကယ်အားဖြင့် ဆီးရီးယားသမ္မတ ဘရှားအယ်လ်အာဆတ်နှင့် ရုရှားနိုင်ငံတို့သာလျှင်ဖြစ်သည်ဟု တူရကီသမ္မတ တေယစ် အာဒိုဂန်က ဝေဖန်ပြောကြားခဲ့သည်။

ရုရှား ဂျက်တိုက်လေယာဉ်တစ်စင်းကို တူရကီလေတပ်က နိုဝင်ဘာ ၂၄ ရက်တွင် ပစ်ချခဲ့ခြင်းကြောင့် နေတိုးအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံနှင့် ရုရှားနိုင်ငံအကြား အပြင်းထန်ဆုံး တင်းမာမှုဖြစ်ပေါ်ခဲ့ရသည်။ ၎င်းအပြင် အိုက်အက်စ်အဖွဲ့ကို ချေမှုန်းနေသော နိုင်ငံတကာကြိုးပမ်းအားထုတ်မှုများတွင် အရှုပ်အထွေးများ ဖြစ်ပေါ်စေခဲ့သည်။

တူရကီနှင့် ရုရှားအကြား လေကြောင်းခရီးစဉ်များ ပျံသန်းခြင်းကို ကန့်သတ်ခြင်း၊ ပူးတွဲကုန်သွယ်ရေးဇုန် ထူထောင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှုများကို ရပ်ဆိုင်းထားခြင်း၊ ဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်ရေးနှင့် အဏုမြူဓာတ်အားပေးစက်ရုံ ထူထောင်ရေးတို့ကဲ့သို့သော စီမံကိန်းကြီးများကို ရပ်ဆိုင်းလိုက်ခြင်း စသည်ဖြင့် ရုရှားနိုင်ငံက စီးပွားရေးပြစ်ဒဏ်ခတ်မှု ပြုလုပ်လာနိုင်ကြောင်း တူရကီစီးပွားရေးဝန်ကြီး အလက်ဇီယူလူကာယေ့က ပြောကြားသည်။

**ရိုက်တာ။**





# ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ခိုင်ဘာဒေသတွင် လေကြောင်းမှ စီးနင်းတိုက်ခိုက်၍ စစ်သွေးကြွ ၁၇ ဦးထက်မနည်းသေဆုံး

**အစ္စလမ္မာဘတ် နိုဝင်ဘာ ၂၈**

ပါကစ္စတန် တပ်မတော်က လေကြောင်းမှ စီးနင်းတိုက်ခိုက်မှုတစ်ရပ် စတင်ပြုလုပ်ခဲ့ခြင်းကြောင့် ခိုင်ဘာရှိ လူမျိုးနွယ်စုများနေထိုင်ရာဒေသတွင် စစ်သွေးကြွလက်နက်ကိုင်အဖွဲ့ဝင် ၁၇ ဦးထက်မနည်းသေဆုံးခဲ့ကြောင်း ပါကစ္စတန်စစ်ဘက်မှ ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

ပါကစ္စတန်လေတပ် ဂျက်တိုက်လေယာဉ်များအား ကျောထောက်နောက်ခံအဖြစ်ထားရှိသော တပ်ဖွဲ့များက အာဖဂန်နစ္စတန်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် ခိုင်ဘာဒေသမှ စစ်သွေးကြွစခန်းအချို့အား စီးနင်းတိုက်ခိုက်ရာ၌ တိုက်လေယာဉ်များ၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ယင်းစစ်သွေးကြွများ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

သေဆုံးသွားသည့် စစ်သွေးကြွလက်နက်ကိုင်များမှာ မည်သည့်အဖွဲ့အစည်းဝင်များဖြစ်ကြောင်း ဖော်ပြခြင်းမရှိသော်လည်း ယင်းဒေသမှာ မတရားသင်းအဖြစ် ကြေညာထားသည့် လက်ရှ်ခါအိုင်အစ္စလာမ်အဖွဲ့နှင့် သာရက်ခ်အိုင်တာလီဘန်အဖွဲ့တို့ အခြေပြုအားကောင်းသည့် ဒေသဖြစ်သည်။

မကြာသေးမီက ပါကစ္စတန်စစ်ဘက်က လေကြောင်းထိုးစစ်ဆင်ခဲ့သည့် ယင်းဒေသမှာ ခိုင်ဘာစစ်ဆင်ရေး၏ အစိတ်အပိုင်းတစ်ရပ်လည်းဖြစ်သည်။

ယမန်နှစ် အောက်တိုဘာလအတွင်းက စတင်ပြုလုပ်ခဲ့သည့် ပါကစ္စတန်စစ်ဘက်၏ ခိုင်ဘာဒေသစစ်ဆင်ရေးမှာ ယင်းဒေသအတွင်း တာလီဘန်စစ်သွေးကြွများ အမြစ်ပြတ်ချေမှုန်းရေးအတွက် ရည်ရွယ်လုပ်ဆောင်နေခြင်းဖြစ်သည်။ အဆင့်နှစ်ဆင့်ဖြင့် ဆောင်ရွက်သော ပါကစ္စတန်စစ်ဘက်၏ ခိုင်ဘာစစ်ဆင်ရေးအတွင်း စစ်သွေးကြွ ၅၀၀ ကျော်အား သုတ်သင်ချေမှုန်းနိုင်ခဲ့ပြီး စစ်သွေးကြွ ၄၀၀ ကျော်မှာ ပါကစ္စတန်တပ်ဖွဲ့များထံ လက်နက်များချအပ်ခဲ့ကြောင်း ဒေသတွင်းသတင်းဌာနများက ဖော်ပြသည်။

**ဆင်ဟွာ။**



ပါကစ္စတန် တပ်မတော်က လေကြောင်းမှ စီးနင်းတိုက်ခိုက်မှုဆင်နွှဲနေသည်ကို တွေ့ရစဉ်။

## မော်ရိုကိုနိုင်ငံ သတင်းနှင့် ဆက်သွယ်ရေးလမ်းကြောင်းဆိုင်ရာ အချက်အလက်များ ခိုးယူသူများအား ဖမ်းဆီး

**ရာဘတ် နိုဝင်ဘာ ၂၈**

မော်ရိုကိုနိုင်ငံ၏ သတင်းနှင့် ဆက်သွယ်ရေးလမ်းကြောင်းဆိုင်ရာ အချက်အလက်များကို ခိုးယူနှောင့်ယှက်ခဲ့သူသုံးဦးအား မော်ရိုကိုရဲအရာရှိများက ယနေ့ဖမ်းဆီးလိုက်ပြီဖြစ်ကြောင်း ဒေသန္တရသတင်းများအရ သိရသည်။

အဆိုပါ ဖမ်းဆီးရမိသူသုံးဦးအနက် နှစ်ဦးသည် အိုင်အက်စ်စစ်သွေးကြွအဖွဲ့နှင့် ပတ်သက်မှုများရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဆိုသည်။


နိုဝင်ဘာ ၁၃ ရက် ပါရီအကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားခဲ့သည့်အချိန်ကစပြီး ယခုအချိန်အထိ အကြမ်းဖက်မှုများလုပ်ဆောင်ရန် ကြိုးပမ်းလျက်ရှိသော ယင်းတို့သုံးဦးအပါအဝင် အိုင်အက်စ်စစ်သွေးကြွအဖွဲ့ဝင်များကို ၎င်းတို့က ထုတ်ဖော်ပြောကြားခဲ့ကြသည်။ ပြည်ထဲရေးဝန်ကြီးဌာန၏ထုတ်ပြန်ကြေညာချက်အရ ၎င်းတို့သုံးဦးပါဝင်သော အကြမ်းဖက်အုပ်စုမှာ မော်ရိုကိုနိုင်ငံအရှေ့မြောက်ဘက်ရှိ အူဂျ်ဒါမြို့တွင် လှုပ်ရှားနေကြောင်း သိရသည်။

မော်ရိုကိုနိုင်ငံ၏ သတင်းနှင့်ဆက်သွယ်ရေးအချက်အလက်များ ခိုးယူနှောင့်ယှက်မှုတွင်ပါဝင်ခဲ့သူသုံးဦးအနက် နှစ်ဦးသည် တူရကီနိုင်ငံသားများဖြစ်ပြီး နောက်ဆုံးပေါ်နည်းပညာသုံးကိရိယာများကို အသုံးပြုခဲ့ကြောင်း သိရသည်။

အဆိုပါတူရကီနိုင်ငံသားနှစ်ဦးသည် အိုင်အက်စ်စစ်သွေးကြွအဖွဲ့ဝင်များဖြစ်ပြီး ၎င်းတို့အနက်တစ်ဦးသည် ဆီးရီးယားနိုင်ငံ အခြေစိုက်စခန်းတွင် စစ်ပညာရပ်ကို သင်ယူခဲ့ပြီး ဆီးရီးယားအစိုးရနှင့်တိုက်ခိုက်ရေးဆင်နွှဲရာတွင် ပါဝင်ခဲ့ကြောင်း အာဏာပိုင်များ၏ စုံစမ်းစစ်ဆေးချက်များအရ သိရသည်။

မော်ရိုကိုစစ်တပ်ဖွဲ့အင်အား ၁၅၀၀ ဝန်းကျင်ခန့်သည် ဆီးရီးယားနှင့်အီရတ်နိုင်ငံများတွင် စစ်သွေးကြွများအား တိုက်ခိုက်ရေးဆင်နွှဲလျက်ရှိကြောင်း အာဏာပိုင်များကဆိုသည်။

**ရိုက်တာ။**



# နိုင်ဂျီးရီးယားနိုင်ငံတောင်ပိုင်းတွင် အသေခံဗုံးတစ်လုံးပေါက်ကွဲ၊ အနည်းဆုံးလူ ၂၁ ဦးသေဆုံး

**အဘူဂျာ နိုဝင်ဘာ ၂၈**

နိုင်ဂျီးရီးယားနိုင်ငံတောင်ပိုင်းတွင် အသေခံဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ အနည်းဆုံးလူ ၂၁ ဦးသေဆုံးခဲ့ပြီး အများအပြားထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သတင်းများအရ သိရသည်။

အဆိုပါဗုံးသည် ကန်နိုမြို့အနီးတွင် ပေါက်ကွဲခဲ့ပြီး ရှီးရိုက်မွတ်စလင်များကို ပစ်မှတ်ထားကာ ဖောက်ခွဲခဲ့ခြင်းဖြစ်သည်။ အသေခံဗုံးဖောက်ခွဲရေးသမားနှင့်အတူလိုက်ပါလာသည့် ကြံရာပါတစ်ဦးကို ရဲအရာရှိများက လက်ရဖမ်းဆီးခဲ့သည်။ ယင်းဗုံးဖောက်ခွဲရေးလုပ်ရပ်ကို ဘိုကိုဟာရမ်စစ်သွေးကြွများက ခိုင်းစေခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ထွက်ဆိုခဲ့သည်။ ဘိုကိုဟာရမ်စစ်သွေးကြွများက ၎င်းနှင့်အသေခံဗုံးဖောက်ခွဲခဲ့သူအား လွန်ခဲ့သောနှစ်က ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး စစ်သင်တန်းများ တက်ရောက်စေခဲ့ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

ဘိုကိုဟာရမ်စစ်သွေးကြွအဖွဲ့သည် အစ္စလာမ့်နိုင်ငံထူထောင်ရေးအိုင်အက်စ်စစ်သွေးကြွအဖွဲ့ကို သစ္စာခံသည့်အဖွဲ့ဖြစ်သည်။ နိုင်ဂျီးရီးယားအရှေ့မြောက်ဘက်နယ်မြေများကို ဘိုကိုဟာရမ်စစ်သွေးကြွအဖွဲ့က သိမ်းပိုက်ထားကြောင်း သိရသည်။

ယခုနှစ်အစောပိုင်းတွင် နိုင်ဂျီးရီးယားစစ်တပ်ဖွဲ့က ဘိုကိုဟာရမ်စစ်သွေးကြွများကို တိုက်ခိုက်ချေမှုန်းမှုများကြောင့် စစ်သွေးကြွအင်အား အနည်းငယ်လျော့ပါးသွားခဲ့သော်လည်း နှစ်အလယ်ပိုင်းလောက်တွင် စစ်သွေးကြွအဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုများ ပြန်လည်စတင်လာခဲ့ကြောင်းတွေ့ရှိရသည်။

**အင်န်အိတ်ချ်ကေ။**



# နေပြည်တော်ရှိ အားကစားရွာ၌ နိုင်ငံရေးဆွေးနွေးပွဲများပြုလုပ်ရန် လျာထား

**ရန်ကုန် နိုဝင်ဘာ ၂၈**

နိုင်ငံရေးဆွေးနွေးပွဲအား နေပြည်တော်ရှိ အားကစားရွာ၌ ပြုလုပ်ရန် စဉ်းစားထားကြောင်း နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် (မူကြမ်း) ရေးဆွဲရေးကော်မတီ၏ ဒုတိယနေ့အစည်းအဝေးတွင် သိရသည်။

နေပြည်တော်ရှိ အားကစားရွာ၌ပြုလုပ်ရန် စဉ်းစားထားကြောင်းကို "နိုင်ငံရေးဆွေးနွေးပွဲကို ကျွန်တော်တို့က နေပြည်တော်မှာရှိတဲ့ အားကစားရွာမှာ လုပ်ဖို့ စဉ်းစားထားပါတယ်။ အားကစားသမားတွေ တည်းဖို့အတွက် ပြင်ဆင်ထားတာက ယူနစ်တစ်ခုကို ၄၈၀ အထိဆံ့တယ်။ အစည်းအဝေးခန်းမနဲ့ အစည်းအဝေးတက်ရောက်မယ့်သူတွေ တည်းရမယ့်နေရာကလည်း နီးနီးနားနားရှိတယ်။ နိုင်ငံရေးဆွေးနွေးပွဲတွေကို အဲ့ဒီမှာလုပ်ရင် အဆင်ပြေနိုင်မှာဖြစ်လို့ စဉ်းစားကြည့်တာပါ"ဟု ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ပြောသည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ(NCA)စာချုပ်အား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းရှစ်ဖွဲ့သည် အောက်တိုဘာ ၁၅ ရက်တွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)(MICC-2)တွင် လက်မှတ်ရေးထိုးခဲ့သည်။ NCA စာချုပ်ပါအချက်များအရ လက်မှတ်ရေးထိုးပြီးနောက် ရက်ပေါင်း ၃၀ အတွင်း ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာကော်မတီ(JMC)ဖွဲ့စည်းရန်၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဖွဲ့စည်းရန်၊ ရက်ပေါင်း ၆၀ အတွင်း နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်ရန်အတွက် အခြေခံရမည့် မူဘောင်ရေးဆွဲအတည်ပြုရန်၊ ရက်ပေါင်း ၉၀ အတွင်း ပဋိပက္ခများကို နိုင်ငံရေးအရဖြေရှင်းရန်အတွက် နိုင်ငံရေးဆွေးနွေးပွဲကျင်းပရန် တို့ပါဝင်သည်။

NCA လက်မှတ်ရေးထိုးပြီးရက်ပေါင်း ၆၀ အတွင်း နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်ရန်အတွက် အခြေခံရမည့် မူဘောင်ရေးဆွဲအတည်ပြုရန်လိုအပ်သည်။ ထို့ကြောင့် အစုအဖွဲ့(၃)စုဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) သည် နိုင်ငံရေးဆွေးနွေးပွဲများစတင်နိုင်ရန်အတွက် ဒီဇင်ဘာ ၁၄ ရက်မတိုင်မီ ဆွေးနွေးမှုဆိုင်ရာမူဘောင်အား NCA စာချုပ်ပါ အချိန်သတ်မှတ်ချက်အတိုင်းရေးဆွဲအတည်ပြုရမည်ဖြစ်သည်။

လက်ရှိတွင် UPDJC မှ ဖွဲ့စည်းထားသည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ရေးဆွဲရေးကော်မတီမှ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် (မူကြမ်း)ကို NCA သတ်မှတ်ချက်တွင်ပါရှိသည့် ရက်ပေါင်း ၆၀ အတွင်း အချိန်မီပြီးစီးနိုင်ရန် လိုအပ်သည်။

"နိုင်ငံရေးဆွေးနွေးပွဲကို ဇန်နဝါရီ ၁၂ ရက်လောက်စဖြစ်ဖို့ မှန်းထားတယ်။ ဇန်နဝါရီ တတိယပတ်လောက်မှာ လွှတ်တော်အသစ်စမယ်။ လွှတ်တော်အသစ်ပြန်စရင် အနိုင်ရပါတီကနေ အစိုးရသစ်ဖွဲ့ဖို့၊ လွှတ်တော်ဥက္ကဋ္ဌသစ်၊ ဒုတိယဥက္ကဋ္ဌသစ်တွေဖွဲ့ဖို့ကိစ္စတွေ ဆက်လုပ်သွားပါမယ်။ အဲ့ဒါပြီးရင် ဒီတာဝန်တွေအားလုံးကို အစိုးရသစ်ကိုလွှဲပေးခဲ့မှာပါ"ဟု ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် (မူကြမ်း)ရေးဆွဲရေးကော်မတီ ဒုတိယနေ့အစည်းအဝေးတွင် ထည့်သွင်းပြောကြားခဲ့သည်။

**(ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်)**

## အာဆီယံနှင့် ဂျပန်လူငယ်များအား တစ်ညတာတည်းခိုနေထိုင်မည့် မြန်မာအိမ်ရှင်မိသားစုများနှင့် ချိတ်ဆက်ပေး

**ရန်ကုန် နိုဝင်ဘာ ၂၈**

(၄၂)ကြိမ်မြောက် အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်သင်္ဘောခရီးစဉ်တွင် လိုက်ပါလာသူ အာဆီယံနှင့် ဂျပန် ၁၁ နိုင်ငံတို့မှ တက္ကသိုလ်ကျောင်းသားလူငယ်မောင်မယ် ၃၃၀ တို့အား တစ်ညတာ တည်းခိုနေထိုင်ရန် မြန်မာအိမ်ရှင် မိသားစုများနှင့် ချိတ်ဆက်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာအေးအေးခိုင်က ခေတ္တတည်းခိုနေထိုင်ရန် လက်ခံကြမည့် မိသားစုဝင်များသိရှိနိုင်ရန် သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးသိမ်းကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် အာဆီယံနှင့် ဂျပန်လူငယ်သင်္ဘောခရီးစဉ်တွင် လိုက်ပါလာကြသည့် လူငယ်များအား တည်းခိုနေထိုင်ရန် လက်ခံကြမည့် မြန်မာအိမ်ရှင်မိသားစုများနှင့် ချိတ်ဆက်ပေးသည်။

**(သတင်းစဉ်)**

## အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များ သင်္ဘောခရီးစဉ်တွင် လိုက်ပါလာကြသည့် လူငယ်ခေါင်းဆောင်များနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တွေ့ဆုံ




**ရန်ကုန် နိုဝင်ဘာ ၂၈**

ဂျပန်အစိုးရ၏စီစဉ်မှုဖြင့် အရှေ့တောင်အာရှနိုင်ငံများသို့ လူငယ်များ လှည့်လည်လေ့လာသော (၄၂)ကြိမ်မြောက် အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များ သင်္ဘောခရီးစဉ်တွင် လိုက်ပါလာကြသည့် အာဆီယံနိုင်ငံများ၊ ဂျပန်နိုင်ငံမှ လူငယ်ခေါင်းဆောင်များနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၃)၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များ သင်္ဘောခရီးစဉ် အုပ်ချုပ်သူအရာရှိ၊ အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့မှ လူငယ်ခေါင်းဆောင်များနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ အပြန်အလှန် မိတ်ဆက်ကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ် ဦးမြင့်ဆွေက အဖွင့်အမှာစကား ပြောကြားရာတွင် (၄၂)ကြိမ်မြောက် အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များ၏ သင်္ဘောခရီးစဉ်အား လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ အဆိုပါ သင်္ဘောခရီးစဉ်သည် အရှေ့တောင်အာရှနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့ အကြား ဖြန့်ကြက်ဆက်သွယ်မှုကို ပိုမိုအားကောင်းစေနိုင်ပြီး အပြန်အလှန်နားလည်မှုကို တိုးပွားစေပါကြောင်း၊ မြန်မာနိုင်ငံ ကိုယ်စားပြုလူငယ်ခေါင်းဆောင်များအနေဖြင့် (၂၅)ကြိမ်မြောက် ခရီးစဉ်မှ စတင်ပူးပေါင်းဆောင်ရွက်ခဲ့ရာ ယနေ့အထိ မြန်မာလူငယ် ၅၀၀ ကျော်မှ (၂၈)ကြိမ်တိုင် ပူးပေါင်းဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဤခရီးစဉ်သည် အာဆီယံအသိုက်အဝန်းထူထောင်ရေးအတွက် အထောက်အပံ့ဖြစ်စေနိုင်မည်ဟုလည်း ယုံကြည်ပါကြောင်း၊ ယခုလိုလာရောက်လေ့လာခြင်းဖြင့် မိမိတို့နိုင်ငံ၏ အထိမ်းအမှတ်အထွတ်အမြတ်ဖြစ်သည့် ရွှေတိဂုံစေတီတော်၊ မြန်မာ့ရိုးရာအစားအစာများ၊ မြန်မာလူမျိုးများ၏ ရင်းနှီးဖော်ရွေမှုတို့ကို လက်တွေ့သိရှိခံစားနိုင်မည်ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့မှ နိုင်ငံကိုယ်စားပြုခေါင်းဆောင်များကို ယနေ့ခရီးစဉ်အတွေ့အကြုံများမှ စတင်၍ ငြိမ်းချမ်းသာယာဝပြောသည့် ကမ္ဘာကြီးကို ဖန်တီးနိုင်ရေး စိတ်ရောကိုယ်ပါ အားထုတ်ကြိုးပမ်းကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ဂျပန်လူငယ်သင်္ဘောခရီးစဉ်၏အုပ်ချုပ်သူအရာရှိ Mr. Hideki UEMURA က ကျေးဇူးတင်စကား ပြောကြားပြီး ဝန်ကြီးချုပ်၊ သင်္ဘောခရီးစဉ်အုပ်ချုပ်သူအရာရှိနှင့် နိုင်ငံ ၁၁ နိုင်ငံမှ နိုင်ငံကိုယ်စားပြုခေါင်းဆောင်များက အမှတ်တရဂုဏ်ပြုလက်ဆောင်များ အပြန်အလှန် ပေးအပ်ကြသည်။

**(သတင်းစဉ်)**

## ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ပထမ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်။** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမှုထက် အနည်းငယ်ပိုပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမှုခန့် ရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် သုံးရက်မှ လေးရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ၁ ရက်မှ ၂ ရက်ခန့် မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

**ညအပူချိန်။** ညအပူချိန်အခြေအနေမှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် အနည်းငယ်ပိုပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

**မြူအခြေအနေ။** မြူအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၅ ရက်မှ ၇ ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ၂ ရက်မှ ၄ ရက်ခန့် မြူထူများ ဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ။** ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေခွဲမှ နှစ်ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်နှင့် မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေခွဲမှ နှစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းနိုင်သည်။

## တစ်ရက် ကော်ဖီ သုံးခွက်သောက်ခြင်းက အသည်းရောဂါရှင်များအတွက် များစွာအကျိုးရှိ

**ဒေါက်တာ သာစိန်**

တစ်ရက်ကို ကော်ဖီနှစ်ခွက်ထက်ပို၍ သောက်သုံးသူများမှာ အသည်းရောဂါဖြစ်ပွားနိုင်ခြေနည်းပါးကြောင်း မဲလ်ဘွန်းမြို့ရှိ မိုနတ်ရှ်တက္ကသိုလ်မှပြုလုပ်သောလေ့လာဆန်းစစ်မှုတစ်ရပ်အရ သိရသည်။ ထိုလေ့လာဆန်းစစ်မှုကို မိုနတ်ရှ်ဆေးရုံရှိ အသည်းရောဂါခံစားရသူ ၁၁၀၀ ကို စောင့်ကြည့်လေ့လာခဲ့ရာ တစ်ရက်လျှင် ကော်ဖီနှစ်ခွက်သောက်သူများမှာ အသည်းရောင်အသားဝါ(စီ)ကို ၁၃ ရာခိုင်နှုန်းအထိ သက်သာသွားစေပြီး တစ်ရက်လျှင် ကော်ဖီလေးခွက်သောက်သူများမှာ အသည်းအဆီဖုံးရောဂါကို ၂၄ ရာခိုင်နှုန်းအထိ သက်သာသွားစေကြောင်း၊ ခြုံ၍ ကောက်ချက်ချရလျှင် ကော်ဖီသည် အသည်းရောဂါဖြစ်ပွားမှုကိုလျော့နည်းစေသည်ကို တွေ့ရှိရကြောင်း ဆိုသည်။

လက်ရှိစာရင်းဇယားများအရ ဩစတြေးလျနိုင်ငံသား ခြောက်သန်းခန့်မှာ အသည်းအဆီဖုံးရောဂါ၊ အသည်းရောင်အသားဝါ(ဘီ)ရောဂါနှင့် အသည်းရောင်အသားဝါ(စီ)ရောဂါဖြစ်ပွားနေကြကြောင်း၊ ထိုအသည်းဝေဒနာရှင်များမှာ တစ်ရက်လျှင် ကော်ဖီနှစ်ခွက်သို့မဟုတ် နှစ်ခွက်ထက်ပို၍ သောက်သုံးကြရာမှ ရောဂါသိသိသာသာ သက်သာလာသည်ကိုတွေ့ရကြောင်း မိုနတ်ရှ်ဆေးရုံမှ အသည်းအထူးကုပါရဂူ အဲလက်စ်ဟုတ်ချ်က ပြောကြားသည်။

ဟားဗတ်တက္ကသိုလ် ပြည်သူ့ကျန်းမာရေးဌာနမှ အခြားသောလေ့လာဆန်းစစ်မှုတစ်ခုအရ ပုံမှန်ကော်ဖီသောက်သုံးခြင်းဖြင့် အသည်းရောဂါ၊ ဆီးချိုရောဂါနှင့် အာရုံကြောဆိုင်ရာရောဂါများဖြစ်သည့် ပါကင်ဆန်ရောဂါနှင့် ကိုယ့်ကိုယ်ကိုယ်သတ်သေခြင်း(ဆူဆိုက်)တို့ကြောင့် ဖြစ်ပွားသည့်သေနှုန်းများ ကျဆင်းသည်ကို တွေ့ရှိရကြောင်းဆိုသည်။ သို့သော်လည်း လက်ဖက်ရည်သောက်ခြင်းကမူ အသည်းရောဂါအပေါ် တစ်စုံတစ်ရာ အကျိုးသက်ရောက်မှုမရှိကြောင်းနှင့် ယင်းတွေ့ရှိချက်များကို Circulation Journal တွင်ဖော်ပြပါရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**

## ရွှေတိဂုံစေတီတော်၌ သွေးလှူဒါန်းပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၈**

ရွှေတိဂုံစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ကကြီးမှူး၍ (၂၅)ကြိမ်မြောက် ဒါနဥပပါရမီစုပေါင်း သွေးလှူဒါန်းပွဲကို ဒီဇင်ဘာ ၁၂ ရက် (စနေနေ့) နံနက် ၈ နာရီတွင် စေတီတော်ရင်ပြင် ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပမည်ဖြစ်သည်။ သွေးလှူရှင်များ၊ အာဟာရဒါန အလှူရှင်များသည် ဂေါပကအဖွဲ့ရုံးနှင့် စေတီတော်ရင်ပြင် အလှူခံဌာနတို့၌ ကြိုတင်စာရင်းပေးသွင်းနိုင်သည်။

**(ကိုချစ်)**

# ကျွန်တော်တွေ့ခဲ့ဖူးတဲ့လူနှစ်ယောက်

## ကြင်လှိုင်မြင့်

စာရေးသူရဲ့ ဘဝသက်တမ်းတစ်လျှောက်လုံးမှာ လူအမျိုးမျိုး၊ စိတ်အဖုံဖုံ၊ ရုပ်အပြားပြား၊ အယူအဆ အထွေထွေတွေနဲ့ ဆုံခဲ့ဖူးတယ်။ ကြုံခဲ့ဖူးတယ်။ အဲဒီလူတွေထဲမှာ တချို့ဆိုရင် ဘဝမှာတွေ့ခဲ့ဖူး၊ ကြုံခဲ့ဖူးရုံသက်သက်သာဖြစ်ကြပြီး တချို့ဆိုရင် တွေ့ခဲ့ဆုံခဲ့ဖူးတဲ့ နှစ်ကာလတွေဘယ်လောက်ပဲကြာညောင်းပါစေ၊ စာရေးသူရဲ့ရင်ထဲမှာ စွဲစွဲထင်ထင် စူးစူးနစ်နစ် ဖြစ်နေရတုန်းပါ။ အဲဒီလူတွေထဲမှာမှ စာရေးသူနဲ့ ကြုံခဲ့ဆုံခဲ့ဖူးတဲ့ လူနှစ်ယောက်ရှိတယ်။

စာရေးသူ ဧည့်လမ်းညွှန်အဖြစ် ဘဝဝမ်းကျောင်းနေချိန် လွန်ခဲ့တဲ့၁၀နှစ်လောက်ကဖြစ်ပါတယ်။ လူနှစ်ယောက်ကို ဧည့်လမ်းညွှန်အဖြစ် ဝန်ဆောင်မှုပေးခဲ့ဖူးတယ်။ သူတို့နှစ်ယောက်ဟာ အင်္ဂလန်ကလာကြတာပါ။ အမေနဲ့သား။ အမေဖြစ်သူက အသက် (၇၂)နှစ်။ သားဖြစ်သူက အသက်(၅၀)။ သူတို့က အင်္ဂလိပ်လူမျိုးတွေဖြစ်ကြပေမယ့် ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူထားသူတွေပါ။ သက်သတ်လွတ်ပဲစားတယ်။ နေ့တိုင်းတရားထိုင်တယ်။ သတ္တဝါလေးတွေကိုလည်း သနားတတ်ကြတယ်။

**မြန်မာနိုင်ငံကို လာရခြင်းအကြောင်းအရင်းကလည်း အမေဖြစ်သူရဲ့ (၇၂)နှစ်မြောက်မွေးနေ့ကို ဗုဒ္ဓဘာသာထွန်းကားတဲ့ မြန်မာနိုင်ငံမှာ ကျင်းပချင်လို့ဆိုပြီး လာကြတာပါ။ စာရေးသူတို့လို ဟိုမရောက်ဒီမရောက်တွေ မဟုတ်။ ဘိုဆန်ဆန် ဟက်ပီဘက်ဒေးတူးယူမလုပ်။ ဖယောင်းတိုင်မီးမှုတ်ပြီးလည်း ဂုဏ်မယူ။**

ရန်ကုန်လေဆိပ်မှာ စတွေ့တွေ့ချင်း အမေဖြစ်သူက. . .

'ရွှေတိဂုံဘုရားကို လေယာဉ်ပေါ်ကနေဖူးရတာ စိတ်ချမ်းသာလိုက်တာ။ ဗုဒ္ဓဘာသာထွန်းကားတဲ့ မြန်မာပြည်မှာ လူလာဖြစ်ရတာ နင်တို့ ကံတအားကောင်းတာပဲ'။

သူတို့မပြောခင်တုန်းက ကိုယ့်ကိုယ်ကိုယ် အဲဒီလောက်တောင်ကံကောင်းမှန်း မသိခဲ့ဘူး။ အနီးအနားမှာရှိပြီး တန်ဖိုးရှိမှန်း၊ တန်ဖိုးထားရကောင်းမှန်းလည်း မသိ။ နီးလျက်နဲ့ဝေးနေခဲ့တယ်။ ဒါပေမယ့်လည်း 'ဘယ်တော့မှ မလုပ်တာထက်စာရင် နောက်ကျတာဟာ တော်သေးတယ်'ဆိုတဲ့ ဆိုရိုးစကားလည်း ရှိနေသေးတယ်မဟုတ်ပါလား။

'ငါတို့ ဟိုတယ်ကိုမသွားသေးဘဲ ရွှေတိဂုံဘုရားကို အရင်သွားဖူးချင်တယ်'။

ပြည်လမ်းမပေါ်မှာ ကားကိုခဏရပ်ပေးလိုက်တယ်။ ကားပေါ်ကနေဆင်း၊ ဖိနပ်ချွတ်ပြီး ရွှေတိဂုံဘုရားကို ဦးခိုက်ရှိခိုးကြတယ်။ လေးစားဖို့ကောင်းလိုက်တာ။ ဘုရားရှိခိုးတာများ ထိခြင်းငါးပါးနဲ့ ပုံစံကိုကျနေတာပဲ။ ပြီးတော့ မိန်းမထိုင်ကျုံ့ကျုံ့လေးထိုင်ပြီး ညခင်းအချိန် အခါသပွာယ်နေပုံကို ရိုရိုသေသေလေး ခံစားကြည်နူးနေကြတယ်။

'ဒီလောက်ကြည်ညိုစရာကောင်းတာ ဒီတစ်ခါပဲ တွေ့ဖူးတယ်။ ငါတို့တော့လူဖြစ်ရကျိုးနပ်သွားပြီ'ဟု ပြောသည်။ ကမ်းနားဟိုတယ်ကိုလိုက်ပို့ပြီး ပြန်ခါနီးမှာ အမေလုပ်သူက. . . .

'ဧည့်လမ်းညွှန်. . . ညအိပ်ရာမဝင်ခင် ဗုဒ္ဓမြတ်စွာဘုရားကို ရှိခိုးဖို့မမေ့နဲ့နော်'။

အဲဒီလိုသူပြောလိုက်တော့မှ မခိုင်လုံတဲ့အကြောင်းအမျိုးမျိုးပြပြီး တစ်ခါတလေမှာ ဘုရားရှိခိုးပျက်ကွက်တတ်တဲ့ ကိုယ့်ကိုယ်ကိုယ် ရှက်မိသေးတယ်။

နောက်တစ်နေ့မနက်မှာ ဟိုတယ်ကိုသွားကြိုတော့ သားအမိနှစ်ယောက်စလုံး နှုတ်ဆက်ကြတယ်။

'ဧည့်လမ်းညွှန်. . မင်္ဂလာနံနက်ခင်းပါ။ ဒီမနက် တရားထိုင်ပြီးပြီလား'။

'ဘုရားတော့ရှိခိုးပြီးပြီ။ နင်တို့ကိုလာကြိုတာ နောက်ကျနေမှာစိုးလို့ တရားတော့မထိုင်ခဲ့ရသေးဘူး'။

'နောက်နေ့နံနက်တွေမှာ ငါတို့ကိုလာကြိုတာ နောက်ကျရင်ကျပါစေ။ တရားတော့ရအောင်ထိုင်ပါ'။

ဩော်. . လေးစားဖို့ကောင်းလိုက်တာ။ နံနက်စာစားဖို့ဖိတ်တာနဲ့ အတူဝင်စားလိုက်တယ်။ အတုယူစရာတွေက တစ်ခုပြီးတစ်ခု။ မနက်စာမစားခင်မှာ အစားအသောက်ထည့်ထားတဲ့ပန်းကန်လေးတွေကို လက်နှစ်ဖက်နဲ့ တရိုတသေကိုင်၊ မျက်စိမှိတ်ပြီး. . .

'ဗုဒ္ဓမြတ်စွာဘုရားကို ဆက်ကပ်လှူဒါန်းပါတယ် အရှင်ဘုရား'။

စာရေးသူကတော့ ဘုရားကို အရင်ကပ်ရကောင်းမှန်း မသိဘဲ စားလိုက်မိတယ်။ မျက်နှာဘယ်နားသွားထားရမှန်း တောင်မသိတော့ပါဘူး။

'ငါတို့နိုင်ငံမှာ တစ်ယောက်နဲ့ တစ်ယောက်တွေ့ရင် 'မင်္ဂလာရှိသောနံနက်ခင်းပါ' 'မင်္ဂလာရှိသောညနေခင်းပါ' လို့ နှုတ်မဆက်ကြတော့ဘူး။ 'ဒီနေ့အတွက် တရားထိုင်ပြီးပြီလား'လို့ပဲမေးကြတော့တယ်။

'ဟလို ဂွတ်(ဒ်)မောနင်း(င်)' 'ဟလို ဂွတ်ဒေး'ဆိုပြီး ဘိုဆန်ဆန်နှုတ်ဆက်တတ်တဲ့ ကိုယ့်ကိုယ်ကိုယ်တောင် တွေးပြီး ရယ်မိသေးတယ်။

ရွှေတိဂုံဘုရားကို မွေးနေ့မနက်မှာ လိုက်ပို့ပေးခဲ့ရတယ်။ ဘုရားပန်းလဲ၊ သောက်တော်ရေချမ်းကပ်၊ ဆီမီးပူဇော်ပြီး ဘုရားမှာရှိတဲ့အလှူခံပုံးတွေထဲကို တစ်ပုံးကို အမေရိကန်ဒေါ်လာ ၅၀စီထည့်လှူခဲ့ကြတယ်။ ဆုတောင်းပုံ ဆုတောင်းနည်းကိုလည်းကြည့်ပါဦး။

'နောင်ဘဝမှာ ဗုဒ္ဓဘာသာထွန်းကားတဲ့မြန်မာပြည်မှာ လူလာဖြစ်ပြီး ဗုဒ္ဓဘာသာဝင်ဖြစ်ရပါစေ'ဆိုပြီးဆုတောင်းတယ်။ ဝမ်းသာမိတယ်။ ကျေနပ်မိတယ်။ ပီတိဖြစ်မိတယ်။ အားကျမိတယ်။ စာရေးသူရဲ့ ခံစားချက်ကို အခုလိုတစ်လုံးချင်းရှင်းပြရတာကလည်း သူတို့သားအမိနှစ်ယောက်ကို ဂုဏ်ယူစွာနဲ့ ဂုဏ်ပြုချင်လို့ပါ။

**ငှက်ကလေးတွေကို အစာကျွေးရင်းနဲ့. . .**

**'ငှက်ကလေးတွေ နေ့စဉ်နေ့တိုင်း အစာများများစားရပါစေ။ ဒီငှက်ဘဝကုန်ဆုံးပြီးရင် လူပြန်ဖြစ်ပြီး ဗုဒ္ဓမြတ်စွာဘုရားကို ရှိခိုးတတ်သူတွေဖြစ်ကြပါစေ'။**

**မြတ်စွာဘုရားရဲ့ တရားဒေသနာတော်တွေကို ကျင့်ကြံပွားများအားထုတ်နိုင်ရင် သံသရာကနေ ကျွတ်တယ်။လွတ်တယ်ဆိုတာကို ကောင်းကောင်းကြီးနားလည်သဘောပေါက်ထားပုံရတယ်။**

စာရေးသူရှင်းပြထားတာကြောင့် အလှူတစ်ခုပြုပြီးရင် ကြေးစည်ထုတယ်။ အမျှဝေတယ်။ သူတို့လှူသမျှ ကုသိုလ်တွေကို ကြားနာသူအပေါင်း မျှဝေခံစားစေချင်ကြတယ်။ နူးညံ့လိုက်တဲ့နှလုံးသား ပိုင်ရှင်တွေပါပဲ။

ပုဂံကို နောက်တစ်နေ့ရောက်တော့ သူတို့ဘုရားရှိခိုးတာကို ထုံးစံအတိုင်း ထိုင်စောင့်ခဲ့ရသေးတယ်။

'နေ့အသစ်တစ်နေ့စတိုင်း ဗုဒ္ဓမြတ်စွာဘုရားကို မရှိခိုးရသေးရင် ဘာအလုပ်မှုစမလုပ်ဘူး'။

အတုယူစရာကောင်းလိုက်တာ။ ဘာသာရေးစိတ်ဓာတ်တည်တည်ငြိမ်ငြိမ်နဲ့ ကိန်းအောင်းနေတာများ မလေးစားဘဲမနေနိုင်ဖြစ်ခဲ့ရတယ်။

ဘုရားတွေကို လှည့်ပတ်ပြရင်း. . .

'ဒီနေရာလေးက ဓာတ်ပုံရိုက်လို့ကောင်းတယ်။ ကင်မရာထုတ်ပြီး ရိုက်လို့ရပါတယ်'။

'ငါတို့ကင်မရာယူမလာဘူး။ မျက်စိနဲ့ပဲကြည့်ကြမယ်'။

'ကင်မရာဘာဖြစ်လို့ ယူမလာကြတာလဲ။ မေ့ကျန်ခဲ့လို့လား။ ငါ့ဆီမှာပါတယ်။ ယူမလား'။

'မယူဘူး။ ကျေးဇူးပါပဲ။ ငါတို့ ကင်မရာကိုတမင်တကာ ယူမလာခဲ့တာပါ။ နင်သိတယ်မဟုတ်လား။ ငါတို့ဆီမှာ **ပိုင်ဆိုင်မှုတစ်ခုရှိနေရင် အဲဒီပိုင်ဆိုင်မှုတစ်ခုအတွက် စိုးရိမ်ပူပန်ရတယ်။ နှစ်ခုရှိရင် အဲဒီနှစ်ခုအတွက် စိုးရိမ်ပူပန်ရတယ်။ အခု ဘာမှယူမလာတော့ ဘာအတွက်မှ စိုးရိမ်ပူပန်စရာမလိုတော့ဘူးပေါ့'။**

'အဲဒီပစ္စည်းရှိနေရင် ပြုတ်ကျသွားမလား။ ကျကွဲသွားမလားဆိုပြီး ပူပန်ရတဲ့ဒုက္ခကလည်း တော်တော်ပူလောင်တယ်။ ဒီကြားထဲ အကြောင်းကြောင်းကြောင့် ပျောက်သွားခဲ့ရင် ဟိုလူများလစ်သွားလား။ ဒီလူများ မသွားလားဆိုပြီး ထင်ပြန်ရင်လည်း မကောင်းဘူး။ မယူဘဲနဲ့ အထင်ခံရတဲ့လူအတွက်လည်း မကောင်းဘူး။ ထင်တဲ့လူကိုလည်း ဗုဒ္ဓမြတ်စွာဘုရားမကြိုက်ဘူး'။

စာရေးသူတို့မြန်မာလိုဆိုရင် 'ဥစ္စာပျောက် ငရဲရောက်'ကို ဆိုလိုတာနေမှာပါ။

စာရေးသူတို့ ဗုဒ္ဓဘာသာဝင်တွေထက်တောင် အသေးစိတ် ထဲထဲဝင်ဝင်ရှိနေလိုက်ကြတာ။ **ဒီကမ္ဘာကြီးမှာ နေတတ်ရင်ကျေနပ်စရာကောင်းတယ်ဆိုတာ သူတို့ကိုပြောတာနေမှာ။ မနေတတ် မကျေနပ်တတ်တာကတော့ စာရေးသူ။ ကင်မရာလား ဝယ်တယ်။ တံဆိပ်ရွေးတယ်။ လက်ကိုင်ဖုန်းလား နောက်ဆုံးထွက်တာလေးမှ ကြိုက်တယ်။ ဟိုဟာလည်းလိုချင်၊ ဒီဟာလည်းလိုချင်။ "ချင်"တွေများလွန်းလို့ စိတ်ပန်းလူပန်းဖြစ်နေတာကိုလည်း ကိုယ့်ကိုယ်ကိုယ်သတိလွတ်နေခဲ့တယ်။**

ပြင်ဦးလွင်ရောက်ပြီး ရထားလုံးစီးကြမယ်ဆိုတော့. . .

'မစီးဘူး။ ငါတို့က ဗုဒ္ဓဘာသာဝင်တွေ။ တိရစ္ဆာန်တွေကိုသနားရမယ်။ ညှာတာရမယ်။ မြင်းလှည်းနဲ့ မဖြစ်မနေသွားရမယ့်ခရီးဆိုရင်တောင် ကုန်းကြောင်းပဲလျှောက်မယ်'။

ပြင်ဦးလွင်ကနေ မန္တလေးကိုပြန်လာတဲ့လမ်းတစ်လျှောက်မှာ အလှူခံမဏ္ဍပ်လေးတွေ ကြိုးကြားကြိုးကြားတွေ့တယ်။ အလှူခံမဏ္ဍပ်လေးတွေတွေ့တော့ ထုံးစံအတိုင်းကားပေါ်ကနေလှမ်းပစ်ပြီး လှူခဲ့တယ်။ ကိုယ့်အရပ်နဲ့ ကိုယ့်ဓလေ့ အဆင်ကိုပြေလို့။

'ဧည့်လမ်းညွှန်. . အဲဒါဘာလုပ်တာလဲ'။

'လှူတာလေ'

**'လှူတယ်ဆိုရင်လည်း ကားကိုရပ်၊ ဖြည်းဖြည်းဆင်း၊ ဖိနပ်ချွတ်၊ လက်နှစ်ဖက်နဲ့ ရိုရိုသေသေလှူရမှာပေါ့။ အခုနင့်ဟာက လှူတာနဲ့မတူဘဲ တိရစ္ဆာန်ရုံထဲကားပတ်စီးပြီး ဆင်တွေ၊မျောက်တွေကို အစာကြဲချကျွေးသလိုဖြစ်နေပြီ။ ငါ့စိတ်အထင်တော့ မယဉ်ကျေးဘူးထင်တယ်။ တခြားဘာသာဝင်တွေမြင်သွားရင် ငါတို့ဗုဒ္ဓဘာသာဝင်တွေကို အထင်သေးလိမ့်မယ်။ ကဲ့ရဲ့လိမ့်မယ်။ ကားရပ်လိုက်။ ငါလှူပြမယ်ဆိုပြီး ဖိနပ်ကိုချွတ်၊ လက်နှစ်ဖက်နဲ့ တရိုတသေလေး လှူပြသွားတယ်။ အကြိမ်ကြိမ်အခါခါ ရှက်ရလွန်းလို့ ဘာစကားလုံးသုံးရမှန်းတောင်မသိတော့ပါဘူး။**

ရှေးဟောင်းပစ္စည်းအရောင်းဆိုင်ထဲကို ရောက်တော့. . .

'ဧည့်လမ်းညွှန်. . ခဏလာပါဦး။ ဒါဆင်စွယ်နဲ့ လုပ်ထားတဲ့ဘီး၊ ဆံထိုး၊ ဆေးတံ၊ အရုပ်လေးတွေ'

'ဟုတ်တယ်။ဘာဖြစ်လို့လဲ'

'တခြားဧည့်သည်တွေ အဲဒါတွေကိုဝယ်ချင်တယ်ဆိုရင် သူတို့မဝယ်အောင် နင်ကတိုက်တွန်းရမယ်။ ပညာပေးရမယ်။ **အဲဒီဆင်စွယ်တွေရဖို့ ဆင်တွေကိုသတ်ရတာ။ နင်တို့ဒါတွေဝယ်ရင် ဆင်တွေကိုသတ်ခိုင်းတာနဲ့ အတူတူပဲ။ ဗုဒ္ဓမြတ်စွာဘုရားမကြိုက်ဘူးလို့ပြော၊ ကြားလား'။**

ထဲထဲဝင်ဝင်တွေးပြီး နှစ်နှစ်ကာကာစဉ်းစားတတ်လိုက်ကြတာ။ မချီးကျူးဘဲမနေနိုင်ဖြစ်ခဲ့ရတယ်။ ကလောကိုသွားတဲ့လမ်းမှာ အမေဖြစ်သူက. .

'ဧည့်လမ်းညွှန်. . ငါအပေါ့သွားချင်လို့ အိမ်သာတွေ့ရင် ရပ်ပေးပါဦး'။

'ငါတို့အခုရောက်နေတဲ့နေရာက မြို့နဲ့တော်တော်လေးအလှမ်းဝေးသွားပြီ။ အိမ်သာရှာတွေ့ဖို့မလွယ်တော့ဘူး။ ချုံထူပြီး လူရှင်းတဲ့နေရာရောက်ရင်ရပ်ပေးမယ်။ နင်လမ်းဘေးမှာသွားလို့ရတယ်'။

**'ငါလမ်းဘေးမှာအပေါ့မသွားဘူး။ ဘာဖြစ်လို့လဲသိလား။ ငါတို့အခုရောက်နေတဲ့နိုင်ငံက ယဉ်ကျေးမှုရှိတဲ့နိုင်ငံ။ ယဉ်ကျေးတဲ့နိုင်ငံက ယဉ်ကျေးတဲ့လူမျိုးတွေကို ငါတို့ လေးစားရမယ်။ ရတယ် ဆက်မောင်း။ ငါအောင့်နိုင်သေးတယ်'။**

အမေဖြစ်သူ အဲဒီလိုပြောလိုက်တော့ ကြုံရာသွားတတ်တဲ့ ကိုယ့်ကိုယ်ကိုယ် ဘာပြောရမှန်းတောင် မသိတော့ဘူး။ သူများတိုင်းပြည်ရောက်ရင် သူများယဉ်ကျေးမှုကို လေးစားလိုက်နာတတ်တဲ့စိတ်ထားလေးတွေက အတုယူစရာ။ လက်ခံလိုက်နာကျင့်သုံးစရာ။

အင်းလေးကန်ရောက်တော့. . . .

'ငှက်တွေကြည့်မယ်။ အဝေးကြည့်မှန်ပြောင်းပါလား'။

အမေဖြစ်သူက ပြုံးပြတယ်။ ထုံးစံအတိုင်းပေါ့။ သူ့အပြုံးထဲမှာ လေးနက်လွန်းတဲ့အဓိပ္ပာယ်တွေနဲ့ ပြည့်နေတယ်။ ငှက်တွေကို သူတို့မျက်စိတွေနဲ့ပဲကြည့်ကြတယ်။ ခံစားကြတယ်။

အင်းလေး၊ ပင်းတယ၊ တောင်ကြီးအနှံ့လည်ပြီး ရန်ကုန်ကို ပြန်လာခဲ့ကြတယ်။

နောက်တစ်နေ့ညနေမှာ လေယာဉ်နဲ့ဘန်ကောက်ကို သွားကြတယ်။ အဲဒီကနေမှတစ်ဆင့် အင်္ဂလန်ကို ပြန်ကြမှာပါ။ ရန်ကုန်လေဆိပ်ကိုအသွားမှာ ရွှေတိဂုံဘုရားကို အနောက်ဘက်မုခ်ကနေ ဦးချကန်တော့သွားကြတယ်။ အမေဖြစ်သူက ငိုပြီး. . . . ။

'ရွှေတိဂုံဘုရားရေ. . . ကျွန်မတို့ပြန်သွားကြပါပြီ။ ကျွန်မအသက်ကကြီးနေလို့ နောက်တစ်ခေါက်ပြန်လာဖို့ဆိုတာကလည်း မသေချာတော့ပါဘူး။ နောင်ဘဝမှာလူဖြစ်ခဲ့ရင် မြန်မာနိုင်ငံမှာလူဖြစ်ရပြီး ဗုဒ္ဓဘာသာဝင်ဖြစ်ချင်ပါတယ်။ ကျွန်မရဲ့ဧည့်လမ်းညွှန်လေးနဲ့လည်း အဆွေအမျိုးဖြစ်ချင်ပါတယ်ဘုရား'။

မျက်ရည်တွေနဲ့စိုရွှဲနေတဲ့ အမေဖြစ်သူကို သားဖြစ်သူက ဖေးကူထူမပြီး ကားပေါ်ကိုကြင်ကြင်နာနာနဲ့ခေါ်သွားခဲ့တယ်။ သားဖြစ်သူရဲ့မျက်နှာကို ကြည့်လိုက်တော့ သူ့မျက်နှာမှာလည်း မျက်ရည်စတွေနဲ့။ စာရေးသူရဲ့ မျက်လုံးအိမ်မှာလည်း ဝမ်းနည်းမျက်ရည်တွေက အပြည့်။

သူတို့သားအမိနှစ်ယောက်နဲ့သွားခဲ့ရတဲ့ ၁၄ ရက်ခရီးစဉ်ဟာ တိုလွန်းမြန်လွန်းပေမယ့် ရလိုက်တဲ့ သင်ခန်းစာတွေက တစ်ပုံတစ်ပင်။ လေ့လာစရာတွေ မှတ်သားစရာတွေက တစ်နင့်တစ်ပိုး၊ စာရေးသူအတွက် တကယ့်ကိုမှ အဖိုးမဖြတ်နိုင်တဲ့အရာတွေပါပဲ။

အခုဆိုရင် သူတို့သားအမိတွေ မြန်မာပြည်က ပြန်သွားတာ ၁၀ နှစ်ကျော် ရှိသွားခဲ့ပါပြီ။ အမြဲသတိရလျက်ပါ။ တိုးတက်လာတဲ့နည်းပညာတွေရဲ့ ကျေးဇူးတရားကြောင့် စာရေးသူ သူတို့သားအမိနဲ့ ယနေ့ထိတိုင် အီးမေး(လ်)ကနေတစ်ဆင့် အဆက်အသွယ်ရှိနေပါသေးတယ်။

အမေဖြစ်သူ မစ္စစ်ဆခရိုက်ဗန်း(န်)နဲ့ သားဖြစ်သူ မစ္စတာ ဒေါမနစ်(ခ်)တို့ သားအမိ နိဗ္ဗာန်မဝင်ရသေးမီ စပ်ကြား နောင်ဘဝမှာလူအဖြစ် ကျင်လည်ခွင့်ရခဲ့မယ်ဆိုရင် သူတို့တွေဖြစ်ချင်ကြတဲ့ဆန္ဒအတိုင်း ဗုဒ္ဓဘာသာထွန်းကားတဲ့ စာရေးသူတို့မြန်မာပြည်မှာ လူလာဖြစ်ကြပြီး ဗုဒ္ဓဘာသာဝင်ကောင်းတွေဖြစ်ကြပါစေ။ စာရေးသူနဲ့လည်း အဆွေအမျိုးတော်စပ်ပါစေဆိုပြီး ဘုရားရှိခိုးတိုင်း ဆုတောင်းနေမိပါတော့တယ်။ ။

☆ဒီကမ္ဘာကြီးမှာ နေတတ်ရင်ကျေနပ်စရာကောင်းတယ်ဆိုတာ သူတို့ကိုပြောတာနေမှာ။ မနေတတ် မကျေနပ်တတ်တာကတော့ စာရေးသူ။ ကင်မရာလား ဝယ်တယ်။ တံဆိပ်ရွေးတယ်။ လက်ကိုင်ဖုန်းလား နောက်ဆုံးထွက်တာလေးမှ ကြိုက်တယ်။ ဟိုဟာလည်းလိုချင်၊ ဒီဟာလည်းလိုချင်။ "ချင်"တွေများလွန်းလို့ စိတ်ပန်းလူပန်းဖြစ်နေတာကိုလည်း ကိုယ့်ကိုယ်ကိုယ်သတိလွတ်နေခဲ့တယ်။

# ငွေဈေးအတက်အကျ Smooth ဖြစ်စေဖို့ကိုတော့ နိုင်ငံခြားသုံးငွေ လေလံကတစ်ဆင့် ဈေးကွက်အတွင်းကို နေ့စဉ် ဒေါ်လာသန်းနဲ့ချီပြီး ရောင်းပေးနေပါတယ်

ဦးဆက်အောင်(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)

**မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုအခြေအနေများကြောင့် ငွေကြေးဖောင်းပွမှု မြင့်တက်လာမှုနှင့်အတူ ငွေကြေးဖောင်းပွမှုလျှော့ချနိုင်ရန် လုပ်ဆောင်နေခြင်းတို့နှင့် ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့် မြန်မာ့သတင်းစဉ်အဖွဲ့က တွေ့ဆုံမေးမြန်းခဲ့မှုများကို ဖော်ပြလိုက်ပါသည် -**

**မေး။ ။အခုတလော မီဒီယာတချို့မှာပါလာတဲ့ သတင်းတွေနဲ့ ပတ်သက်လို့ နားလည်မှုအမျိုးမျိုးဖြစ်နေခဲ့ပါတယ်။ စီးပွားရေးတိုးတက်နေလို့ ငွေကြေးဖောင်းပွမှု ဖြစ်လာတယ်ဆိုတဲ့ ကိစ္စလေးကို ရှင်းပြစေချင်ပါတယ်။**

ဖြေ။ ။ငွေကြေးဖောင်းပွမှုဖြစ်နိုင်တဲ့ အကြောင်းအမျိုးမျိုးရှိပါတယ်။ ငွေကြေးဖောင်းပွမှုဖြစ်ရခြင်း အကြောင်းအမျိုးမျိုးအနက်က စီးပွားရေးတိုးတက်မှုနှုန်း (GDP growth rate) မြင့်တက်ခြင်းက ငွေကြေးဖောင်းပွမှု ဖြစ်လာစေနိုင်တဲ့ အချက်တစ်ခုဖြစ်တယ်လို့ ပြောခဲ့တာပါ။ ဒါကို အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့(IMF)က နိုင်ငံတကာပညာရှင်တွေကလည်း ပြောခဲ့ပါတယ်။ GDP growth rate အလွန်မြင့်တက်လာရင် စီးပွားရေးတိုးတက်မှု၊ အပူချိန်ပြင်းထန်မှု (Economic overheating) ဖြစ်ပြီး ငွေကြေးဖောင်းပွမှု ပိုဖြစ်စေနိုင်ပါတယ်။ တိုးတက်ပြီးနိုင်ငံတွေမှာ စီးပွားရေးတိုးတက်မှုနှုန်း မြင့်တက်မှုနည်းသွားပါတယ်။ တချို့ တိုးတက်ပြီးနိုင်ငံတွေဖြစ်တဲ့ အမေရိကန်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ အီးယူဒေသတွေမှာ ငွေကြေးဖောင်းပွမှု အရမ်းနည်းတဲ့အတွက် ငွေကြေးနဲ့ ဘဏ္ဍာရေးမူဝါဒတွေသုံးပြီး ငွေကြေးဖောင်းပွမှုကို အနည်းဆုံး နှစ်ရာခိုင်နှုန်းလောက်ရောက်အောင် ကြိုးစားနေကြရပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံအများစုမှာ စီးပွားရေးတိုးတက်မှုနှုန်း မြင့်မားလေ့ရှိတဲ့အတွက် ငွေကြေးဖောင်းပွမှုတွေ မြင့်တက်လာပါတယ်။ အဲဒါကြောင့် တိုးတက်ပြီး နိုင်ငံအများစုမှာ ငွေကြေးဖောင်းပွမှုမြင့်တက်စေဖို့ ကြိုးစားကြရပြီး တိုးတက်ဆဲနိုင်ငံအများစုမှာ ငွေကြေးဖောင်းပွမှုကိုလျှော့ချဖို့ ကြိုးစားကြရပါတယ်။

ငွေကြေးဖောင်းပွမှု မြင့်တက်စေနိုင်တဲ့ အချက်တွေအများကြီးထဲမှာ ဘဏ်ကြွေးနှုန်း (Credit growth) မြင့်တက်မှု၊ ဘတ်ဂျက်လိုငွေပြမှု၊ ဘတ်ဂျက်လိုငွေဖြည့်ဆည်းမှု စတဲ့အချက်တွေ အများကြီးရှိပါတယ်။ ဥပမာ-မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ငန်းတွေ အောင်မြင်ဖို့အတွက် ငွေအရင်းအနှီး လိုအပ်ပါတယ်။ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးမှုမရှိသေးတဲ့အချိန်မှာ ငွေအရင်းအနှီးကို ရနိုင်တဲ့နည်းက ဘဏ်ချေးငွေ ဖြစ်ပါတယ်။

ဘဏ်ချေးငွေ လွယ်လွယ်နဲ့ များများရနိုင်ရင် စီးပွားရေးလုပ်ငန်းတွေ ပိုမိုအဆင်ပြေ တိုးတက်လာမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ဘဏ်ချေးငွေနှုန်း မြင့်တက်လာတာက ငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်စေတဲ့ အချက်တစ်ခု ဖြစ်ပါတယ်။ အဲဒါကြောင့် ဖွံ့ဖြိုးတိုးတက်မှုနဲ့ တည်ငြိမ်မှုက ဆန့်ကျင်ဘက် ဖြစ်လာတတ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုနှုန်း မြန်ဆန်စွာမြင့်တက်လာခြင်းက တည်ငြိမ်မှုကို ထိခိုက်လာတတ်တာကြောင့် အဲဒီနှစ်ခုကို ဟန်ချက်ညီအောင် ထိန်းနိုင်ဖို့လိုပါတယ်။

ဘတ်ဂျက်လိုငွေက တိုးတက်ပြီးနိုင်ငံတွေမှာ ပိုများပါတယ်။ အမေရိကန်နိုင်ငံမှာ ၂၀၀၉ ခုနှစ်က ဘတ်ဂျက်လိုငွေ ဒေါ်လာ ၁၄၀၀ ဘီလီယံကျော် (GDP ရဲ့ ၉ ဒသမ ၈ ရာခိုင်နှုန်း) ရှိခဲ့ပြီး အဲဒီလိုငွေကို အထူးလျှော့ချလာပေမယ့်၊ ၂၀၁၅ ခုနှစ်မှာ ဒေါ်လာ ၅၈၀ ဘီလီယံကျော် (GDP ရဲ့ ၃ ဒသမ ၂ ရာခိုင်နှုန်း)ရှိနေပါသေးတယ်။ ဂျပန်နိုင်ငံရဲ့ ဘတ်ဂျက်လိုငွေက GDP ရဲ့ ၁၀ ရာခိုင်နှုန်း ဝန်းကျင်မှာရှိနေပြီး ၂၀၁၅ ခုနှစ်မှာ ဒေါ်လာ ဘီလီယံ ၈၀၀ ကျော် ရှိလာပါတယ်။

ပြုပြင်ပြောင်းလဲမှုတွေလုပ်တဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာလည်း ရင်းနှီးမြှုပ်နှံမှုတွေများပြီး ဘတ်ဂျက်လိုငွေ ရှိလာတတ်ပါတယ်။ ဒါပေမဲ့ အကျိုးရှိစေမယ့် ရင်းနှီးမြှုပ်နှံမှုတွေ ဖြစ်ဖို့လိုပါတယ်။ စီးပွားရေး တွက်ခြေကိုက်မယ့် စီမံကိန်းလုပ်ငန်းတွေကို Private Public Partnership (PPP) ပုံစံနဲ့ အကောင်အထည်ဖော်ဆောင်မှုတွေ လုပ်ရပါမယ်။

အဲဒီလို ဆောင်ရွက်တဲ့အခါမှာလည်း PPP စနစ်ကို ပွင့်လင်းမြင်သာစွာနဲ့ ထိရောက်စွာ ဆောင်ရွက်နိုင်ဖို့ PPP မူဘောင်တွေရှိဖို့လိုပြီး ဖိလစ်ပိုင်နိုင်ငံမှာလို PPP စင်တာမျိုး ဖွဲ့စည်းတည်ထောင်ဖို့လည်း လိုအပ်ပါတယ်။



**မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယ ဥက္ကဋ္ဌ ဦးဆက်အောင်။**

ဘတ်ဂျက်လိုငွေကို ဖြည့်ဆည်းနိုင်ဖို့အတွက် ကောင်းမွန်တဲ့ ငွေကြေးဈေးကွက်ရှိဖို့ လိုအပ်ပါတယ်။ အခက်အခဲက အဲဒီက စတာပါ။ ငွေကြေးနဲ့ ပတ်သက်တဲ့ ဈေးကွက်ကို တည်ဆောက်ဖို့အဆင့် တစ်ခုပြီးတစ်ခုကျော်ဖြတ်ဖို့လိုပြီး အဆင့်ကျော်လို့ မရနိုင်ပါဘူး။ ပထမဦးဆုံး T - bills တွေကို အီလက်ထရွန်နစ်ပုံစံ (Scripless ပုံစံ) ပြောင်းပြီးပါပြီ။ ပြီးတော့ T-bills လေလံကို စတင်ဆောင်ရွက်ခဲ့ပါတယ်။

အဲဒီလေလံမှာ T-bonds တွေပါ ပါဝင်လာနိုင်ဖို့ လက်ရှိ T-bonds တွေကို မကြာခင်အချိန်အတွင်းမှာ အီလက်ထရွန်နစ်ပုံစံပြောင်းဖို့ စီစဉ်ထားပါတယ်။ အဲဒီ T-bills/T-bonds လေလံအောင်မြင်မှသာ သက်တမ်းအမျိုးမျိုးအတွက် ဈေးကွက်က သတ်မှတ်တဲ့ အတိုးနှုန်း( Yields at Different maturities) တွေကို ရရှိနိုင်မှာဖြစ်ပါတယ်။ အဲဒီတော့မှ Yield Curve ကို တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ Yield Curve ရရှိမှသာ Swap/Forward ဈေးကွက်ကို တည်ထောင်နိုင်မှာဖြစ်ပါတယ်။

အဲဒီ T-bills/T-bondsလေလံ အောင်မြင်လာတဲ့အချိန်မှာ ငွေကြေးဖောင်းပွမှုကို တိုက်ရိုက်ဖြစ်ပေါ်စေခြင်းမရှိတဲ့ ဘတ်ဂျက်လိုငွေ ဖြည့်ဆည်းမှုကို ရရှိနိုင်မှာဖြစ်ပါတယ်။ အဲဒီလေလံကို နိုင်ငံခြားဘဏ်တွေ ဝင်လာနိုင်ရင်တော့ အချိန်တိုအတွင်း ပိုမိုအောင်မြင်နိုင်ပါလိမ့်မယ်။ ဒါပေမဲ့ နိုင်ငံခြားဘဏ်တွေ ဝင်လာနိုင်ဖို့ Currency Swap ဈေးကွက်အရင်ရှိဖို့လိုပါတယ်။ Currency Swapဈေးကွက်ဆိုတာက နိုင်ငံခြားငွေကို Spot ဈေးကွက်မှာ မြန်မာကျပ်ငွေနဲ့လဲပြီး အနာဂတ်မှာ သတ်မှတ်ဈေးနှုန်းနဲ့ နိုင်ငံခြားငွေကို ပြန်လည်ဝယ်ယူနိုင်မယ့် ဈေးကွက်ပဲ ဖြစ်ပါတယ်။

အဲဒါမှ နိုင်ငံခြားဘဏ်တွေက ယင်းတို့ရဲ့ နိုင်ငံခြားငွေများကို မြန်မာကျပ်ငွေနဲ့လဲပြီး T-bills/T-bonds လေလံမှာ ဝင်ရောက်နိုင်မှာဖြစ်ပါတယ်။ T-bills/T-bonds လေလံကတစ်ဆင့် ဘတ်ဂျက်လိုငွေကို အပြည့်အဝဖြည့်ဆည်းပေးနိုင်တဲ့အချက်ဟာ ငွေကြေးဖောင်းပွမှု လျှော့ချရေးအတွက် အများကြီး အထောက်အကူဖြစ်သွားနိုင်မှာဖြစ်ပါတယ်။

တစ်ချိန်တည်းမှာပဲ Repo (Repurchase) ဈေးကွက်ကို တည်ထောင်နိုင်ဖို့ လိုပါတယ်။ ဘဏ်အချင်းချင်း အသုံးပြုတဲ့ ဈေးကွက် (Interbank money market) ဖွံ့ဖြိုးဖို့ရော ငွေကြေးမူဝါဒအတွက်ပါ Repo ဈေးကွက်က အသုံးဝင်ပါတယ်။ Repo ဈေးကွက်အောင်မြင်လာရင်တော့ ငွေကြေးမူဝါဒကို ပိုမိုထိရောက်အောင် ဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် ငွေကြေးဖောင်းပွမှုကို ငွေကြေးမူဝါဒ (Monetary Policy) ဘက်ခြမ်းက ထိရောက်အောင် လျှော့ချပေးနိုင်ပါလိမ့်မယ်။

**မေး။ ။ငွေလဲလှယ်နှုန်း မြင့်တက်လာတဲ့အပေါ်မှာ ဘယ်လို ထင်မြင်ချက်ရှိပါသလဲ။**

ဖြေ။ ။ငွေလဲနှုန်းမြင့်တက်တာဟာ သာမန်အပေါ်ယံအနေနဲ့ ပြောရရင် ဒေါ်လာဝယ်လိုအားနဲ့ ရောင်းလိုအားပေါ်မူတည်ပါတယ်။ အဲဒီဒေါ်လာဝယ်လိုအားနဲ့ ရောင်းလိုအားဟာ ဈေးကွက်ထဲမှာရှိတဲ့ မြန်မာကျပ်ငွေ Liquidity ပေါ်မူတည်ပါတယ်။ မြန်မာကျပ်ငွေ Liquidity များရင် ငွေကြေးဖောင်းပွမှု ရှိလာနိုင်ပြီး မြန်မာကျပ်ငွေ ရောင်းလိုအား (Kyat Supply) သို့မဟုတ် ဒေါ်လာဝယ်လိုအား (Dollar Demand) ကို တက်လာစေပါတယ်။ Inflation Adjust လုပ်ထားတဲ့ Real Effective Exchange Rate က အတက်အကျ တည်ငြိမ်မှုရှိပြီး Nominal exchange rate လို့ခေါ်တဲ့ အားလုံးသိတဲ့ ငွေလဲနှုန်းဟာ ကျဆင်းနေတဲ့အတွက် ငွေကြေးဖောင်းပွမှုမြင့်မားခြင်းက မြန်မာကျပ်ငွေကျဆင်းမှုရဲ့ အဓိကအခန်းကဏ္ဍမှာ ပါဝင်နေတယ်ဆိုတာ သိနိုင်ပါတယ်။

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(IMF)က နိုင်ငံတကာပညာရှင်တွေကလည်း ဒီအတိုင်းပဲ သုံးသပ်ကြပါတယ်။ အဲဒါကြောင့်မို့လို့ ငွေကြေးဖောင်းပွမှုမြင့်တက်တာကို အဓိကထိန်းရမှာ ဖြစ်ရပါတယ်။ ငွေဈေး အတက်အကျ Smooth ဖြစ်စေဖို့ကိုတော့ နိုင်ငံခြားသုံးငွေ လေလံကတစ်ဆင့် ဈေးကွက်အတွင်းကို နေ့စဉ် ဒေါ်လာသန်းနဲ့ချီပြီး ရောင်းပေးနေပါတယ်။

အခြားနိုင်ငံတွေမှာ ဘဏ်တစ်ခုနဲ့တစ်ခု တိုက်ရိုက်ရောင်းဝယ်တဲ့ Multilateral FX interbank ဈေးကွက်က ဖွံ့ဖြိုးပြီးဖြစ်တဲ့အတွက် ရည်ညွှန်းငွေလဲနှုန်းကို ဗဟိုဘဏ်တွေက သတ်မှတ်တဲ့အခါ Interbank ဈေးကွက်မှာ ဘဏ်တစ်ခုနဲ့တစ်ခု နိုင်ငံခြားငွေ အရောင်းအဝယ်ဈေးနဲ့ ပမာဏကိုမူတည်ပြီး ပျမ်းမျှ (Weighted average) ကို တွက်ချက်ပြီး ထုတ်ပြန်ပါတယ်။ ဗဟိုဘဏ်တွေရဲ့ ရည်ညွှန်းငွေလဲနှုန်းက ဈေးကွက်မှာ ဖြစ်ပေါ်နေတဲ့ ငွေလဲနှုန်းတွေကို ပျမ်းမျှတွက်ချက် ထုတ်ပြန်တာဖြစ်တဲ့အတွက် ဈေးကွက်ငွေလဲနှုန်းကို ကိုယ်စားပြုပါတယ်။ ဗဟိုဘဏ်တစ်ခုအနေနဲ့ ဈေးကွက်မှာဖြစ်ပေါ်နေတဲ့ ငွေလဲလှယ်နှုန်းကိုမကြိုက်ရင် ဘဏ်တစ်ခုကို Agent ဘဏ်တစ်ခုအဖြစ်ခန့်အပ်ပြီး Interbank ဈေးကွက်ကတစ်ဆင့် နိုင်ငံခြားငွေ ရောင်းတာ၊ဝယ်တာတွေ ပြုလုပ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ဗဟိုဘဏ်ကလည်း ဈေးကွက်နှုန်းကိုကိုယ်စားပြုတဲ့ ရည်ညွှန်းငွေလဲလှယ်နှုန်းကို နိုင်ငံခြားသုံးငွေ လေလံကတစ်ဆင့် နေ့စဉ်သတ်မှတ်ပေးပါတယ်။ Interbank ဈေးကွက်မဖွံ့ဖြိုးသေးတဲ့အတွက် ငွေလဲနှုန်းအတက်အကျ Smooth ဖြစ်စေဖို့ နိုင်ငံခြားသုံးငွေ လေလံကတစ်ဆင့်သာ အရောင်းအဝယ် ပြုလုပ်လျက်ရှိပါတယ်။

**မေး။ ။နိုင်ငံတကာပညာရှင်တွေနဲ့ရော တိုင်ပင်တာမျိုး ရှိပါသလား။**

ဖြေ။ ။ကျွန်တော်အခု ပြောခဲ့တာတွေအားလုံးက ကျွန်တော့်ရဲ့ ထင်မြင်ယူဆချက်တွေထက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကို ကူညီပေးနေတဲ့ နိုင်ငံတကာပညာရှင်တွေ ပြည်တွင်းပြည်ပအကြံပေး အဖွဲ့တွေနဲ့အတူတူ ပေါင်းစည်းဆွေးနွေးတိုင်ပင် သုံးသပ်ဆောင်ရွက်ထားပြီး ဒါမှမဟုတ် ဆက်လက်ဆောင်ရွက်မယ့်အချက်တွေ ဖြစ်ပါတယ်။

အခုအချိန်မှာ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(IMF)၊ ကမ္ဘာ့ဘဏ် (World Bank)၊ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)၊ ဂျာမနီနိုင်ငံ giz စတဲ့အဖွဲ့အစည်းတွေက နိုင်ငံတကာပညာရှင်ပေါင်းစုံကိုစေလွှတ်ထားပြီး အဲဒီပညာရှင်တွေနဲ့ ရုံးခန်းအတူထိုင်ပြီး သုတေသနတွေလုပ် သုံးသပ်တိုင်ပင်ပြီး ဆောင်ရွက်နေပါတယ်။

ဒါပေမယ့် အခုအချိန်အထိ အခက်အခဲပေါင်းများစွာနဲ့ စိန်ခေါ်မှုပေါင်းများစွာ ရှိနေပါသေးတယ်။ ကျွန်တော်တို့အားလုံးရဲ့ စွမ်းရည်(Capacity)ကိုလည်း အများကြီးမြှင့်တင်ဖို့လိုပါသေးတယ်။

---

## အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များခရီးစဉ် ညစာစားပွဲနှင့် ယဉ်ကျေးမှုဖလှယ်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၈**

(၄၂)ကြိမ်မြောက် အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များခရီးစဉ် (၂၀၁၅) ညစာစားပွဲနှင့် ယဉ်ကျေးမှုဖလှယ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၇ ရက် ညနေ ၆နာရီခွဲက ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက တက်ရောက်လာသည့် အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များခရီးစဉ်တွင်ပါဝင်သူများကို ညစာစားပွဲ အကြိုနှုတ်ခွန်းဆက် မိန့်ခွန်းပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr. Tateshi Higuchi က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဂျပန်သင်္ဘောအုပ်ချုပ်ရေးမှူးတို့အပြန်အလှန် အမှတ်တရလက်ဆောင်ပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးက မလေးရှား၊ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ထိုင်း၊ ဂျပန်၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ လာအိုနှင့် မြန်မာနိုင်ငံတို့မှ National Leader တစ်ဦးချင်းစီအား လက်ဆောင်ပစ္စည်းပေးအပ်သည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်များတက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

ပြည်တွင်းရေးရာ

# ကျောက်တန်းမြို့နယ်အတွင်းရှိ ကျေးရွာများ ဖွံ့ဖြိုးရေးကွင်းဆင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၈**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် နိုဝင်ဘာ ၂၇ ရက်က ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ခနောင်ကျေးရွာအုပ်စု ဘုံလုံကျေးရွာသို့ရောက်ရှိပြီး ဘုံလုံ-စင်မကော်ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်နိုင်ရေးနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကမှီခိုအားထားနေရသည့် စိုက်ပျိုးရေရရှိရေးအတွက် ရေသွယ်မြောင်းဖောက်လုပ်နိုင်ရေးစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘုံလုံကျေးရွာ မာန်အောင်သပြေကျောင်းတိုက်၌ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ ဘုံလုံကျေးရွာအနေဖြင့် ခနောင်ကျေးရွာအုပ်စုအတွင်းပါဝင်ပြီး အတွင်းပိုင်းကျကာ ရေလမ်းခရီးကိုသာ အဓိကမှီခိုအားထားနေရသည့်အတွက် မိမိတို့၏လယ်ယာထွက်ကုန်များအား ရေလမ်း၊ ကုန်းလမ်းနှစ်သွယ်ဖြင့် သယ်ယူပို့ဆောင်နေကြရကြောင်း၊ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပြီးစီးသွားပါက မိမိတို့ထွက်ကုန်များအား မြို့ပြများသို့ ကုန်းလမ်းခရီးဖြင့် တိုက်ရိုက်ဆက်သွယ်ရောင်းဝယ်ဖောက်ကားနိုင်ပြီဖြစ်၍ ကျေးလက်လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးလာတော့မည်ဖြစ်ကြောင်း၊ ကျေးလက်လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာသည်နှင့်အမျှ ကျေးရွာသူ/သားများအနေဖြင့် မိမိတို့ရပ်ရွာစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စိတ်တူကိုယ်တူဖြင့် စည်းလုံးညီညွတ်စွာ ဆက်လက်ပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် နရွဲချောင်ကျေးရွာသို့ ရောက်ရှိပြီး ဘုန်းတော်ကြီးကျောင်း၌ ကျေးရွာအထောက်အကူပြုကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး ကျေးရွာလိုအပ်ချက်များဖြစ်သော လျှပ်စစ်မီးရရှိရေးအတွက် မီးလင်းရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်သွားနိုင်ရေး၊ ကျေးရွာချင်းဆက်မြေသားလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရေး ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် ဘိုးဘကျေးရွာသို့ ရောက်ရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ သား/ငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆင်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး မီးလင်းရေးကော်မတီဖွဲ့စည်း၍ ကျေးရွာလျှပ်စစ်မီးရရှိရေး၊ ပညာရေးအထောက်အကူပြုပစ္စည်းလိုအပ်ချက်များနှင့် ဘိုးဘ-နရွဲချောင် ကျေးရွာချင်းဆက်မြေသားလမ်း အဆင့်မြှင့်တင်နိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■■■■

# နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုသည် လူ့စွမ်းအားအရည်အသွေး စွမ်းဆောင်ရည် အနိမ့်အမြင့်ပေါ်မူတည်

**နေပြည်တော် နိုဝင်ဘာ ၂၈**

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ ကြီးမှူးကျင်းပသော National ICT Award 2015 အတွက် Education Project Competition ပြိုင်ပွဲ အပြီးသတ်စိစစ်ရွေးချယ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေ MICT Park ၌ ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက ပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ယင်းနိုင်ငံ၏ လူ့စွမ်းအားအရည်အသွေး၊ စွမ်းဆောင်ရည်အနိမ့်အမြင့်ပေါ် မူတည်နေသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ ပညာအရည်အသွေးမြင့်မားသော နိုင်ငံသည် ရေရှည်တည်တံ့သည့် စီးပွားရေးဖွံ့ဖြိုးမှုရှိပြီး တစ်ဖန်ဖွံ့ဖြိုးသောနိုင်ငံသည် အရည်အသွေးမြင့်မားသော ပညာရေးကို ဖြည့်ဆည်းပေးနိုင်စွမ်းရှိကြောင်း၊ သတင်းအချက်အလက်နှင့် နည်းပညာခေတ်တွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသည် ကဏ္ဍစုံအတွက်သာမက ပညာရေးကဏ္ဍမှာလည်း ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် အရည်အသွေးစွမ်းရည်မြင့်မားအောင် အထောက်အကူပြုနိုင်သော အဆင့်မြင့် နည်းပညာတစ်ခု ဖြစ်ကြောင်း။

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် ဆက်စပ်အသင်းများသည် ပုဂ္ဂလိကကဏ္ဍဘက်မှ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် တိုးတက်ရေးလုပ်ငန်းများကို တိုင်းချစ်ပြည်ချစ်စိတ်နှင့် လုပ်ဆောင်ပေးရင်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ လျှောက်လှမ်းနိုင်အောင် ကြိုးစားကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌ ဦးခွန်ဦးက ကြိုဆိုနှုတ်ဆက်စကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ပြိုင်ပွဲကျင်းပရေးကော်မတီမှ ဦးအောင်စိုးမိုးက National ICT Award 2015 (Education Project)ပြိုင်ပွဲကျင်းပရခြင်းနှင့် ပြိုင်ပွဲစည်းကမ်းချက်များအား ရှင်းလင်းသည်။

ထို့နောက် National ICT Award 2015 Education Project Competition ပြိုင်ပွဲကို မူလတန်းအဆင့်ပြိုင်ပွဲ၊ အလယ်တန်းအဆင့်ပြိုင်ပွဲ၊ အထက်တန်းအဆင့်ပြိုင်ပွဲ၊ ဆရာအဆင့်ပြိုင်ပွဲများ ဆက်လက်ကျင်းပနေမှုအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ပြီး ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့် ပြိုင်ပွဲကျင်းပရေး တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။





အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းအသီးသီးမှ အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းဝင်များ၊ အကဲဖြတ်ဒိုင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်တွင်းသာမက ပြည်ပသို့ တင်ပို့ရောင်းချသွားမည့် ထရန်စဖော်မာများ ဂျပန်-မြန်မာ ပူးပေါင်းထုတ်လုပ်မှုစတင်

**ရန်ကုန် နိုဝင်ဘာ ၂၈**

ပြည်တွင်း ဈေးကွက်သာမက ပြည်ပသို့ပါ တင်ပို့ရောင်းချသွားမည့် ထရန်စဖော်မာများကို ဂျပန်နည်းပညာကုမ္ပဏီကြီး ဖြစ်သည့် ဟီတာချီကုမ္ပဏီနှင့် ပြည်တွင်းထရန်စဖော်မာ ကုမ္ပဏီတစ်ခုဖြစ်သည့် SOE Electric & Machinery တို့ပူးပေါင်းထုတ်လုပ်မှု စတင်လိုက်ပြီဖြစ်ကြောင်း သိရသည်။



ဓာတ်ပုံ - ခင်မောင်ဝင်း

ဟီတာချီကုမ္ပဏီနှင့် SOE Electric & Machinery တို့ ပူးပေါင်းဆောင်ရွက်မှုတွင် ပြည်တွင်းလိုအပ်ချက်သာမက အာဆီယံဒေသတွင်း နိုင်ငံများသို့ပါ ထုတ်လုပ်တင်ပို့ရန် ရည်ရွယ်ထားပြီး ပြည်တွင်း၌ ထုတ်လုပ်သွားမည်ဖြစ်သောကြောင့် ပြည်ပမှ တင်ပို့နေရမှုကိုလည်း လျှော့ချသွားနိုင်မည်ဟု သိရသည်။

ကုမ္ပဏီနှစ်ခု အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုတွင် အမေရိကန်ဒေါ်လာ ၄၅ သန်း ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားမည်ဖြစ်ပြီး ဟီတာချီကုမ္ပဏီမှ ၅၁ ရာခိုင်နှုန်းနှင့် စိုးအီလက်ထရွန်နစ်ကုမ္ပဏီက ၄၉ ရာခိုင်နှုန်းဖြင့် Hitachi SOE Electric & Machinery ကုမ္ပဏီ ထူထောင်ကာ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်ဟု သိရသည်။

ကုမ္ပဏီနှစ်ခု ပူးပေါင်းဆောင်ရွက်မှုသဘောတူညီမှုစာချုပ်ကို ယခုနှစ်အတွင်းတွင် လက်မှတ်ရေးထိုးခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ စတင်ကာ လုပ်ငန်းများ စတင်လည်ပတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ဟီတာချီကုမ္ပဏီသည် ဂျပန်နိုင်ငံအခြေစိုက် ကမ္ဘာကျော်ကုမ္ပဏီကြီးတစ်ခုဖြစ်ပြီး အီလက်ထရွန်နစ်၊ စွမ်းအင်၊ အခြေခံအဆောက်အအုံ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးစနစ်များ၊ ဆောက်လုပ်ရေးနှင့် နည်းပညာ အရည်အသွေးမြင့် စက်ပစ္စည်းများ၊ စက်အစိတ်အပိုင်းများ စသည့် ကဏ္ဍများကို လုပ်ကိုင်ဆောင်ရွက်နေသည့် ကုမ္ပဏီကြီးဖြစ်သည်။ SOE Electric & Machinery ကုမ္ပဏီအနေဖြင့် လျှပ်စစ်ထုတ်ဝေဖြန့်ဖြူးရေးဆိုင်ရာ ထရန်စဖော်မာများ ပြည်တွင်းတွင် ထုတ်လုပ်ဖြန့်ချိနေသော ကုမ္ပဏီတစ်ခုဖြစ်ပြီး ၂၀၁၃ ခုနှစ်တွင် ကမ္ဘာကျော် နယ်သာလန်နိုင်ငံမှ ထရန်စဖော်မာ ထုတ်လုပ်မှုထောက်ခံချက်ပေးသောအဖွဲ့မှ အသိအမှတ်ပြုခံထားရသော ကုမ္ပဏီဖြစ်ကြောင်း သိရသည်။

ယင်းသို့ ပြည်တွင်း ပြည်ပကုမ္ပဏီနှစ်ခု ပူးပေါင်းဆောင်ရွက်နိုင်ခြင်းကြောင့် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများလည်း ဖန်တီးပေးနိုင်မည်ဖြစ်ပြီး နိုင်ငံတကာအတွေ့အကြုံနှင့် နည်းပညာများလည်း ရရှိလာနိုင်မည်ဟု သိရသည်။ လက်ရှိတွင် ဝန်ထမ်းပေါင်း ၄၀၀ ကျော်အား အလုပ်အကိုင် အခွင့်အလမ်းပေးနိုင်ခဲ့ကြောင်းသိရသည်။ **(၀၀၁)**

# ဘုရားဖူးမော်တော်ယာဉ်များထံမှ ငွေကြေးတောင်းခံနေမှုများကြောင့် ယာဉ်အန္တရာယ်စိုးရိမ်နေရ

**ညောင်ဦး နိုဝင်ဘာ ၂၈**

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသဖြစ်သည့် ပုဂံ-ညောင်ဦးမြို့သို့ ခရီးသွားရာသီဖြစ်၍ ပြည်တွင်း ပြည်ပဘုရားဖူးဧည့်သည်များအဆက်မပြတ် လာရောက်လည်ပတ်လေ့ရှိခြင်းကြောင့် မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ ညောင်ဦးမှ ကျောက်ပန်းတောင်းသို့ နေ့စဉ်ဖြတ်သန်းသွားလာလျက်ရှိသည်။ ထိုသို့ ညောင်ဦးမှ ကျောက်ပန်းတောင်းသို့ သွားလမ်းဖြစ်သည့်(ရွှေလှိုင်းကျေးရွာအနီး) ရွှေလှိုင်းချောင်းတစ်လျှောက်တွင် ဖြတ်သန်းသွားလာနေသည့် ဘုရားဖူးမော်တော်ယာဉ်များထံမှလူကြီး၊ ကလေးများမကျန် အုပ်စုလိုက်ငွေကြေးတောင်းခံနေမှုများမှာ ဘုရားဖူးများအတွက် ယာဉ်အန္တရာယ်ဖြစ်မည်ကိုစိုးရိမ်နေရကြောင်း ဘုရားဖူးလာရောက်သည့် ယာဉ်မောင်းအချို့က ပြောသည်။

"ကျွန်တော်တို့ ဘုရားဖူးဧည့်သည်တွေအနေနဲ့ ယခုလိုအုပ်စုလိုက် ငွေကြေးတောင်းခံနေမှုတွေ မရှိစေချင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ပုဂံ-ညောင်ဦးမြို့ဟာ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသဖြစ်လို့ ခရီးသွားရာသီတွေမှာ ပြည်တွင်းဘုရားဖူးဧည့်သည်တွေတင်မကဘဲ ပြည်ပနိုင်ငံတကာက နိုင်ငံခြားသားဧည့်သည်တွေ အများအပြားလာရောက်နေတဲ့အတွက် အမြင်မတင့်တယ်တဲ့အနေအထားပါ။ ပြီးတော့မလိုလားအပ်တဲ့ ယာဉ်တိုက်မှုအန္တရာယ်တွေလည်း စိုးရိမ်ရပါတယ်။ နောက်ပြီး ဘုရားဖူးခရီးသွားဧည့်သည်တွေအနေနဲ့လည်း ဒီလိုမျိုးငွေကြေးတောင်းခံမှုတွေကို အားမပေးသင့်ဘူးလို့ အကြံပြုပြောချင်ပါတယ်"ဟု ရန်ကုန်မြို့မှ ဘုရားဖူးလာရောက်သည့် ဧည့်သည်တစ်ဦး၏ ပြောပြချက်အရသိရသည်။ သို့ဖြစ်၍ ပုဂံ-ညောင်ဦးမြို့သို့ ဘုရားဖူးလာရောက်သည့် ဧည့်သည်များအတွက် ယာဉ်အန္တရာယ်မဖြစ်စေရေး အလေးထားဆောင်ရွက်သင့်သော ရွှေလှိုင်းချောင်းအနီး ငွေကြေးတောင်းခံမှုများ အချိန်မီတားမြစ်ပေးစေလိုကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် တမူးခရိုင်အတွင်း နေအိမ်သစ်များတည်ဆောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိ



ကမ္မကြီးကျေးရွာ ပြန်လည်ထူထောင်ရေးအတွက် အိမ်ရာဆောက်လုပ်နေမှုကို တွေ့ရစဉ်။



ကနန်ကျေးရွာ အိမ်ရာများဆောက်လုပ်ထားမှုကို တွေ့ရစဉ်။



မင်းသမီးကျေးရွာ ပြန်လည်ထူထောင်ရေးအတွက် အိမ်ရာဆောက်လုပ်နေမှုကို တွေ့ရစဉ်။



ကနန်ကျေးရွာပြန်လည်ထူထောင်ရေးအတွက် ဆောက်လုပ်လျက်ရှိသည့်အိမ်ရာများကို တွေ့ရစဉ်။



မင်းသမီးကျေးရွာ ပြည်သူများအတွက် မြေယာဖော်ထုတ်မှုအခြေအနေကို တွေ့ရစဉ်။



ကျွန်းတောရေရှင်ကျေးရွာ၌ ဆောက်လုပ်ပြီးစီးပြီဖြစ်သည့်အိမ်ရာကို တွေ့ရစဉ်။

# မြင်းလှည်းများဖြင့် ပန်းရနေသည့် အင်းဝရှေးဟောင်းမြို့တော်

**မန္တလေး နိုဝင်ဘာ ၂၈**

မြန်မာနိုင်ငံတွင် နိုင်ငံတကာခရီးသွားဧည့်သည်များ အများဆုံးဝင်ရောက်သည့်လများမှာ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာဆိုသည့် ဘာလေးဘာဟု အတိုကောက်မှတ်ထားလေ့ရှိသည်။ လက်ရှိကာလတွင် ခရီးသွားဧည့်သည်အဝင်များပြီး မန္တလေးမြို့နှင့်အနီးတစ်ဝိုက်လေ့လာစရာသမိုင်းဝင်နေရာများဖြစ်သော မန္တလေး၊ အမရပူရ၊ အင်းဝ၊ မင်းကွန်းဒေသနှင့် စစ်ကိုင်းမြို့များတွင် ခရီးသွားဧည့်သည်အဝင်များနေကြောင်း သိရသည်။

အင်းဝဒေသတွင် နိုင်ငံခြားသားခရီးသွားဧည့်သည်များ သွားရောက်လည်ပတ်နိုင်ရန် အိုးတုတ္တန်းတွင် မြင်းလှည်းများထိုးထားကြသည်။ မြင်းလှည်းများ ခရီးသွားဧည့်သည်ပို့ဆောင်ရာတွင် တစ်စီးလျှင် ဧည့်သည်နှစ်ယောက်နှုန်းတင်ဆောင်ပြီး ဧည့်လမ်းညွှန်ပါပါကဂင်းကိုအခမဲ့တင်ဆောင်ပေးကြရသည်။ ဧည့်သည် တစ်ဦးလျှင် မြင်းလှည်းခ ငွေကျပ် ငါးထောင်နှုန်းဖြင့် နှစ်ယောက်ကျပ် တစ်သောင်းယူကြောင်း သိရသည်။

မြင်းလှည်းဆရာများအခေါ်အဝေါ် ဆိုက်စည်းအရဧည့်သည်များကို နေရာလေးနေရာ ပို့ပေးရသည်။ လက်ရှိကာလ ဒေသအခေါ် ခရုပတ်တွင်ပင် မြင်းလှည်း ၁၆၀ခန့် ဂိတ်ထိုးထားသည်။ ခရီးသွားဧည့်သည်အဝင်များသည့် နိုဝင်ဘာလတွင်ပင် မြင်းလှည်းများမှာ တစ်နေ့လျှင် တစ်ခေါက်ခန့်သာ ရရှိသည်။ အချို့ရက်များတွင်မှသာ နှစ်ခေါက်ရသည်။

မြင်းလှည်းဆရာများအနေဖြင့် မြင်းစာများ ဈေးနှုန်းကြီးမြင့်လာခြင်းကြောင့် မြင်းစာအတွက် တစ်နေ့လျှင် အနည်းဆုံးကျပ်သုံးထောင်မှငါးထောင်အထိကုန်ကျပြီး ၎င်းတို့၏နေ့တွက်ခမှာ ကျပ်ငါးထောင်ကျော် ခြောက်ထောင်မျှသာရရှိကြသည်။ နှစ်ခေါက်ပြေးဆွဲရလျှင် ကျပ်တစ်သောင်းကျော်ရရှိသည်။

အင်းဝဒေသသည် ရှေးဟောင်းမြို့တော်ဖြစ်သည်နှင့်အညီ မြင်းလှည်းနှင့်လည်ပတ်မှသာ ပန်းရကာ သဘာဝကျလှသည်ဟု ဆိုကြသည်။ အင်းဝဒေသအလှသည် သမိုင်းဝင်နေရာများနှင့်အတူ မြင်းလှည်းစီးကာ လေ့လာသည့် သဘာဝဓလေ့မှာ ချစ်စဖွယ်ပင်ဖြစ်နေကြောင်း သိရသည်။

**(တိမ်တမန်)**



# မြိတ်မြို့နယ်၌ အိမ်ခြံမြေဈေးနှုန်းများ တစ်ဟုန်ထိုးမြင့်တက်

**မြိတ် နိုဝင်ဘာ ၂၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အိမ်ခြံမြေဈေးကွက်သည် ယခုရက်ပိုင်းအတွင်း သိသိသာသာ မြင့်တက်ခဲ့ပြီး မြို့တွင်းမြို့ပြင် မြိတ်ဒေသတစ်ဝိုက် မြေကွက်များ အရောင်းအဝယ်ဖြစ်ထွန်းလျက်ရှိကြောင်း အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းရှင်ထံတစ်ဦးထံမှ သိရသည်။

အိမ်ခြံမြေလုပ်ငန်းရှင်းနှီးမြှုပ်နှံရာ၌ တခြားစီးပွားရေးလုပ်ငန်းများထက် ပိုမိုခိုင်မာမှုရှိပြီး ဘဏ်ချေးငွေများလည်း ရရှိခြင်းကြောင့် ယခုလပိုင်းအရောင်းအဝယ်ဖြစ်ထွန်းနေခြင်းဖြစ်ကြောင်း မြိတ်အိမ်ခြံမြေရောင်းဝယ်သူထံမှ သိရသည်။

လက်ရှိအနေအထားအရ အိမ်ခြံမြေဈေးကွက်သည် ကမ်းနားလမ်း၊ မြိတ်ကုန်တိုက်ဧရိယာဝန်းကျင် ပေ (၈၀× ၈၀) တစ်ကွက်လျှင် ငွေကျပ်သိန်း ၂၅၀ ဝန်းကျင်၊ နိုင်ငံတကာအဆင့်မီ ဂျပန်နည်းပညာဖြင့် ဆောက်လုပ်ထားသော သုံးထပ်တိုက်မြေကွက်တစ်ခုလျှင် ငွေကျပ်သိန်း ၃၃၀ ဝန်းကျင်၊ မြိတ် အများပိုင် ကော်ပိုရေးရှင်းလီမိတက်အဝေးပြေးကားဝင်း- မြိတ်တောင် လေဆိပ် အောက်ဘက်ဧရိယာဝန်းကျင်တွင် ပေ ၁၀၀ ပတ်လည် တစ်ကွက်လျှင် ငွေကျပ်သိန်း ၁၅၀ ဝန်းကျင်ခန့်၊ ရှမ်းချောင်း- စန္ဒဝတ်-ကျွဲကူးလမ်းမကြီးတွင် ပေ ၈၀×ပေ ၈၀တစ်ကွက်လျှင် ငွေကျပ်သိန်း ၁၀၀ ဝန်းကျင်၊ ကျောက်ဖျာစက်မှုဇုန်ဝန်းကျင်ပေ ၁၀၀×ပေ ၁၀၀ ပတ်လည် တစ်ကွက်လျှင် ငွေကျပ်သိန်း ၁၂၀ ဝန်းကျင်ခန့်၊ သမှတ်ပတ်ဝန်းကျင်တွင် ပေ ၁၀၀×ပေ ၁၀၀ တစ်ကွက်လျှင် ငွေကျပ်သိန်း ၈၀ ဝန်းကျင်ခန့်နှင့် တနင်္သာရီ-တကူ- မောတောင်ဒေသ ဝန်းကျင် ပေ၁၀၀× ပေ ၁၀၀တစ်ကွက် လျှင် ငွေကျပ်သိန်း ၃၀ဝန်းကျင်ခန့် အထိရှိသည်ဟု မြိတ်ဒေသခံ ဦးအေးဝင်း (မြိတ်ဟာလဝါ)က ပြောသည်။

အထက်ပါ အိမ်ခြံမြေဈေးနှုန်းများသည် ယခင်က နေရာဒေသအလိုက် ကျဆင်းခဲ့သော ဈေးနှုန်းများမှာ ငွေကျပ် သိန်း ၂၀မှ ငွေကျပ်သိန်း ၃၀ ဝန်းကျင်ခန့်သာ ရှိသော်လည်း မောတောင်ကုန်သွယ်ရေးဂိတ်ဖွင့်လှစ်ခြင်း၊ ရန်ကုန်-မြိတ်-မောတောင်- ပရာချွတ်(ပကျွတ်)-ဘန်ကောက်- ရန်ကုန် ခရီးသည်တင်ယာဉ် Yangon-Bangkok Air Bus-Taxi ဘတ်စ်ကားပြေးဆွဲခြင်းနှင့် Boeing 737-Cargo Air Line-မြိတ်- ဘန်ကောက် တိုက်ရိုက်ပျံသန်းပြေးဆွဲခြင်း၊ နိုင်ငံဖြတ်ကျော်ခရီးသွားကုန်သွယ်ရေးဂိတ်ဖွင့်လှစ်ပေးနိုင်ခြင်း၊ နိုင်ငံကူးလက်မှတ်များ၊ ပြည်ဝင်ခွင့်ဗီဇာများ အခမဲ့ဝန်ဆောင်မှုနှင့် ဗီဇာသက်တမ်း တိုးပေးခြင်း၊ အထောက်အထားလက်မှတ် ထုတ်ပေးခြင်း၊ ဌာနဆိုင်ရာအဖွဲ့အစည်းပေါင်းစုံရုံးခန်းများ ဖွင့်လှစ်ထားရှိ၍ အခြေချနေထိုင်သူ စီးပွားရေးလုပ်ငန်းကုမ္ပဏီပိုင်ရှင်များ ရောက်ရှိရုံးစိုက်နေမှုများကြောင့် ယခင်နှစ်များက အရောင်းအဝယ်ထူးခြားမှုမရှိခဲ့သည့် ရန်ကုန်-မြိတ်-တနင်္သာရီ- တကူ- မောတောင်-ပရာချွတ် (ပကျွတ်)-ဘန်ကောက်ဟိုင်းဝေးလမ်းမကြီးပေါ်ရှိ အကွက်ကျယ်ဧကအကွက်များမှာလည်း ပြန်လည်အရောင်းအဝယ်ဖြစ်ထွန်းလျက် ဂရန်မြေများသာမက လယ်ယာမြေများပါမကျန် အရောင်းအဝယ်အားကောင်းလျက်ရှိရာ ထိုင်းနိုင်ငံစီးပွားရေးကုမ္ပဏီပိုင်ရှင်များက စက်ရုံ၊ အလုပ်ရုံတည်ဆောက်နိုင်ရေးအဆိုပါလယ်ယာမြေများကို တစ်ဧကလျှင် ငွေကျပ်သိန်း ၃၀အထိပေးချေ၍ ဈေးကောင်းပေးဝယ်ယူလျက်ရှိကြောင်း ဒေသခံတစ်ဦးဖြစ်သူ ဦးပေါစိန် (မောတောင်)၏ ပြောကြားချက်အရ သိရသည်။

**(ကြေးမုံ)**

# ဂျပန်နိုင်ငံချေးငွေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ပဲခူး နိုဝင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)တောင်နဝင်းဆည်၊ မြောက်နဝင်းဆည်(ပြည်မြို့)၊ဝဲကြီးဆည်(ပေါင်းတည်မြို့) နှင့် တောင်ညိုဆည် (နတ်တလင်းမြို့)တို့မှ ရေသောက်စနစ် အဆင့်မြှင့်တင်ဆောင်ရွက်မှုလုပ်ငန်းများကို JICA (ODA) ချေးငွေအစီအစဉ်ဖြင့် ဂျပန်နိုင်ငံ Sanyu Consulants Inc အဖွဲ့နှင့် ဆည်မြောင်းဦးစီးဌာနတို့မှ နိုဝင်ဘာလဆန်းမှစ၍ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆည်ကြီးများမှ အဓိကရေပေးဝေသော ပင်မတူးမြောင်းကြီးများအား ကွန်ကရစ်အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းကို ယခုနှစ်ဒီဇင်ဘာလ ဒုတိယပတ်မှ စတင်ပြီး ၂၀၁၆ ဇွန်လအထိ ခုနစ်လအတွင်း ဆောင်ရွက်မည်ဖြစ်ပြီး လက်တံမြောင်းငယ်များနှင့် ရေသောက်စနစ်တစ်ခုလုံး အဆင့်မြှင့်တင်သည့် လုပ်ငန်းတစ်ခုလုံးကို သုံးနှစ်အတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း ၂၀၁၅-၂၀၁၆ နွေစပါးရေပေးဝေခြင်းလုပ်ငန်းများကိုလည်း ရပ်နားထားမည်ဖြစ်ရာ တောင်သူများအနေဖြင့် ကြိုတင်သိရှိပြင်ဆင်ထားရန်လိုကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။ ဇီးကုန်းမြို့နယ်တွင် နွေစပါးစိုက်ပျိုးဧရိယာမှာ ၅၈၁ဧကဖြစ်ပြီး နတ်တလင်းမြို့နယ်မှာ ၅၁၉၇ ဧက နှစ်စဉ် နွေစပါး စိုက်ပျိုးခဲ့ကြောင်း သိရသည်။ စီမံကိန်းပြီးစီးပါက ဆည်ရေသောက်လယ်များ သုံးသီးပြန်လည်စိုက်ပျိုးနိုင်ပြီဖြစ်၍ ဝင်ငွေတိုးတက်လာမည်ဖြစ်သည်။ ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ဆောင်ရွက်သည့်လုပ်ငန်းကို ပြည်မြို့ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၂)မှ တာဝန်ယူ၍ နတ်တလင်းဆည်မြောင်းဦးစီးဌာနအရာရှိ (မြို့ပြ)ရုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သိန်းဝင်း(ကြို့ပင်ကောက်)**

# ပိုလီယိုရောဂါကာကွယ်ဆေး(ထိုးဆေး)အကြောင်း တိုင်းအဆင့် အသိပေးဆွေးနွေး

**မန္တလေး နိုဝင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီးတွင် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်း၌ ကာကွယ်ဆေးအသစ်ဖြစ်သော ပိုလီယိုရောဂါကာကွယ်ဆေး(ထိုးဆေး)(IPV) ထည့်သွင်းခြင်း တိုင်းအဆင့် အသိပေးဆွေးနွေးပွဲအား ယနေ့ နံနက် ၉ နာရီက တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

"မြန်မာနိုင်ငံဟာ ပိုလီယိုရောဂါပိုးကင်းစင်ပြီး နိုင်ငံတစ်ခုဖြစ်ပါတယ်။ ဒီအခြေအနေကို ဆက်လက်ထိန်းသိမ်းထားရမှာ ဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများ လွှမ်းခြုံမှုမြင့်မားစေရန် အားဖြည့်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ဒါမှသာ လူထုခုခံကာကွယ်နိုင်စွမ်းအား ကောင်းမွန်လာမှာ ဖြစ်ပါတယ်။ Coverage ကျတဲ့ဒေသတွေမှာ ပိုလီယိုရောဂါပိုး ပြန်ဝင်ရောက်နိုင်တဲ့ အန္တရာယ်ရှိပါတယ်။ ဒါကြောင့် Routine EPI လုပ်ငန်းတွေကို အားဖြည့်ဆောင်ရွက်ပြီး ရောဂါဝင်ရောက်မှုရှိရင် စောစီးစွာတွေ့ရှိဖို့အတွက် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းကို စံချိန်မီဆောင်ရွက်ခြင်း၊ ရောဂါပိုးပြန်လည်ဝင်ရောက်နိုင်တဲ့ အန္တရာယ်ဖြစ်နိုင်ခြေကို နေရာဒေသအလိုက် ဆန်းစစ်ခြင်း၊ ပိုလီယိုရောဂါပိုး ဝင်ရောက်ကူးစက်ပါက တုံ့ပြန်ဆောင်ရွက်ရန် ပြင်ဆင်ခြင်းနှင့် ကူးစက်မှုလျင်မြန်စွာ ပြတ်တောက်စေရန် အားသွန်ခွန်စိုက်ဆောင်ရွက်ခြင်းများကို ကြိုတင်ပြင်ဆင်ထားရမှာ ဖြစ်တယ်"ဟု တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်က ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် အသစ်ထပ်မံထည့်သွင်းမည့် ပိုလီယိုရောဂါ ကာကွယ်ဆေးထိုးဆေးနှင့်ပတ်သက်၍ ပြောကြားသည်။

ထို့နောက် တိုင်းအထူးရောဂါနှိမ်နင်းရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဆရာဝန် ဒေါက်တာ သီသီခိုင်က ပိုလီယိုရောဂါကာကွယ်ဆေးထိုးဆေး အသေးစိတ်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ပိုလီယို ဗိုင်းရပ်စ်ပိုးအမျိုးအစား သုံးမျိုးရှိကြောင်း၊ ကလေးအားလုံး ကူးစက်နိုင်ကြောင်း၊ မစင်မှ ပါးစပ်၊ ပါးစပ်မှ ပါးစပ်ကူးစက်နိုင်ကြောင်းနှင့် ယခု ပိုလီယိုရောဂါကာကွယ်ဆေး(ထိုးဆေး) (IPV) မှာ ပိုလီယိုရောဂါ အမျိုးအစား သုံးမျိုးလုံးကို ကာကွယ်ပေးမှာဖြစ်ကြောင်း၊ ပါးစပ်မှတိုက်ရသော ပိုလီယို ရောဂါကာကွယ်ဆေးနှင့် ပိုလီယိုရောဂါကာကွယ်ဆေးထိုးဆေးတို့မှာ ရောဂါကာကွယ်ပေးသော သဘာဝနည်းလမ်း မတူသော်လည်း နှစ်မျိုးပေါင်း အာနိသင် ပိုကောင်းကြောင်း ပြောကြားသည်။

ပိုလီယိုရောဂါကာကွယ်ဆေးထိုးခြင်းလုပ်ငန်းအားဒီဇင်ဘာလအတွင်း စတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး လိုက်လံထိုးနှံမည့် ပြည်သူ့ကျန်းမာရေးဆရာ၊ ဆရာမများကို စနစ်တကျ သင်တန်းများ ပို့ချထားရှိပြီးဖြစ်ကြောင်း သိရသည်။

**(တိုင်းပြန်/ဆက်)**

❑ ❑ ❑

# တာချီလိတ်မြို့နယ်ပညာရေးမှူး(ဖလား) အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**တာချီလိတ် နိုဝင်ဘာ ၂၈**

၂၀၁၅ ခုနှစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်ပညာရေးမှူး(ဖလား) အသက်(၁၆)နှစ်အောက်နှင့် အသက် (၁၂) နှစ်အောက် အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီက မြို့မအားကစားကွင်း၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနား၌ မြို့နယ်ပညာရေးမှူး ဦးစိန်ထွန်းလှက နိုင်ငံတော်အနေဖြင့် မြန်မာ့အားကစား အဆင့်အတန်းမြင့်မားရေး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဦးစားပေးအဖြစ် မြန်မာ့ဘောလုံးအားကစား အဆင့်အတန်းမြင့်မားရေးအတွက် စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တာချီလိတ်အခြေခံပညာအထက်တန်းကျောင်းနှင့် ဟောင်လိတ် အခြေခံပညာအထက်တန်းကျောင်းတို့မှ အေရိုးဗစ်အကနှင့် မြန်မာရိုးရာ သိုင်းသရုပ်ပြတို့ဖြင့် သရုပ်ပြဖွင့်လှစ်ပေးသည်။

အဆိုပါ အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲအား တာချီလိတ်မြို့နယ်နှင့် တာလေမြို့တို့ရှိ အခြေခံပညာကျောင်းများမှအသက် (၁၂) နှစ်အောက် ဘောလုံးအသင်း ၁၅ သင်းနှင့် အသက် (၁၆) နှစ်အောက် ဘောလုံးအသင်း ကိုးသင်းတို့က နိုဝင်ဘာ ၂၇ ရက်မှ ဒီဇင်ဘာ ၁၁ ရက်အထိ ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ဖွင့်ပွဲအပြီးတွင် အသက် (၁၆) နှစ်အောက် အသင်းများဖြစ်သည့် အထက တာလေနှင့် အထက နားအွန်အသင်းတို့က ဆက်လက်ယှဉ်ပြိုင် ကစားခဲ့ကြောင်းသိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ရုပ်မြင်သံကြားအစီအစဉ်များ

[၂၉ - ၁၁ -၂၀၁၅ (တနင်္ဂနွေနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့်
-အလင်္ကာကျော်စွာ
ရွှေပြည်အေးနှစ်
(၁၀၀)ပြည့်တေးဂီတအစီအစဉ်
(အပိုင်း-၁)
၆း၂၀ မြန်မာဗီဒီယိုဇာတ်လမ်း
"သုံးနဲ့လေး"
(ရဲတိုက်၊ ဝတ်မှုံရွှေရည်)
(ဒါရိုက်တာ-ကိုပေါက်)
၇း၅၀ ချစ်စရာ့အရွယ်ကစားကြမယ်
၈း၂၀ ဝတ်စားဆင်ယင်မှုပြပွဲ
(တေးဂီတ)
၈း၄၀ ဆိုကြမယ်၊ ပျော်ကြမယ်
၉း၃၀ မြန်မာရုပ်ရှင် (ဆေးရောင်စုံ)
"ဂွတ်ရှယ်သမက်"
(ရန်အောင်၊ ရဲအောင်၊ နေတိုး၊
ကျော်ကျော်ဗို၊ မေသဥ္ဇာဦး၊
မိုးဟေကို၊ စိုးပြည့်သဇင်)
(ဒါရိုက်တာ-ညီညီထွန်းလွင်)
၁၂း၀၀ အစီအစဉ်ပြီး၏

**တစ်နေ့ ၆ နာရီစာလေးကြိမ် ပြသပါမည်။**

## မြန်မာ့ရုပ်မြင်သံကြား New Channel

၆း၀၀ တောင်းတန်းသာသနာပြု
ဆရာတော်ကြီး၏
ပရိတ်တရားတော်
၆း၃၅ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၆း၄၅ အံ့ဖွယ်ထူးခြား
မဟာအံ့ထူးကံသာ
ဆုတောင်းပြည့်မြတ်စွာဘုရား
၈း၃၅ အောင်မြင်သူနှင့်အတူ
၁၀း၃၅ ကဗျာရိပ်မြုံ(ပန်းသည်)
၁၁း၃၅ ချစ်သောဤကမ္ဘာမြေ
၁၂း၅၀ ဖြူ့ မဲရုပ်ရှင်
"အတွယ်အတာ" (ပထမပိုင်း)
ဝင်းဦး၊ စန္ဒာလင်း
(ဒါရိုက်တာ ဝင်းဦး)
၅း၅၀ "စိတ်ချယုံကြည်
အနာဂတ်လူနေမှု ဘဝဆီ"
၆း၀၀ ပြည်တွင်းသတင်း၊
မိုးလေဝသအခြေအနေ
၆း၂၀ အချိန်မကုန်
လူသက်သာစေတဲ့ OSS
၇း၁၅ ဟိုတုန်းက ရေဒီယိုအသံလွှင့်
ဇာတ်လမ်းများ
"ချစ်တက်ကြစေရာ"
(ပထမပိုင်း)

## MRTV- 4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊
မင်္ဂလသုတ်
၅း၄၀ "မဟာသတိပဋ္ဌာန်သုတ္တန်"
(အပိုင်း-၈) တရားတော်
(ဓမ္မဒူတ ဒေါက်တာ
အရှင်ပညိဿရာဘိဝံသ)
၉း၄၀ Weekly Sports Diary
၁၁း၀၀ Star တို့ရဲ့ လက်ရာ
၁၁း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ငြိမ်းချမ်းခြင်းတေးသွား"
(အပိုင်း-၄၇+၄၈)
၂း၂၀ World of Knowledge
(Ultimate Airport Duba)
၃း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အကြင်နာလက်ကလေး"
(အပိုင်း-၂၅)
၃း၅၀ Healthy Life
(ပန်းလှိုင်စီလုံဆေးရုံကြီး၏
အထွေထွေရောဂါကုသမှု
အစီအစဉ်)
၅း၀၅ ခေတ်သစ်ပျိုမေ
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အကြင်နာလက်ကလေး"
(အပိုင်း-၂၆)
၇း၂၀ Fashion Week
(မျိုးမင်းစိုး-Haung Kaung)
၇း၄၅ Myanmar's Got Talent
(LIVE)
၉း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"မျဉ်းပြိုင်ကြားက မေတ္တာများ"
(အပိုင်း-၅၀)
၁၀း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ငြိမ်းချမ်းခြင်းတေးသွား"
(အပိုင်း-၄၉+၅၀)
၁၁း၅၀ MRTV-4 Stage

## မြဝတီ

၆း၀၃ တရားတော်
၆း၁၅ မေတ္တာပို့
၈း၁၅ စိုက်ပျိုးသုတ
၈း၂၅ DVD Hits
၈း၃၅ အင်္ဂလိပ်စာသုတ
၁၁း၀၀ English For Myanmar
၁၁း၁၅ Lucky Door
၁၂း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- လျှပ်တစ်ပြက်ဖူးစာ
၁း၁၉ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- မေတ္တာအသချေ (အပိုင်း-၁၃)
၂း၃၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
၄း၂၅ လျှပ်တစ်ပြက်
၄း၃၅ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄း၅၅ မြဝတီရုပ်မြင်သံကြား
မဂ္ဂဇင်းကဏ္ဍ
၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ဂါလီမာ (အပိုင်း-၈၂)
၅း၄၀ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆း၁၀ ဘဝကြေးမုံ
၆း၃၅ လူစွမ်းစားခရီးသွားနေသည်
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- အရာရာထက်မင်း
အပိုင်း(၃၉)
- VOA အင်္ဂလိပ်စာသင်ခန်းစာ
- ပဟေဠိနန်းတော်
-ယနေ့ညအတွက်မြဝတီ၏
တေးလက်ဆောင်
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ရာဇဝင်တွင်မည့်နိမိတ်သခင်
(အပိုင်း-၂၂)

## mitv

07:26 Exquisite Myanmar Silk
07:44 Mahar Thakya Atula Man Aung - Nga Htat Kyee
08:26 A Visit To Ye
08:46 Pet Fish Biz
09:26 A Day Tour On A Cart (Bagan Trip)
09:38 ABU Song Festival
09:50 Licuala Palm Leaf
10:26 U Kyaw Thu: from Artist to Philanthropist (Part II)
10:54 Young Artist: Maw Thu Da Nu
07:25 Let's Cook (EP-12) Tapas: Ham & Peach Nibbles, Smoked Salmon & Quail Egg, Crunchy Baked Mussels and Colourful Fruit Punch
07:51 Today Myanmar: Fish Feed Production
08:26 The Stories Of The Great Souls (Mar Mar Aye) (EP-2)

# ရုပ်ရှင်ဝေဖန်သူများ ရွေးချယ်ခဲ့သည့် ယခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင် "The Assassin"



ရုပ်ရှင်ဝေဖန်ရေးသမား ၁၆၈ဦးရဲ့ မဲပေးမှုအရ နိုဝင်ဘာလလယ်က ရုံတင်ပြသခဲ့သည့် ထိုင်ဝမ်ရုပ်ရှင် " The Assassin "ဟာ ၂၀၁၅ခုနှစ်အတွင်း ရိုက်ကူးခဲ့တဲ့ ရုပ်ရှင်တွေထဲမှာ အကောင်းဆုံးရုပ်ရှင်ဖြစ်တယ်လို့ ဘီဘီစီသတင်းဌာနက ထုတ်ပြန်ခဲ့ပါတယ်။

ကိုးရာစုက အဖြစ်အပျက်တွေအပေါ်မှာ အခြေခံကာ ဇာတ်လမ်းဆင်ရိုက်ကူးထားတဲ့ အဆိုပါ ထိုင်ဝမ်သိုင်းရုပ်ရှင်ဟာ ပြီးခဲ့တဲ့ မေလက ကျင်းပခဲ့တဲ့ ကိန်းစ်ရုပ်ရှင်ပွဲတော်ရဲ့ ဆုပေးပွဲ အခမ်းအနားမှာလည်း အကောင်းဆုံး ဒါရိုက်တာဆုကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။

" The Assassin "မှာ မင်းသမီးဟာ အသက်(၁၀)နှစ်အရွယ်မှာ မယ်သီလရှင်တစ်ဦးရဲ့ ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံခဲ့ရပြီး သိုင်းပညာရှင်တစ်ဦးအဖြစ် လေ့ကျင့်သင်ကြားပေးခြင်းခံခဲ့ရကာ အရွယ်ရောက်တဲ့အခါမှာ သီလရှင်ရဲ့ အသုံးချခံတစ်ဦးဖြစ်ခဲ့ရပုံကို ဇာတ်လမ်းဆင်ရိုက်ကူးထားတာပါ။ ယင်းရုပ်ရှင်မှာ ထိုင်ဝမ်မင်းသမီးချော ရှုကြည်က အဓိကသရုပ်ဆောင်အဖြစ် ပါဝင်ရိုက်ကူးထားပြီး တရုတ်ရာဇဝင်ဇာတ်ကားများစွာထဲက ဇာတ်ကားကောင်းတစ်ကားလည်း ဖြစ်ပါတယ်။

ယင်းရုပ်ရှင်ကို မြန်မာနိုင်ငံ၌လည်း ပြီးခဲ့တဲ့ နိုဝင်ဘာ ၁၃ ရက်မှ စတင်ကာ ရန်ကုန်မြို့ နေပြည်တော် ရုပ်ရှင်ရုံ၊ မင်္ဂလာ၊ စံပြ ရုပ်ရှင်ရုံနဲ့ မန္တလေးမြို့ မင်္ဂလာဒိုင်းမွန်းရုပ်ရှင်ရုံစတဲ့ ရုပ်ရှင်ရုံတွေမှာ တစ်ပတ်ကြာ ရုံတင်ပြသခဲ့ရာ ပရိသတ်အားပေးမှုကောင်းတဲ့ ရုပ်ရှင်တစ်ခုဖြစ်ခဲ့ပါတယ်။

ယခုနှစ်ထွက်ရှိခဲ့တဲ့ ရုပ်ရှင်တွေရဲ့ ထူးခြားသည့်အချက်မှာ အကောင်းဆုံးရုပ်ရှင် (၁၀)ကားအနက် ခုနစ်ကားမှာ အမျိုးသမီးလူစွမ်းကောင်းများကို အဓိကဇာတ်ဆောင်အဖြစ် ရိုက်ကူးထားသည့် ရုပ်ရှင်များဖြစ်ကြောင်း ဗြိတိန်ရုပ်ရှင်တက္ကသိုလ်ရဲ့ လေ့လာချက်တစ်ရပ်အရ သိရပါတယ်။

**အေးပြည့်**

## ပေးစာ

အိုးဝေခင်မောင်ကွန့်

# ရုပ်ရှင်ရုံတွေ ဖျက်မှာလား၊ ပြင်မှာလား၊ ဆောက်မှာလား ဟရို့...

ကျွန်တော်တို့ ဟိုးငယ်ရွယ်စဉ်အချိန်ကစတင်ပြီး ယနေ့ခေတ်ကာလအချိန်အထိတိုင် ငွေရောင်ပိတ်ကားကြီး၊ ရုပ်ရှင်ဇာတ်ကားကြီးများကိုသာ နေ့စဉ်မပြတ် လှည့်ပတ်ကြည့်ရှုခဲ့ကြရပါတယ်။ ဟိုးတစ်ချိန်ကဆိုပါလျှင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းတစ်လျှောက်မှာ ရှိုင်ရယ်ရုပ်ရှင်ရုံ၊ ကာလ်တန်ရုပ်ရှင်ရုံ၊ ရစ်ဇ်ရုံဘေးမှာက အိပ်ဆယ်စီယာ (ယခု ဝဇီရာ) ရုံနဲ့ ဘုရင့်ရုံ၊ ပြီးတော့ ဆာဦးသွင်တည်ထောင်ခဲ့တဲ့ သွင်ရုပ်ရှင်ရုံ၊ ပြီးတော့ဘေးမှာက ဆုထူးပန်ရုံနှင့် ရွှေဂုံမြို့မ ရုပ်ရှင်ရုံတို့ရှိပါတယ်။ လှိုင်သာယာမှာလည်း ဝဇီရာရုံရှိပါသေးရဲ့။ လမ်း(၄၀)မှာက ဂျိုတီရုံခေါ် သီဟရုံ၊ ပန်းဆိုးတန်းတစ်လျှောက်မှာက ရောက်စီရုံ၊ ဂေတီရုံနဲ့ဂျမားရုံတွေရှိပါတယ်။ ဆူးလေဘုရားလမ်းဘက်မှာက ပလေဒီယံ (ခ) ပပဝင်းရုပ်ရှင်ရုံနဲ့ ဂလုတ်ရုံ(ခ)ဂုဏ်ရုံ၊ ရှေ့မှာက နေပြည်တော်နဲ့ လိုက်ဟောက်စ်ရုံတွေရှိပါတယ်။ ဒါပေမယ့် ဒီဘက်က ပပဝင်းရစ်ဇ်ရုံနဲ့ ဂုဏ်ရုံတွေကတော့ဖျက်ပြီး ဟိုတယ်အသွင်ပြောင်းသွားခဲ့ကြပါပြီ။ အလားတူပါပဲ ဂျိုတီရုံ၊ ဂေတီရုံ၊ ဂျမားရုံနဲ့ ရောက်စီရုံကိုဖျက်ပြီး အဆင့်မြင့်အဆောက်အအုံတွေ ဖြစ်ကုန်ကြပါပြီ။ ရှိုင်ရယ်ရုပ်ရှင်ရုံနှင့် ကာလ်တန်ရုပ်ရှင်ရုံတွေလည်း ဟိုတယ်အသွင်ပြောင်းလဲသွားခဲ့ကြပါပြီ။

မင်္ဂလာအဆင့်မြင့်ရုံနဲ့ သမ္မတရုံတွေ ကျန်နေသေးလို့ တော်ပါသေးရဲ့ဗျာ။ ရန်ကုန်အနောက်ပိုင်းရှိ ကေသွယ်ရုံ၊ ကာဋေးရုံကတော့ အောင်သပြေကော်ဖောဆိုင်ဖြစ်သွားပြီး အဆင့်မြင့်သုံးရုံတွဲ စံပြတစ်ရုံပဲ ကျန်ပါတော့တယ်။ ဗိုလ်ချုပ်လမ်းက ဘုရင့်ရုံကိုလည်း ဖျက်လိုက်ပါပြီ။ ပြီးတော့ ရွှေဂုံမြို့မရုံကို ယခုအခါဖျက်ပြီး ပြင်ဆင်နေပါပြီ။ လွှဲပြောင်းရောင်းချထားတဲ့ ဆုထူးပန်ရုံကိုတော့ ဖျက်သိမ်းလိုက်ပြီး ကာရုံထားကာ ခပ်တည်တည်နဲ့ အဆင့်မြင့်လိုလိုဘာလိုလို လုပ်တော့မယ်ဆိုပြီး အခုအချိန်ထိတော့ ဘာမှဖြစ်မလာသေးပါဘူး။ ကြည့်လိုက်စမ်းပါဦးဗျာ။ တာမွေမှာက ဘုရင့်နောင်ရုံကို ဖျက်လိုက်ပေမယ့် ရွှေဗဟိုရ်ရုပ်ရှင်ရုံကိုတော့ အဆင့်မြင့်ရုပ်ရှင်ရုံအသွင် ပြုပြင်ဖွင့်လှစ်လိုက်တာမို့ အထူးဝမ်းမြောက်မိပါကြောင်း ခင်ဗျာ။ ဒီကနေ မရိုးဆန်းရုံကိုဖျက်လိုက်ပြီး မွန်းဘေကာရီ စားသောက်ဆိုင်ဖြစ်သွားကာမှာ ယခုအခါ စားသောက်ဆိုင်ပါ ဖျက်သိမ်းလိုက်ရပြန်ပါပြီ။ ဒီကနေ မြေနီကုန်းဘက်ကို ခြေဦးလှည့်ကြည့်လိုက်ပြန်တော့ ဝိဇယရုံပျက်ပြီး ဝိဇယဘစ်ဇနက် စီးပွားရေးစင်တာဖြစ်သွားပြန်ပြီ။ တပင်ရွှေထီးရုပ်ရှင်ရုံကတော့ ဒဂုန်စင်တာဖြစ်သွားပါပြီ ခင်ဗျာ။

ဆန်းသီရိရုံလည်း ဖျက်ပြီးဆောက်နေပြန်ပါပြီ။ အခုဒီမှာက ရွှေမန်းနဲ့ ရတနာပုံရုပ်ရှင်ရုံတွေကိုပါ ပိတ်ထားသည်။ နောက်ရန်ကင်း ဘောက်ထော်ရုပ်ရှင်ရုံတွေ ကတော့ ပျက်သွားပါပြီ။ ရေကျော်ဇော်ရုံနဲ့ လွင်လွင်ရုံလည်း ပျက်သွားတာကြာပါပြီ။ မြောက်ဥက္ကလာပ ရွှေလမင်းရုပ်ရှင်ရုံက ဆေးခန်းဖြစ်သွားပြီးတော့ ကမာရွတ်က စန္ဒာမြိုင်ရုပ်ရှင်ရုံလည်း ဖျက်တော့မယ် ထင်တယ်။

ကျွန်တော်တို့ ကြည့်မြင်တိုင်မြို့နယ်ဘက်ကျတော့ ဟိုတုန်းက ကိုဟင်းလမ်း (ခ) မယ်ဇလီပင်လမ်းမှာ ရွှေတိုင်သီရိရုပ်ရှင်ရုံ ရှိခဲ့ပါသေးတယ်။ ၁၉၅၉ ခုနှစ် ဒီဘက်ကျတော့ ရုံပိတ်လိုက်ပြီးနောက် ကြည့်မြင်တိုင် ကရင်ခြံရပ်ကွက်မှာ သီတာရုပ်ရှင်ရုံတစ်ရုံ ပေါ်ပေါက်လာ ပြန်ပါသေးတယ်။ အခုတော့ သီတာရုံလည်း အနိစ္စသဘောနဲ့ ကိစ္စချောတော့မယ်နဲ့ တူပါရဲ့ဗျာ။ မကြာခင်ကမှ ရုံပိတ်ပြီး ကာရံထားလိုက်ပြန်ပါပြီ။ ဒီလိုနဲ့ ကျွန်တော်တို့ ဝမ်းနည်းပက်လက်ဖြစ်ခဲ့ရပြန်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကုန်တိုက်ကြီးတွေနဲ့တွဲပြီး ဂျန်းရှင်းအမည်သစ်နဲ့ ဘာဂျန်းရှင်း၊ ညာဂျန်းရှင်းတွေ ဆိုတာတွေ မီနီသီယေတာ / စီနီမာရုပ်ရှင်ရုံလေးတွေမှာ ဝင်ကြေး ငွေကျပ်သုံး၊ လေး၊ ငါးထောင်ပေးမကြည့်နိုင်ကြလို့ပါပဲဗျာ။ အကယ်၍ ဖြစ်နိုင်ရင် ဆက်ကြည့်လို့ ပြလို့ရတဲ့ ရုပ်ရှင်ရုံတွေကိုတော့ ချန်ထားစေချင်လို့ပါဗျာ။ ဒါဟာ ရုပ်ရှင်လုပ်ငန်းမှ လက်ကျန် ၁၁၆ ရုံအနက် ရောင်းချ ၄၉ ရုံ၊ ငှားရမ်း ၂၈ ရုံနဲ့ ပုဂ္ဂလိကပိုင်ရုပ်ရှင်ရုံ ၃၉ ရုံမှ ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ ရုပ်ရှင်ရုံတွေပါပဲ။ သန်လျင်မှာလည်း ရုံရှိပါသေးရဲ့။ ပြီးတော့ နယ်ပေါင်းစုံလည်း ရုံတွေရှိပါသေးတယ်။ သာကေတ၊ နဝဒေး၊ (ဥက္ကလာလမ်း၀)နဲ့ တောင်ဥက္ကလာပ ရုပ်ရှင်ရုံတွေကိုပါ ထည့်ပါဦး။ ဒါပေမယ့် လောလောဆယ် ဒစ်ဂျစ်တယ် ရုပ်ရှင်ရုံ ၂၀ ခန့်ကို ငွေကျပ်သန်းပေါင်းများစွာ အကုန်အကျခံကာ ပြုပြင် တည်ဆောက်ပြီးဖြစ်၍ ကျွန်တော်တို့ ဝမ်းသာမဆုံး ပီတိတွေဖုံးနေရပါတော့သည်ခင်ဗျား။

တကယ်တော့ နှစ်စဉ် ဗီဒီယိုဇာတ်ကား ၁၀၀၀ ဝန်းကျင်ရိုက်ကူးနေရပြီး ရုပ်ရှင်ဇာတ်ကားကြီး ဖလင်အဖြူအမည်းဇာတ်ကား ၇၀၊ ၉၀၊ ၁၀၀ ဝန်းကျင် ရိုက်ကူးထုတ်လုပ်နေရာမှ နှစ်စဉ် ဆေးရောင်စုံရုပ်ရှင်ဇာတ်ကား ၁၅ ကားမှ ၁၇ ကား ရိုက်ကူးထုတ်လုပ် ပြသနေဆဲတိုင်အောင် ရုပ်ရှင်ရုံတွေက အောင်လံမလဲ ပန်းပန်နေကြဆဲ။ လူထုပရိသတ် ရွှေပွဲလာရုပ်ရှင် ချစ်သူတို့က အားပေးနေကြဆဲပါပေ။ ဒါ့အပြင် မြန်မာ့ရုပ်ရှင် ပေါ်စလွန်ခဲ့သော နှစ်ပေါင်း ၁၉၂၀ ခုနှစ်ဘက်ဆီမှ ပထမဆုံး မြန်မာ့ရုပ်ရှင်ရုံလေးကို အခု ဗိုလ်ချုပ်ဈေးနေရာတွင် နိုင်ငံခြားသား ဇနီးမောင်နှံတို့က စတင်တည်ဆောက်ပြသခဲ့ချိန်မှ အစပြု၍ ယခုအချိန်တွင် နှစ်ပေါင်း ၁၀၀ သက်တမ်းတိုင်တော့မည်ဖြစ်၍ ရုပ်ရှင်ရုံများကိုလည်း အထူးတန်ဖိုးထားကာ ထိန်းသိမ်းပေးကြပါရန် လေးစားစွာ ရေးသားပန်ကြားကာ မေတ္တာရပ်ခံလိုက်ရပါတော့တယ် ခင်ဗျား..

(မကြာမီက မြို့မရုပ်ရှင်ရုံ၊ ကြယ်တာရာရုပ်ရှင်ရုံ၊ စံပြရုပ်ရှင်ရုံ၊ စိန်မေတ္တာရုပ်ရှင်ရုံနှင့် ခေမရဋ္ဌ၊ နယ်မှ ရုပ်ရှင်ရုံများကို ရုပ်ရှင်နှင့် တွဲဖက်လုပ်ကိုင်ခြင်းမပြုပါက ရုပ်ရှင်ရုံများကို ပြန်လည်သိမ်းဆည်းမည်ဟု ကြားသိရပါကြောင်း ခင်ဗျား။)

❑ ❑ ❑



ဓာတ်ပုံ- google

## နိုဝင်ဘာ ၂၉ ရက် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

**ပရီမီယာလိဂ် ပွဲစဉ် - ၁၄**

| | | |
|---|---|---|
| စပါး - ချယ်လ်ဆီး | | ည-၆း၃၀ |
| ဝက်စ်ဟမ်း - ဝက်စ်ဘရွန်း | | ည-၈း၁၅ |
| နော့ဝှစ်ချ် - အာဆင်နယ် | | ည-၁၀း၄၅ |
| လီဗာပူး - ဆွမ်ဆီး | | ည-၁၀း၄၅ |

**စပိန်လာလီဂါ ပွဲစဉ် - ၁၃**

| | | |
|---|---|---|
| ဂီတာဖေး - ဗီလာရီးယဲလ် | | ညနေ-၅း၃၀ |
| အီဘား - ရီးယဲလ်မက်ဒရစ် | | ည-၉း၃၀ |
| ဗယ်လီကာနို - ဘီဘာအို | | ည-၁၁း၄၅ |
| ဆီဗီလာ - ဗလန်စီယာ | | နံနက်-၂း၀၀ |

**စီးရီးအေ ပွဲစဉ် - ၁၄**

| | | |
|---|---|---|
| ချီယေဗို - အူဒီးနီး | | ည-၈း၃၀ |
| ဖရိုစီနီ - ဗီရိုနာ | | ည-၈း၃၀ |
| ဂျီနိုအာ - ကာပီ | | ည-၈း၃၀ |
| ရိုးမား - အတ္တလန်တာ | | ည-၈း၃၀ |
| အမ်ပိုလီ - လာဇီယို | | ည-၁၁း၃၀ |
| ပါလာမို - ဂျူဗင်တပ် | | နံနက်-၂း၁၅ |

**ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၁၄**

| | | |
|---|---|---|
| ဒေါ့မွန် - စတုဂတ် | | ည-၉း၀၀ |
| လေဗာကူဆင် - ရှော်လ်ကေး | | ည-၁၁း၀၀ |
| အော့စ်ဘတ် - ဝုဖ်ဘတ် | | ည-၁၁း၀၀ |

**ပြင်သစ်လီဂူး ပွဲစဉ် - ၁၅**

| | | |
|---|---|---|
| စိန့်အက်တီယန် - ဂူအင်ဂမ့် | | ည-၇း၃၀ |
| ဘော်ဒိုး - ကိန်း | | ည-၁၀း၃၀ |
| မာဆေး - မိုနာကို | | နံနက်-၂း၃၀ |

## နိုဝင်ဘာ ၂၈ ရက် ကစားခဲ့သည့် အနိုင်/အရှုံးရလဒ်များ

**စပိန်လာလီဂါ ပွဲစဉ် - ၁၃**

| | | | | |
|---|---|---|---|---|
| လီဗန်တေး | ၀ | - | ၁ | ဘက်တစ် |

**ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၁၄**

| | | | | |
|---|---|---|---|---|
| ဒမ်စတက် | ၀ | - | ၀ | ကိုလုံး |
| ဘိုင်ယန်မြူးနစ် | ၂ | - | ၀ | ဟာသာဘာလင် |
| ဝါဒါဘရီမင် | ၁ | - | ၃ | ဟမ်းဘတ် |
| ဟန်နိုဗာ | ၄ | - | ၀ | အင်ဂေါ့စတက် |
| ဟော့ဖန်ဟိမ်း | ၃ | - | ၃ | မိုချင်ကလက်ဘတ် |
| မိန့်ဇ် | ၂ | - | ၁ | ဖရန့်ဖတ် |

မောင်မောင်ဇော်

# နည်းပြထက် ကစားသမားစာရင်းကိုသာ အပြောင်းအလဲလုပ်မယ့် ချယ်လ်ဆီး



ချယ်လ်ဆီးက မော်ရင်ဟိုနေရာမှာ အခြားနည်းပြတစ်ဦးနဲ့ အစားထိုးတော့မယ်ဆိုတဲ့သတင်းတွေ နေ့စဉ်တစ်နေ့တစ်မျိုး မရိုးရအောင်ဖတ်ရှုနေရပေမယ့် နည်းပြအပြောင်းအလဲလုပ်ဖို့ထက် အသင်းရဲ့ကစားသမားတွေကိုသာ အပြောင်းအလဲလုပ်ဖို့ရှိတယ်လို့ မော်ရင်ဟိုက အက်စ်ပရက်စ်အွန်လိုင်းကို သတင်းပေးခဲ့ပါတယ်။ လာမယ့် ဇန်နဝါရီဈေးကွက်ဖွင့်ချိန်မှာ ဝယ်ယူသင့်တဲ့ကစားသမားသစ်တွေကို ဝယ်ယူ၊ ထုတ်ရောင်းသင့်တဲ့ကစားသမားတွေကို ထုတ်ရောင်းပြီး အသင်းကို လမ်းကြောင်းမှန်ပေါ် ပြန်လည်ရောက်အောင် ပွဲကိုင်ခွင့် သူ့ကိုသာဆက်ပေးဖို့ မော်ရင်ဟိုက ရိုမန်အေဗရာမိုဗစ်ချ်ကို တောင်းဆိုထားပါတယ်။

အခုဆို ချယ်လ်ဆီးက ပရီမီယာလိဂ်နဲ့ ချန်ပီယံလိဂ်မှာ နှစ်ပွဲဆက်တိုက်နိုင်အောင်ကစားလာနိုင်တဲ့အတွက် မော်ရင်ဟိုအနေနဲ့ ချယ်လ်ဆီးအတွက် ဘာလုပ်ပေးနိုင်မလဲဆိုတာ စောင့်ကြည့်ချင်စရာကောင်းလာပါတယ်။ ဒါပေမယ့် မိုဗစ်ချ်ကတော့ အခုအချိန်ဟာ ချယ်လ်ဆီးရဲ့ အခြေအနေကို အကဲခတ်နေတဲ့ကာလဆိုတော့ မော်ရင်ဟိုကို ဘာမှတိတိကျကျ မပြောသေးဘူးလို့လည်း သိရပါတယ်။ ဒါ့အပြင် မော်ရင်ဟိုနေရာကိုအစားထိုးဖို့ လီဗာပူးက ထုတ်ပယ်ခဲ့တဲ့ ဘရန်ဒန်ရော်ဂျာ၊ ယခင်ချယ်လ်ဆီးနည်းပြဟောင်းနှစ်ဦးဖြစ်တဲ့ ဒီမက်တီယိုနဲ့ ဂူဟစ်ဒင့်တို့ကိုခေါ်ယူဖို့စောင့်ကြည့်နေပါတယ်။ ဒီမက်တီယိုကတော့ မော်ရင်ဟိုအနေနဲ့ ချယ်လ်ဆီးကို ဆက်လက်ကိုင်တွယ်ခွင့်ရဖို့ မျှော်လင့်နေပြီး မော်ရင်ဟိုသာ ချယ်လ်ဆီးနဲ့ အသင့်လျော်ဆုံးနည်းပြတစ်ဦးဖြစ်တယ်လို့ အားပေးစကား ပြောကြားခဲ့ပါတယ်။

ဒါ့အပြင် အင်္ဂလန်နဲ့ မန်စီးတီးနည်းပြဟောင်း အဲရစ်ဆင်ကလည်း ချယ်လ်ဆီးအနေနဲ့ မော်ရင်ဟိုကို ထုတ်ပယ်လိုက်ရင် မှားယွင်းတဲ့ ဆုံးဖြတ်ချက်သာဖြစ်လာလိမ့်မယ်လို့ သတိပေးထားပါတယ်။ အဲရစ်ဆင်က ချယ်လ်ဆီးဟာ မော်ရင်ဟိုကို အခုထုတ်ပယ်လိုက်ရင်လည်း နောင်တစ်ချိန်ကျရင် ပြန်လည်ခေါ်ယူရမှာဖြစ်လို့ ကလပ်အသင်းရဲ့ တည်ငြိမ်မှုကို ထိခိုက်တာကလွဲရင် ဘာမှအကျိုးရှိမှာမဟုတ်ဘူးလို့ သုံးသပ်လိုက်ပါတယ်။ မှန်ပါတယ်။ ချယ်လ်ဆီးက ချန်ပီယံလိဂ်ဖလားဆွတ်ခူးချင်ဇောနဲ့ အန်စလော့တီ၊ ဟစ်ဒင့်၊ ဘိုအာ့စ်စတဲ့ နည်းပြတွေ အများကြီး ပြောင်းလဲခန့်အပ်ခဲ့ပေမယ့်လည်း နောက်ဆုံးမှာတော့ မော်ရင်ဟိုကိုပဲ ပြန်ပြီးခေါ်ယူခဲ့ရတာဖြစ်ပါတယ်။ အန်စလော့တီကလည်း သူဟာချယ်လ်ဆီးကိုပြန်လည်ကိုင်တွယ်လိုပေမယ့် မိုဗစ်ချ်က မော်ရင်ဟိုကို ထုတ်ပယ်မှာမဟုတ်တာကို သိနေတာကြောင့် ဘာမှမှတ်ချက်မပေးတာဖြစ်တယ်လို့ ဆိုခဲ့ပါတယ်။

> အဲရစ်ဆင်က ချယ်လ်ဆီးဟာ မော်ရင်ဟိုကို အခုထုတ်ပယ်လိုက်ရင်လည်း နောင်တစ်ချိန်ကျရင် ပြန်လည်ခေါ်ယူရမှာဖြစ်လို့ ကလပ်အသင်းရဲ့ တည်ငြိမ်မှုကို ထိခိုက်တာကလွဲရင် ဘာမှအကျိုးရှိမှာ မဟုတ်ဘူးလို့ ...

မော်ရင်ဟိုကတော့ ချယ်လ်ဆီးရဲ့ ရာသီအစရလဒ်ဆိုးတွေရရှိခဲ့ခြင်းက သူ့မှာသာ တာဝန်အပြည့်အဝရှိတာမို့ သူသာဒီတာဝန်ကို ရာသီအစအဆုံးယူပြီး လမ်းကြောင်းမှန်ပေါ် ပြန်လည်ဆွဲတင်ခွင့်ပေးဖို့ မိုဗစ်ချ်ကို တောင်းဆိုထားပါတယ်။ ဒါကြောင့် သူ့အနေနဲ့ စိတ်တိုင်းမကျတဲ့ကစားသမားတွေဖြစ်တဲ့ ဖယ်လ်ကာအို၊ မာတစ်၊ အော်စကာတို့ကို လာမယ့်ဇန်နဝါရီဈေးကွက်မှာ ထုတ်ရောင်းပြီး ကစားသမားသစ်တွေကို ပြန်လည်ခေါ်ယူဖို့ ဆန္ဒရှိနေတာဖြစ်ပါတယ်။ ဦးစားပေးခေါ်ယူချင်နေတဲ့ ကစားသမားတွေကတော့ ရီးယဲလ်တောင်ပံတိုက်စစ်မှူး ဂါရတ်ဘေးလ်၊ အဲဗာတန်နောက်ခံလူ ဂျွန်စတုန်း၊ စပါးတိုက်စစ်မှူး ဟယ်ရီကိန်း၊ လက်စတာတိုက်စစ်မှူး ဗာဒီတို့ဖြစ်တယ်လို့ သိရပါတယ်။

မော်ရင်ဟိုက ပရီမီယာလိဂ်ကစားဟန်နဲ့ အံဝင်ပြီးသားဖြစ်တဲ့ ဟယ်ရီကိန်းနဲ့ ဗာဒီတို့နှစ်ဦးထဲက တစ်ဦးကို ဒီယေဂိုကော်စတာနဲ့ တွဲဖက်ကစားဖို့ ခေါ်ယူလိုနေပါတယ်။ စပါးနည်းပြ ပိုချက်တီနိုကတော့ သူ့ရဲ့ တိုက်စစ်မှူး ဟယ်ရီကိန်းက စပါးမှာပဲဆက်နေမယ်ဆိုတာသိလို့ ချယ်လ်ဆီးက ခေါ်ယူဖို့ ချိတ်ဆက်နေခြင်းက ကစားသမားရဲ့ခြေစွမ်းဘယ်လောက်ကောင်းတယ်ဆိုတာကိုသာ ထင်ဟပ်စေတာကြောင့် ဝမ်းတောင်သာမိတယ်လို့ တုံ့ပြန်ခဲ့ပါတယ်။ ကစားသမားတွေပြောင်းလဲလိုက်ရင် အသင်းရဲ့နည်းစနစ်ပိုင်းကိုလည်း အလွယ်တကူလိုက်ပါ ပြောင်းလဲနိုင်မှာဖြစ်တဲ့အတွက် ကစား သမားအသစ်တွေကိုခေါ်ယူပြီး လက်ကျန်ပွဲတွေကို အနိုင်ကစားဖို့ မော်ရင်ဟိုက စိုင်းပြင်းလာတာဖြစ်ပါတယ်။

ရှိုင်းယန်ဟောဒင်

**တိုတို ထွာထွာ အားကစား ရေးရာ**

- ဂျူဗင်တပ်ကွင်းလယ်လူပေါ့ဘာသည် လာမည့် ဇူလိုင်လတွင် ဂျူဗီမှ ထွက်ခွာရန်သေချာသလောက်ရှိနေပြီဟု ကစားသမား၏ အေးဂျင့်ဖြစ်သူက ပြောကြားခဲ့သည်။
- ရမ်ဆေးမှာ ဗဟိုကွင်းလယ်နေရာတွင် ကစားလိုသော်လည်း အသင်း၏ကစားဟန်ညီညွတ်မှုတစေရန်အတွက် ၎င်းအား ညာတောင်ပံနေရာတွင်သာဆက်လက်ကစားစေမည်ဖြစ်ကြောင်း အာဆင်နယ်နည်းပြ ဝင်းဂါးက အတည်ပြုပြောကြားခဲ့သည်။
- အင်တာကွင်းလယ်လူ မယ်လိုက ၎င်းမှာ မက်ဆီပါဝင်သော အာဂျင်တီးနားအသင်းနှင့်ပင် ရင်ဆိုင်ခဲ့ရဖူးသူဖြစ်၍ ခြေစွမ်းထက်နေသော ဟီဂူအင်လောက်ကို ကြောက်ရွံ့နေမည်မဟုတ်ကြောင်း ဆိုလိုက်သည်။

# ဘာစီလိုနာကို အမီလိုက်ရန် ခက်ခဲနေဆဲဖြစ်သည့် အက်သလက်တီကို



ဘာစီလိုနာနှင့် အက်သလက်တီကိုတို့သည် လာလီဂါအမှတ်ပေးဇယား အဆင့်(၁)နှင့်(၂)နေရာတွင် ရပ်တည်နေသော်လည်း ယခုထိ ရမှတ်လေးမှတ်အထိ ကွာဟနေဆဲဖြစ်ရာ အက်သလက်ကစားသမား ကိုကီက အက်သလက်အနေဖြင့် ဘာကာကို အမီလိုက်ရန်ခက်ခဲနေဦးဖြစ်ကြောင်း ဝန်ခံပြောကြားလိုက်သည်။ ကိုကီက အက်သလက်မှာ လက်ကျန်ပွဲတိုင်းအနိုင်ရလျှင်ပင် ဘာစီလိုနာက ကျော်ဖြတ်ပြီး လာလီဂါချန်ပီယံဆုကိုရယူရန် ခက်ခဲမည်ဖြစ်ကြောင်းလည်း ဆိုခဲ့သည်။ ရီးယဲလ်၏ နှစ်ပတ်ဆက်တိုက်ရလဒ်ဆိုးရွားမှုက လာလီဂါအမှတ်ပေးဇယားကို အပြောင်းအလဲဖြစ်စေခဲ့ပြီးနောက် အက်သလက်တီကိုမှာ အမှတ်ပေးဇယားအဆင့်(၂)နေရာသို့ ခုန်တက်လာနိုင်ခဲ့ခြင်းဖြစ်သည်။

သို့သော် ကိုကီက ဘာကာကစားသမားများ၏ တစ်ဦးချင်းအရည်အသွေးကို မည်သည့်အသင်းမဆိုယှဉ်ရန်ခက်ခဲသော အနေအထားကြောင့် ယခုထက်ပို၍ အမှတ်ကွာဟမှု ကျဉ်းမြောင်းအောင် လျှော့ချရန် မလွယ်ကူကြောင်း စပိန်သတင်းစာ မာကာသို့ပြောသည်။

အက်သလက်တီကိုအသင်းသည် ချန်ပီယံလိဂ်ပွဲစဉ်တွင် ဂါလာတာစာရေးအားနှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိအောင်စွမ်းဆောင်နိုင်ခဲ့ပြီးနောက် ချန်ပီယံလိဂ်အုပ်စု(C)တွင် ဇယားထိပ်ဆုံးနေရာသို့တက်လှမ်းနိုင်ခဲ့သည်။ ထို့ကြောင့် (၁၆)သင်းအဆင့်ရှုံးထွက်ပွဲစဉ်၌ အသင်းကြီးများနှင့် တွေ့ဆုံမှုကိုရှောင်ရှားနိုင်ရန်အတွက် ဘင်ဖီကာနှင့်ကစားမည့် အုပ်စုနောက်ဆုံးပွဲစဉ်ကို အနိုင်ကစားရန် လိုအပ်ကြောင်းလည်း ကိုကီက တိုက်တွန်းခဲ့သည်။

မေလှဲ့သင်း

# အိုလံပီယာကော့စ်အားအနိုင်ကစားကာ အာဆင်နယ် ရှုံးထွက်အဆင့်သို့ တက်ရောက်မည်




အာဆင်နယ်အနေဖြင့် ဒီဇင်ဘာ ၉ ရက်တွင် ကစားရမည့် ချန်ပီယံလိဂ် အုပ်စုနောက်ဆုံးပွဲစဉ်တွင် အိုလံပီယာကော့စ်ကို ကြောက်ရွံ့ခြင်းကင်းစွာဖြင့် ရင်ဆိုင်ကစားကာ ရှုံးထွက်အဆင့်သို့ သေချာပေါက်တက်ရောက်ရန် မာတီဆက်ကာက အသင်းဖော်များအား နှိုးဆော်ခဲ့သည်။

အာဆင်နယ်သည် အိုလံပီယာကော့စ်အား အိမ်ကွင်းတွင်ကစားခဲ့ရစဉ်က သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသောကြောင့် ယခုအေသင်တွင် သွားရောက်ကစားရမည့်အချိန်တွင်လည်း အနိုင်ရရှိရန် ခက်ခဲနေဦးမည်ဖြစ်သည်။ အာဆင်နယ်သည် ဒိုင်နမိုဇာဂရက်အား သုံးဂိုးပြတ်ဖြင့် အနိုင်ကစားနိုင်ခဲ့ပြီးနောက် ရမှတ်ခြောက်မှတ်ဖြင့် အုပ်စု (F) ၏ တတိယနေရာတွင်ရပ်တည်နေရာ အိုလံပီယာကော့စ်အား သရေကစား၍မရဘဲ အနိုင်ကစားနိုင်မှသာလျှင် အုပ်စုမှ တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

အာဆင်နယ်သည် ၁၄ နှစ်ဆက်တိုက် ချန်ပီယံလိဂ်ရှုံးထွက်အဆင့်သို့ အနိမ့်ဆုံးတက်ရောက်နိုင်ခဲ့သော အစဉ်အလာလည်းရှိရာ ယခုနှစ်တွင်လည်း အစဉ်အလာကိုဆက်ထိန်းနိုင်ရန် အသင်းသားများအနေဖြင့် ရေကုန်ရေခန်းကစားပေးရန်လိုအပ်ကြောင်း မာတီဆက်ကာက တိုက်တွန်းခဲ့သည်။ အာဆင်နယ်သည် ဘိုင်ယန်အား အိမ်ကွင်းတွင်နှစ်ဂိုးပြတ်အနိုင်ရရှိအောင်ကစားနိုင်ခဲ့သော်လည်း အဝေးကွင်းတွင် ငါးဂိုး-တစ်ဂိုးဖြင့် ပြန်လည်အရေးနိမ့်ခဲ့ရာ မာတီဆက်ကာက အာဆင်နယ်အသင်းသားများမှာ ဘိုင်ယန်ကို ကြောက်ကြောက်လန့်လန့်ဖြင့် ကစားခဲ့၍ ကိုယ့်ကံကြမ္မာကိုယ်မဖန်တီးနိုင်သော အနေအထားဆိုက်ရောက်ခဲ့ရခြင်းဖြစ်သည်ဟု ဝေဖန်ခဲ့သူဖြစ်သည်။

သို့သော် မော်ရင်ဟိုကမူ ချန်ပီယံလိဂ်ပြိုင်ပွဲဝင်အင်္ဂလန်ကလပ်လေးသင်းတွင် အာဆင်နယ်မှာ အရည်အသွေးမရှိသည့် တစ်ခုတည်းသော အသင်းဖြစ်သောကြောင့် အိုလံပီယာကော့စ်ကိုသာ အုပ်စုမှလွန်မြောက်စေလိုကြောင်းဆိုခဲ့သည်။မော်ရင်ဟိုက သူ၏မိတ်ဆွေ မာကို့စ်ဆေးလ်ဗားကိုင်တွယ်နေသည့် အိုလံပီယာကော့စ်အသင်းမှာ အာဆင်နယ်ထက် အရည်အသွေးပိုင်းသာလွန်သည့် အသင်းဖြစ်သည်ဟုလည်း သူ၏အမြင်ကို ထုတ်ဖော်ပြောကြားလိုက်သည်။

မေလှဲ့သင်း




**လမိုင်း နိုဝင်ဘာ ၂၈**

မော်လမြိုင်ခရိုင် ရေးမြို့နယ် လမိုင်းမြို့ မြို့မ(၂)ရပ်ကွက်၌ နိုဝင်ဘာ ၂၇ ရက် ညနေ ၃ နာရီခွဲက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၇ရက် ညနေ ၃ နာရီခွဲတွင် လမိုင်းမြို့ မြို့မ (၂) ရပ်ကွက် ကနင်ကမော့ကျေးရွာနေ မဒေဝီစန်းလင်း၏ နေအိမ်တန်းလျား မီးဖိုချောင်ခေါင်မိုးမှ မီးစတင်လောင်ကျွမ်းခဲ့ရာ လမိုင်းမြို့မှ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများ ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီခွဲတွင် မီးငြိမ်းသွားကြောင်းသိရသည်။

မီးလောင်ကျွမ်းမှုကြောင့် မဒေဝီစန်းလင်းပိုင်ဆိုင်သော ဓနိမိုး၊ ဓနိကာ၊ ပျဉ်ခင်း၊ တစ်ထပ်အိမ်တစ်လုံးနှင့် ဦးမောင်စိုးပိုင်ဆိုင်သည့် သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း တစ်ထပ်အိမ်တစ်လုံးတို့ဆုံးရှုံးခဲ့ကြောင်းသိရသည်။

မီးလောင်မှု ဖြစ်စဉ်နှင့်ပတ်သက်၍ လမိုင်းနယ်မြေရဲစခန်းက အမှုဖွင့်စုံစမ်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နောင်ချိုမြို့နယ်တွင် ဘိန်းဖြူ သုည ဒသမ ၁၉၂ ကီလို သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂၈**

မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၅ ရက်က နောင်ချိုမြို့အဝင် အေးရှားဝေါလ်တိုးဂိတ်အနီးတွင် မူဆယ်မှ မန္တလေးသို့ ဦးစိုးသိန်း မောင်းနှင်လာသည့် ရွှေလီဦး ခရီးသည်တင်မှန်လုံယာဉ်ကို ရှာဖွေရာ ခုံအမှတ်(၉)တွင် လိုက်ပါလာသူခရီးသည် မခိုင်ခိုင်မြင့်နှင့် ခုံအမှတ်(၁၀)တွင် လိုက်ပါလာသူခရီးသည် မနီနီဝင်းတို့ နှစ်ဦး၏ အလယ်ရှိ ၎င်းတို့နှစ်ဦးအမည်နှင့် ခုံအမှတ်လေဘယ်ကတ်များ ချိတ်ဆွဲထားသည့် ကျောပိုးအိတ်အတွင်းမှ ဘိန်းဖြူအလေးချိန် သုည ဒသမ ၁၉၂ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိသဖြင့် မခိုင်ခိုင်မြင့် (၄၃)နှစ်နှင့် မနီနီဝင်း(၃၇)နှစ်တို့ နှစ်ဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**


မခိုင်ခိုင်မြင့်နှင့် မနီနီဝင်းတို့ နှစ်ဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့် အတူ တွေ့ရစဉ်။

## ဘက်ဟိုးယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွား

**ဘားအံ နိုဝင်ဘာ ၂၈**

ဘားအံမြို့ အမှတ်(၈)ရပ်ကွက် ထောင်ဝိဘုန်းကြီးကျောင်းရှေ့ရှိ ခြံဝင်းအတွင်း၌ နိုဝင်ဘာ ၂၆ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်က အောင်သိန်းဌေး (၂၈)နှစ် မောင်းနှင်သည့် CAT-320 အမျိုးအစား ဘက်ဟိုးယာဉ်မှာ မြေညှိနေရာမှ ရုတ်တရက် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်နေသည့် ယာဉ်အား ဘားအံမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်စခန်းမှူး ဦးတင်လင်းစိုးဦးစီးသည့် မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးနှင့် မီးငြှိမ်းသတ်ယာဉ်နှစ်စီး၊ ဘားအံမြို့မရဲစခန်း နယ်ထိန်းခေါင်းဆောင် ရဲအုပ်မျိုးကျော်ဦးစီးသည့် နယ်ထိန်းတပ်ဖွဲ့ဝင်များ၊ ပြည်သူများက ဝိုင်းဝန်းငြှိမ်းသတ်ရာ မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်ခန့်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုကြောင့် ဘတ်ဟိုးယာဉ် ဆီတိုင်ကီအတွင်းမှ ဒီဇယ် ၁၀ ဂါလန်နှင့် အင်ဂျင်ဝါယာကြိုးများ လောင်ကျွမ်းပျက်စီးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ဘက်ဟိုးယာဉ်မောင်း အောင်သိန်းဌေးအား ဘားအံမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်းသိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

## ဆိုက်ကားနင်းနေသူနှင့် လမ်းဘေးတွင်ရပ်နေသူများအား အရှိန်မထိန်းနိုင်သောယာဉ်က ဝင်ရောက်တိုက်မိ၍ သေဆုံး/ဒဏ်ရာရ

**နေပြည်တော် နိုဝင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ တာကလေးရပ်ကွက် နတ်မော်လမ်း မီးရထားသံလမ်းကုန်းအဆင်းတွင် နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းက ယာဉ်တိုက်မှုဖြစ်ပွားကြောင်းခဲ့သည်။

ဖြစ်ပွားပုံမှာ ဟင်္သာတမြို့တွင်းမှ ပန်းဘဲတန်းရပ်ကွက်ဘက်သို့ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ စန်းဦး(၃၉)နှစ်မောင်းနှင်လာသော 7J/---- Probox အပြာရောင်ယာဉ်မှာ လမ်း၏ယာဘက်ဘေးတွင်ရပ်နေသည့် ဟင်္သာတမြို့နယ် အင်းမကျေးရွာနေ ဦးငွေစိုး (၁၉)နှစ်နှင့် တစ်ရွာတည်းနေ ဦးဝင်းဗိုလ်(၃၅)နှစ်တို့အား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိကာ ခရီးသည်တင်ပြီး ထွက်ခွာရန်ပြင်ဆင်နေသည့် တာကလေးရပ်ကွက်နေ ဦးရင်ထွေး(ခ) နဂါးလေး(၄၀)နှစ်၏ဆိုက်ကားအား ထပ်မံတိုက်မိခဲ့ကြောင်း သိရသည်။

ထိုသို့တိုက်မိမှုကြောင့် ဦးရင်ထွေး(ခ)နဂါးလေးတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး ဦးငွေစိုး၊ ဦးဝင်းဗိုလ်နှင့် တာကလေးရပ်ကွက်နေ ဆိုက်ကားစီးခရီးသည် ဒေါ်ရွှေမိ(၅၄)နှစ်တို့တွင် ဒဏ်ရာများအသီးသီးရရှိခဲ့သဖြင့် ယာဉ်မောင်း စန်းဦးအား ဟင်္သာတမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

### ပြင်ဆင်ဖတ်ရှုပါရန်

နိုဝင်ဘာ ၂၆ ရက်ထုတ် ကြေးမုံသတင်းစာ အချပ်ပိုစာမျက်နှာ (၂)တွင် ဖော်ပြပါရှိသော မောင်သောင်းဝင်း(တမန်ဟောင်း)၏ 'ဒုစရိုက်မှုကိုသာ အားပေးသော ထိုအရက်'ဆောင်းပါး ကော်လံ(၄) အမှတ်စဉ် (၂၁)တွင် **"အဆိပ်ပြင်းသော ဤသေရည် (အရက်၊ ဘီယာ၊ မူးယစ်ဆေးဝါး)ကို မဝယ်ယူမသုံးဆောင်ကြကုန်လော့"**ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(စာတည်း)**




## နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် မွေးနေ့ဆုတောင်း

မင်္ဂလာဒုံမြို့နယ်နေ နယူးရွှေစင် စိန်ရွှေရတနာဆိုင်များပိုင်ရှင် ဒေါ်ခင်လေးရီ၏ နှစ်(၅၀)ပြည့်မွေးနေ့ ရွှေရတုအထိမ်းအမှတ်အဖြစ် ၁၅-၁၁-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် ကျိုက္ကလဲ့မင်းကျောင်း၌-

၁။ ကျိုက္ကလဲ့မင်းကျောင်း ဆွမ်းစားဆောင်သစ် ဘုရားခန်းလှူဒါန်းခြင်း
၂။ မင်္ဂလာဒုံမြို့နယ်၊ ကျောင်းတိုက်များမှ သံဃာတော် (၅၁)ပါးအား သင်္ကန်းနှင့်တကွ လှူဖွယ်ပစ္စည်းစုံ ဆက်ကပ်ခြင်း
၃။ ၁၆-၁၁-၂၀၁၅ရက်(တနင်္လာနေ့)တွင် သဘာဝတရားရိပ်သာ (သန်လျင်)မှ သံဃာတော်များအား နံနက်ဆွမ်း ဆက်ကပ်ခြင်း၊ လူပုဂ္ဂိုလ် ၂၀၀၀ ကျော်အား နံနက်စာထမင်းနှင့် နေ့လယ်စာ အာဟာရကျွေးမွေးလှူဒါန်းခြင်း

ပြုရသော အကျိုးအားကြောင့် မိသားစုနှင့်အတူ နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့ဖြင့် ပြီးပြည့်စုံပြီး သာသနာ့အကျိုး ဆတက်ထမ်းပိုး ပြုနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ခင်ပွန်း-ဦးစိုးမြင့်(ခ)ဆရာစိုး (**IEC** ကိုယ်ပိုင်အထက်တန်းကျောင်းအုပ်ကြီး)
သားကြီး-ဒေါက်တာဟိန်းသူ (နယူးရွှေစင် စိန်ရွှေရတနာဆိုင် ဆိုင်အမှတ်-၁)
သားငယ်-ကိုစွမ်းလူ (နယူးရွှေစင် စိန်ရွှေရတနာဆိုင် ဆိုင်အမှတ်-၂)
သမီး-မခီတာရွှေ **(Grade-10,TTC)**

(နယူးရွှေစင်မိသားစု-မင်္ဂလာဒုံ)

## ဖြူးမြို့၊ အ.ထ.က(၁)(အမျိုးသားကျောင်း-၁၉၂၀)၏ (၁၆)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲဖိတ်ကြားလွှာ

ဖြူးမြို့ အ.ထ.က(၁)၏ (၁၆)ကြိမ်မြောက်မြတ်ဆရာပူဇော်ပွဲကို **(၁၀.၁.၂၀၁၆)**တနင်္ဂနွေနေ့ နံနက်(၈း၃၀)နာရီတွင် အ.ထ.က(၁)၏ အမျိုးသားကျောင်းဆောင်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ဖြူးအ.ထ.က(၁)တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး**(၃၁.၁၂.၂၀၁၅)**ရက်၌ အသက်(၆၂)နှစ်ပြည့်ပြီးသော ဆရာကြီး/ဆရာမကြီး (၁၄၄)ဦးအား တစ်ဦးလျှင် ဂါရဝပူဇာ (၁)သိန်းကျပ်စီနှင့် လှူဘွယ်ပစ္စည်းများဖြင့်ပူဇော်ကန်တော့မည်ဖြစ်ပါသည်။ ဆရာကြီး/ဆရာမကြီးများထံသို့ ဖိတ်စာရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ ကြွရောက်အပူဇော်ခံပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ ဆက်သွယ်လှူဒါန်းလိုပါက ဖြူးမြို့ရှိ - KBZ Bank Account No. 1421220001960, AGD Bank Account No. 3061220004943, CB Bank - 006060010003292, GT Bank Account No. 0531220001344. ဦးအင်းရှောက် 09 448012249, ဦးညွန့်ဝေ 09 974585661, ဦးသက်နိုင် 09 866089, ဦးအောင်အောင် 0932214666, ဦးထင်အောင်ရှိန် 095021524, ဒေါ်စန္ဒာထွန်း (မန္တလေး) 092033229, ဦးတင်ထွန်းအောင် (မိတ္ထီလာ) 09 5117507 သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ရန်ကုန်မှဖြူးသို့ အသွားအပြန်သီးသန့်ကား စီစဉ်ထားပါသဖြင့် လိုက်ပါမည့်ဆရာကြီး/ဆရာမကြီးများနှင့် ကျောင်းသားဟောင်းများသည် ဦးမြင့်ဦး 01 660131, ဦးဂုဏ်ရင် 09 5412461, ဦးစိုင်းမျိုးနိုင် 09 5029529, ဦးအောင်ကျော်ဟိန်း 09 501237၇သို့ **(7.1.2016)**ရက်ထက်နောက်မကျစေဘဲ ဆက်သွယ်စာရင်းပေးကြပါရန် လေးစားစွာပန်ကြားအပ်ပါသည်။




ကထိက နည်းပြ
နည်းပညာတက္ကသိုလ်
T.U
ပထမနှစ် မှ BE/ME
မေဂျာစုံ/ဘာသာစုံ ဖွင့်ပြီ
(၁၂/၅)၊လှည်းတန်းလမ်းမ၊ကမာရွတ်။
ဖုန်း-၀၉၄၂၀၀၃၂၁၀၃၊၀၉၅၀၀၃၇၉၉

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၈၊ မြေကွက်အမှတ်(၇၈၉+၇၉၀)၊ မြေကွက်တည်နေရာအမှတ် (၇၈၉+၇၉၀)၊ (၅၈) ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (ဦးတင်ဝမ်း)အမည်ပေါက် ပါမစ်မြေ မြေအား ပါမစ်အမည်ပေါက် ဦးတင်ဝမ်းထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဒေါ်တင်တင်ကြည် ၁၂/အစန(နိုင်)၁၁၆၅၀၄၊မှ ပါမစ်တွင် ဓာတ်ပုံ၊ ပြောင်းရွှေ့မည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်မိတ္တူမှန်တင်ပြ၍ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချထားပေးခြင်းခံရသူများ၏ မှီခိုသူများစာရင်း စာရွက်တင်ပြနိုင်ခြင်းမရှိဘဲ ပါမစ်မစုံဖြင့်တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်ဂရန်သစ် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# စစ်ကိုင်းမြို့နယ်တွင် မိုးသီးနှံ ပဲစင်းငုံများ ပက်ကြဲစနစ်ဖြင့် စိုက်ပျိုးရာ အောင်မြင်ဖြစ်ထွန်း

**စစ်ကိုင်း နိုဝင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် မြစ်ကြီးနား သွားကား လမ်းဘေး ဝဲယာတစ်လျှောက် စဥ့်ကိုင်ရွာ၊ တောင်ရင်းရွာ၊ တိုက်ရွာ၊ အမယ်ခံရွာ၊ တလိုင်းရွာ၊ ကျောက်ဖြူရွာ စသည့်ကျေးရွာများမှ တောင်သူများသည် မိုးသီးနှံဖြစ်သော ပဲစင်းငုံကို ပက်ကြဲစနစ်ဖြင့် စိုက်ပျိုးကြရာ ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မြို့နယ်တွင် တောင်သူများသည် စပါး၊ ဂျုံ၊ ပြောင်း၊ နှမ်း၊ ပဲစင်းငုံ၊ မြေပဲ၊ အထွက်တိုးပြောင်းဖူး၊ ဖူးစားပြောင်း၊ မိုးပဲတီစိမ်း စသည်ဖြင့် နွေ၊ မိုး၊ ဆောင်းရာသီသုံးမျိုးစလုံး မနားမနေ တောင်သူလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့က ပဲတီစိမ်းကို မြေပဲထဲရောနှောပြီး အတန်းလိုက်စိုက်တဲ့အခါလည်းရှိပါတယ်။ သီးညှပ်အဖြစ်စိုက်တာပေါ့။ ဒါပေမယ့် အထွက်နည်းတယ်။ အခုလို ပက်ကြဲတော့ အထွက်နှုန်းကောင်းတယ်။ တစ်ဧက ၁၀ တင်းကနေ တင်း၂၀ ထိထွက်ပါတယ်။ ပေါင်းသင်စရိတ် အကုန်သက်သာတယ်။ အခုနောက်ပိုင်းမှာ ပဲစင်းငုံက ဈေးကွက်ပိုဝင်တယ်။

"တောင်သူတွေပေါ်လာရင် မန္တလေးဘက်ကပွဲရုံတွေအရောက်သွားပို့တယ်။ တောင်သူတွေ သီးနှံရဖို့ပဲလိုပါတယ်။ အိမ်ရှေ့အထိ ကားကလာရောက်ပြီးတင်ပါတယ်။ ဟိုကျတော့လည်း ပွဲရုံအထိ လိုက်ပို့ပေးပါတယ်"ဟု တလိုင်းရွာသားဦးဘိုလှိုင်က ပြောပြသည်။

အဆိုပါကျေးရွာတွင် မြေအမျိုးအစား သုံးမျိုးရှိပြီးလယ်မြေ၊ တနယ်မြေနှင့် ကုန်းမြေများဖြစ်ကာ လယ်မြေတွင် စပါးအမျိုးမျိုးစိုက်ပျိုးပြီး တနယ်မြေတွင် ပဲအမျိုးမျိုးနှင့် ပြောင်းဖူးများစိုက်ပျိုးကာ ကုန်းမြေတွင် မိုးရာသီတစ်ချိန်တည်းသာ စိုက်ပျိုးနိုင်ကြောင်း သိရသည်။

"လယ်မြေကို စပါးစိုက်ဖို့ရှေးဟောင်းကန်ရှိပြီး မြစ်ရေတင်လည်း ရှိပါတယ်။ တနယ်မြေကတော့ ပဲတီစိမ်းစိုက်ပါတယ်။ အထွက်တိုးပြောင်းဖူးတွေစိုက်တယ်။ ပဲစင်းငုံတွေကို မိုးနှင့်စိုက်ပျိုးပါတယ်။ ကုန်းမြေကိုတော့ ပဲစင်းငုံလည်းစိုက်တယ်။ ပဲတီစိမ်းလည်း စိုက်ပါတယ်"ဟု ကျောင်းဖြူရွာသားတစ်ဦးက ထပ်မံပြောပြသည်။

ထိုကဲ့သို့ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ကျေးလက်နေတောင်သူများ ယခုနှစ်တောင်သူသီးနှံစိုက်ပျိုးချိန်တွင် ပဲစင်းငုံသီးနှံကို ပက်ကြဲစနစ်ဖြင့် စိုက်ပျိုးထားကြရာဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း၊ ဈေးနှုန်းကောင်းရန် မျှော်လင့်လျက်ရှိကြောင်း ဒေသခံများကပြောသည်။

**ကျော်ဇွေး(ညောင်ဦး)**

# ရွှေကြာသက်န်းကပ်လှူပူဇော်ပွဲနှင့် ဆီမီး ၃၀၀၀ ကျော် ထွန်းညှိပူဇော်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၈**

မင်္ဂလာဒုံမြို့နယ် သမိုင်းဝင်ကျိုက္ကလို့ စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၁၃)ကြိမ်မြောက် ရွှေကြာသက်န်းကပ်လှူပွဲနှင့် ဆီမီး ၃၀၀၀ကျော် ထွန်းညှိပူဇော်ပွဲ၊ အသံမစဲပဋ္ဌာန်းပွဲ၊ နိဗ္ဗာန်ဈေးအလှူတော်ပွဲ များကို နိုဝင်ဘာ ၂၆ရက် (တန်ဆောင်မုန်းလပြည့်နေ့) နံနက် ၅နာရီက ကျိုက္ကလို့ အာရုံခံတန်ဆောင်း၌ ကျင်းပခဲ့ သည်။

အဆိုပါ ပူဇော်ပွဲသို့ စေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယဆရာတော်ကြီးများ တက်ရောက်ကာ နမောတဿ သုံးကြိမ်ရွတ်ဆိုပြီး အခမ်းအနားဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသော မင်္ဂလာဒုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ စေတီတော်ဂေါပကအဖွဲ့ နာယကကြီးများ၊ ဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များစေတီတော် ဝတ်အသင်းများ၊ အလှူရှင်များက စေတီတော်ပေါ်ရှိ မြတ်စွာဘုရား၏ ရုပ်ပွားတော်များကို နံနက် ၅နာရီတွင် ရွှေကြာသက်န်းများ ကပ်လှူပူဇော်ကြသည်။

ထို့နောက် နံနက် ၅နာရီ ၁၅မိနစ်တွင် အသံမစဲ ပဋ္ဌာန်းပွဲကို အလှည့်ကျဆရာတော်က စတင်ရွတ်ဆိုပူဇော်သည်။ ညနေ ၆ နာရီတွင် ပဋ္ဌာန်းပွဲရုပ်သိမ်းပြီး စေတီတော်၏ ဝတ်အသင်း ၁၁သင်းမှ ဆီမီး ၃၀၀၀ ကျော်ကို ထွန်းညှိပူဇော် ကြသည်။

ဆက်လက်ပြီး ည ၇ နာရီတွင် စေတီတော်ဝတ်အသင်း ၁၁သင်းနှင့် အလှူရှင် ခုနစ်ဦးတို့က နိဗ္ဗာန်ဈေးပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်း သိရသည်။

**မျိုးသန့် (IPRD)**

# မူးယစ်ဆေးဝါးပပျောက်ရေးအသိပညာပေးဟောပြော

**သုံးခွ နိုဝင်ဘာ ၂၈**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အထက(၁) ပုလဲရတနာခန်းမ၌ နိုဝင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီက မူးယစ်ဆေးဝါးပပျောက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် မူးယစ်တပ်ဖွဲ့စု(၄၃)မှ ဒုတပ်ဖွဲ့စုမှူး ဒုရဲမှူးသိန်းလွင်က မူးယစ်ဆေးဝါးနောက်ခံသမိုင်း၊ ဆိုးကျိုးအန္တရာယ်၊ လူငယ်များနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းတို့ကို ရှင်းလင်းဟောပြောခဲ့သည်။

အခမ်းအနားသို့ အထက(၁)ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်အေးမူနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၃၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ကိုထက်)**

# ဆိပ်ဖြူတွင် ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးဟောပြောပွဲကျင်းပ

**ဆိပ်ဖြူ နိုဝင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် မြို့နယ်ရဲတပ်ဖွဲ့မှ အခြေခံပညာကျောင်းများတွင် မှုခင်းဆိုင်ရာအသိပညာပေးဟောပြောပွဲများကို ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာ ၂၇ ရက် နံနက် ၉ နာရီက အ-ထ-က(ခွဲ) ပင်းတလဲကျောင်းတွင် အသိပညာပေးဟောပြောပွဲကို ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး ထွန်းမြင့်ဝင်းနှင့် မြို့မစခန်းမှူး ဒုရဲမှူးမြင့်အောင်ထွန်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အ-ထ-က(ခွဲ) ပင်းတလဲကျောင်းမှ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများတက်ရောက်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးထွန်းမြင့်ဝင်းက လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် မူယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများအကြောင်းကို ပြောကြားခဲ့ပြီး မြို့မစခန်းမှူး ဒုရဲမှူးမြင့်အောင်ထွန်းက ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာများများကို ဟောပြောပေးခဲ့သည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**



Building a Brighter FUTURE
Since 2007
VALUESTAR EDUCATION CENTRE
Certificate Course in
• Customer Service Management
အင်္ဂါနေ့ (ညနေ ၆:၀၀ မှ ၈:၀၀ထိ) ၁.၁၂.၂၀၁၅ စမည်။
• Financial Management
ကြာသပတေးနေ့ (ညနေ ၆:၀၀ မှ ၈:၀၀ထိ) ၃.၁၂.၂၀၁၅ စမည်။
• Marketing Management
တနင်္ဂနွေနေ့ (နံနက် ၇:၀၀ မှ ၉:၀၀ထိ) ၁၃.၁၂.၂၀၁၅ စမည်။
• Business Management
သောကြာနေ့ (ညနေ ၆:၀၀ မှ ၈:၀၀ထိ) ၁၁.၁၂.၂၀၁၅ စမည်။
09-5043580, 09-5200547, 09-450001145
Giordano
For you & me Beauty Saloon

PARAMI General Hospital
Deputy Matron
- Diploma in Nursing (or) B.N.Sc ဘွဲ့ရဖြစ်ရမည်။
Trained Nurse(Operation Theatre)
- Diploma in Nursing (or) B.N.Sc ဘွဲ့ရဖြစ်ရမည်။
- Operation Theatre
Operation Officer
- Operation
Passport
(Human Resource Department)
Email
(၆၀)(G-1)
Phone: (95-1) 651674, 660083, 657228~32
Email: hr@paramihospital.com

FEG
Future Engineer Generation
Vocational, Computer & Language
Training School
ဒုတိယထပ်၊ ၃၉လမ်းဈေးပလာဇာ
(စည်ပင် ၉ ထပ်ရုံး)၊
ဆိပ်ကမ်းသာလမ်း (အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
၀၉၇၉၁၉၂၆၂၅၅၊ ၀၉၅၀၅၅၃၇၇
fegtrainingschool@gmail.com
facebook:FEGtrainingschool

M&E Electrical Design
IEE မှုကိုအခြေခံ၍ အဆောက်အဦဆိုင်ရာ
ဒီဇိုင်းတစ်ခုတည်ဆောက်ရာတွင် ၎င်းနှင့်အတူ
တင်ပြရမည့်ဇယားများဆွဲခြင်း၊ ပါဝင်သောအဆင့်
တစ်ခုစီအတွက် လိုအပ်သော Circuit breaker,
Cable, Earth termination, Conduit/
trunking size, Icu, Ics တန်ဖိုးများကို
တွက်ချက်ပြီး တည်ဆောက်ထားသော ဒီဇိုင်း၏
Short circuit protection, Earth fault
protection ကို ထပ်မံစစ်ဆေးခြင်း
5.12.2015 Sat, Sun (10:30-12:30)PM

လျှပ်စစ်ဝါယာရှင်း
ကျွမ်းကျင်သင်တန်း
အိမ်၊ စက်ရုံ၊ အလုပ်ရုံ
ဝါယာရှင်းသွယ်တန်းနည်းများကို
စာတွေ့လက်တွေ့
ထိရောက်စွာသင်ကြားပေးမည်။
4.12.2015 Friday Only
(1:00 - 5:00)PM 10-weeks

FAME
Cholecrush®
For gallstones
သည်းခြေကျောက်ပျော်ဆေး
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 010682(0816)

FAME
MilkThistle
Potent Antioxidant for Liver
အသည်းဆေး
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 007176 (0716)

# စိုက်ပျိုးရေးလုပ်ငန်းအတွက် ရေရှည်အကျိုးများနိုင်သော သဘာဝမြေဩဇာကိုပိုသုံးသင့်

**ကောလင်း နိုဝင်ဘာ ၂၈**

စိုက်ပျိုးရေးလုပ်ငန်းများတွင် ဓာတ်မြေဩဇာများကို အလွန်အကျွံသုံးစွဲခြင်းထက် သဘာဝမြေဩဇာကိုပိုမိုသုံးစွဲခြင်းက စိုက်ပျိုးစရိတ်သက်သာရုံသာမက မြေဆီလွှာပျက်စီးမှုလည်းမဖြစ်တော့ဘဲ ရရှိသောအသီးအနှံများမှာလည်း အဆီဩဇာဓာတ်ပြည့်စုံပြီး ဘေးထွက်ဆိုးကျိုးလွန်စွာနည်းပါးကြောင်း ကောလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ပြောပြသည်။

“သဘာဝမြေဩဇာများဖြစ်ကြတဲ့ နွားချေး၊ ကြက်ချေး စသည့် ကျေးလက်အမိုက်သရိုက် ရတနာသိုက်ဆိုသည့်အတိုင်း ထည့်နိုင်ရင်တော့အကောင်းဆုံးပေါ့။ နွားချေး၊ ကြက်ချေးမှာက အပင်အတွက်လိုအပ်တဲ့ အာဟာရဓာတ်တွေ အချိုးညီမျှစွာ ပါဝင်တယ်။ မြေဆီလွှာကိုလည်း ကောင်းမွန်စွာပြုပြင်ပေးနိုင်တယ်။

“ဓာတ်မြေဩဇာကတော့ ချက်ချင်းတုံ့ပြန်မှုကောင်းတယ်။ မြေဆီလွှာကို ထိခိုက်ပျက်စီးနိုင်တယ်။ ရှေးယခင်အစဉ်အဆက်တည်းက မြန်မာနိုင်ငံမှ လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်ကြသော တောင်သူများမှာ သဘာဝမြေဩဇာတစ်မျိုးတည်းကိုသာ အသုံးပြုစိုက်ပျိုးခဲ့ကြပါတယ်။

“စပါးစိုက်လယ်တစ်ဧကတွင် နွားချေးလှည်း ၁၀ စီးမှ ၁၅ စီးထိ ထည့်ကြကာ တစ်နှစ်တည်းထည့်ပါက သုံးနှစ်ခန့်ကောင်းစွာစိုက်ပျိုးနိုင်ပြီး မိမိတို့ပိုင် လယ်ယာမြေများကို တစ်နှစ်စီအလှည့်ကျထည့်ပါတယ်။ ထိုစဉ်က တောင်သူများမှာ စိုက်ပျိုးရေးနှင့်မွေးမြူရေးယှဉ်တွဲ၍ လုပ်ကိုင်ကြပါတယ်။

“မွေးမြူထားသော တိရစ္ဆာန်များအတွက် လိုအပ်သောအစာကို လယ်ယာလုပ်ငန်းက ထွက်ရှိတဲ့ ကောက်ရိုး၊ မြက်၊ ပြောင်းရိုး၊ မြေပဲမှော်စသည်တို့ဖြင့် ဖူလုံစွာ ကျွေးမွေးနိုင်ပြီး တစ်ဖန်စိုက်ပျိုးရေးအတွက် လိုအပ်သော မြေဩဇာကို မိမိတို့မွေးမြူထားသော တိရစ္ဆာန်များက လုံလောက်စွာရရှိတော့ အပိုကုန်ကျမှုမရှိဘဲ ရာသီဥတုကောင်းမွန်ပါက စိုက်သမျှ၊ သီးသမျှအကျိုးခံစားရပါတယ်။

ယခုနောက်ပိုင်းတွင် တောင်သူများမှာ လယ်ယာမြေသာရှိသော်လည်း ခိုင်းနွားများ ပြည့်စုံစွာမရှိသည်ကများပြီး ဓာတ်မြေဩဇာ၊ ကွန်ပေါင်းဓာတ်မြေဩဇာ၊ ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေးများကလည်း အရည်အသွေးပြည့်မီမှု ရှိ၊ မရှိမသိသော်လည်း မိမိတို့အနီးနား၌ အလွယ်တကူရရှိနေသဖြင့် အဆိုပါပစ္စည်းများကိုတာ အဓိကအားထားအသုံးပြုလာကြကြောင်း ၎င်းက ဆက်လက်ပြောသည်။

အရည်အသွေးမပြည့်မီသော အဆိုပါပစ္စည်းများကို အသုံးပြုကြခြင်းကြောင့် စိုက်ပျိုးစရိတ်ကြီးမားပြီး အကျိုးအမြတ်နည်းကာ မိမိတို့ သားစဉ်မြေးဆက်လုပ်ကိုင်စားသောက်ကြရမည့် လယ်ယာမြေများလည်း တစ်စတစ်စ ပျက်စီးမှုများလာကြကြောင်းသိရသည်။

**မြင့်ထွန်းမင်း(ကောလင်း)**

# ငါးရှက်မုန်ညှင်းမျိုးစိုက်တောင်သူများ စိုက်ပျိုးမှုအောင်မြင်

**မိုးညှင်း နိုဝင်ဘာ ၂၈**



ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းကုန်းကျေးရွာအုပ်စု ကျွန်းကုန်းရွာ ကားလမ်းဈေးရပ်ကွက်တွင် ဆောင်းသီးနှံစိုက်ပျိုးရေး လုပ်ကိုင်လျက်ရှိသော ငါးရှက်မုန်ညှင်းမျိုး စိုက်တောင်သူများ စိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ ပေါ်ဦးပေါ်ဖျားမုန်ညှင်းဖူးများ လှိုင်လှိုင်ပေါများသဖြင့် အရောင်းအဝယ်ကောင်းကာ ပုံမှန်ဝင်ငွေရကြောင်း သိရသည်။

ကျွန်းကုန်းကျေးရွာတွင် တောင်သူအများစုမှာ လယ်ယာစိုက်ပျိုးပြီးချိန် လယ်ယာကိုင်းကျွန်းနှင့် မြေလွတ်မြေကွက်များတွင် ဆောင်းသီးနှံအဖြစ် ငါးရှက်မုန်ညှင်းမျိုးကို တော်သလင်းလဆန်းပိုင်းတွင် စတင်စိုက်ပျိုးလာကြသည်။

မုန်ညှင်းပျိုးပေါက်သက်တမ်း တစ်နှစ်ခန့်စိုက်ပျိုးပြီးချိန်တွင် ထွန်ယက်ပြုပြင်ထားသော မြေနေရာများတွင် ယင်းပျိုးပင်ပေါက်များကို စနစ်တကျနုတ်ယူကာ တစ်လခွဲဆက်လက် စိုက်ပြီးချိန် မုန်ညှင်းရွက်ငါးရှက်ထွက်ပေါ်လာပြီး အရိုးအဆစ်သန်မာထွားကြိုင်းသော မုန်ညှင်းဖူးများ ထွက်ပေါ်ကာ ရောင်းတန်းဝင်မုန့်ညှင်းဖူးများကို ရရှိကြောင်း မုန်ညှင်းစိုက်တောင်သူတစ်ဦးက ပြောသည်။

“ကျွန်မတို့ အခုရောင်းနေတဲ့ မုန်ညှင်းဖူးက စိုက်ပျိုးရတာ အချိန်နှစ်လခွဲပဲကြာတယ်။ ရက်တိုတိုနဲ့ ဝင်ငွေများများရလို့ ကျွန်မတို့တစ်ရွာလုံးနီးပါး စိုက်ပျိုးကြပါတယ်။ မုန်ညှင်းရွက်ငါးရှက်ပြည့်ရင် မုန်ညှင်းဖူးထွက်လို့ ငါးရှက်မုန့်ညှင်းလို့ခေါ်တာပါ”ဟု ကျွန်းကုန်းရွာ မုန်ညှင်းစိုက်တောင်သူ ဒေါ်ခင်မိုးက ပြောသည်။

“အခုကျွန်မတို့ရောင်းနေတဲ့ မုန်ညှင်းဖူးက ဆယ်လက်စည်းတစ်စည်းကို ဖောက်သည်ရောင်းချပေးတာ ကျပ် ၇၀၀ ပါ။ တစ်စီးချင်းကိုတော့ ကျပ် ၁၀၀ ပါ။ ဒီဒေသတစ်ဝိုက်မှာတော့ ကျွန်မတို့ရွာက အများဆုံးစိုက်ပြီးတော့ မိုးညှင်းတစ်မြို့နယ်လုံး ဖားကန့်၊ ဆိုင်းတောင်၊ ကျောက်စိမ်းမှော်၊ ရွှေမှော်တွေက အဓိကထား ဝယ်ယူကြပါတယ်။

“နောက်ပြီး ကချင်ပြည်နယ်တင်မက စစ်ကိုင်းတိုင်းဒေသကြီးဖြစ်တဲ့ မော်လူး၊ အင်းတော် ကသာမြို့ကြီးတွေကလည်း ဝယ်ယူကြပါတယ်။ ကျွန်မတို့က ရွှေဘို-မြစ်ကြီးနားကားလမ်းမကြီးပေါ်မှာ ရောင်းနေတာမို့ အနယ်နယ်အရပ်ရပ်က ဝယ်ယူရတာ အဆင်ပြေလွယ်ကူတာပါ ကထိန်အလှူပွဲ ပွင့်လင်းရာသီ မင်္ဂလာဆောင်ပွဲတွေမှာ မုန်ညှင်းဖူး မပါရင် ပွဲမစည်ဘူးလေ”ဟု ဈေးသည်ဒေါ်ခင်စိုး ကပြောသည်။

အဆိုပါ ငါးရှက်မုန်ညှင်းဖူးမျိုး ထွက်ပေါ်ပြီးပါက ကြက်ဆိတ်မုန်ညှင်း၊ ကြိုးကြာမုန်ညှင်း၊ မုန်ညှင်းကြီးအစရှိသည်တို့ကို မိုးညှင်းမြို့နယ်တစ်ဝန်းတွင် စီးပွားဖြစ် စိုက်ပျိုးကြပြီး နေရာဒေသအသီးသီးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ ယခုစိုက်ပျိုးရောင်းချလျက်ရှိသော ငါးရှက်မုန်ညှင်းဖူးစိုက် တောင်သူများမှာ တစ်ဦးလျှင်ငွေကျပ် ၂၅၀၀၀မှ ကျပ် ၅၀၀၀၀ ထိ ဝင်ငွေရကြောင်း စိုက်ပျိုးမှုအနည်းအများနှင့် ဖောက်သည်အနည်းအများပေါ် မူတည်ပြီး နေ့စဉ် အရောင်းအဝယ်ဖြစ်ထွန်းလျက်ရှိကြောင်း ကျွန်းကုန်းရွာဒေသခံတစ်ဦးက ပြောပြခဲ့သည်။

**နီတိုး**

# ချောက်မြို့နယ်တွင် HIV/AIDS ပညာပေးပြခန်းနှင့် ဉာဏ်စမ်းစာမေးပွဲဖြေဆိုခန်းများအား နှစ်ရက်ကြာကျင်းပ


**ချောက် နိုဝင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီးချောက်မြို့ နယ်တွင် World Vision အစီအစဉ်ဖြင့် HIVရောဂါပိုးကူးစက်ခံရသူ ပပျောက်ရေး၊ HIV ရောဂါပိုးရှိသူများကို ခွဲခြားနှိမ့်ချဆက်ဆံမှု ပပျောက်ရေးနှင့် AIDS ရောဂါကြောင့် သေဆုံးမှုပပျောက်ရန် ရည်ရွယ်၍ HIV/AIDS ပညာပေးပြခန်းနှင့် ဉာဏ်စမ်းစာမေးပွဲ ဖြေဆိုခန်း ဖွင့်ပွဲကို မဟာအေးစေတီဗုဒ္ဓပူဇနိယဘုရားပွဲတော်၌ နိုဝင်ဘာ ၂၅ရက် ညနေ ၅နာရီက ကျင်းပခဲ့သည်။

ဖွင့်ပွဲသို့ဌာနဆိုင်ရာတာဝန်ရှိသူများ၊ World Visionနှင့် အမျိုးသမီး ရေးရာနှင့်မိခင်ကလေး စောက်ရှောက်ရေးအဖွဲ့ဝင်များတက်ရောက်ခဲ့သည်။

အဆိုပါHIV/AIDS ပညာပေးပြခန်းနှင့် ဉာဏ်စမ်းစာမေးပွဲ ဖြေဆိုခန်းအား နှစ်ရက်ကြာ ပြုလုပ်မည်ဖြစ်၍ ပြခန်းသို့ လာရောက်ကြည့်ရှုသူများတွင် အသက် ၁၄ နှစ်အထက်ရှိသူ ပြည်သူများအား HIV/AIDS နှင့် ပတ်သက်သည့် အသိပေးဉာဏ်စမ်းမေးခွန်းများ ဖြေဆိုစေပြီး ရမှတ်အလိုက်ပထမ၊ ဒုတိယနှင့် တတိယအဆင့်ထိရောက် အောင်ဖြေဆိုနိုင်သူများအား ဆုလက်ဆောင်များ အသီးသီးချီးမြှင့်သွားမည်ဖြစ်ကြောင်းသိရသည်။

**ဝင်းအိမွန်(ပြန်ဆက်)**


CONNECT Institute

Study in Myanmar, Graduate in America.

International Studies Program(ISP) Seminar

DATE : 11 Dececember, 2015 (Friday)

TIME : 10 - 11:30AM

LOCATION : 3A Pansodan Business Tower ပန်းဆိုးတန်းလမ်းနှင့် အနော်ရထာလမ်းထောင့်၊ ကျောက်တံတားမြို့နယ်။

09 25595 9933 နှင့် 09 25595 9944 သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။


## တစ်ချက်တည်းကျင်းဝင်ခြင်း

ကျော်စီးပွားရေးလုပ်ငန်းစုမှ ဦးကျော်ညွန့်သည် ကစားဖော်များဖြစ်သော ဦးရွှေသိန်း(M9 Group-Star Electronic)၊ ဦးတင်ထွန်းအောင်(CHIGO Air Con)၊ ဦးကံထူး(TCL Electronic)၊ ကိုပြည့်စုံသူ (Tagon Electronic)တို့နှင့်အတူ မြို့တော်ဂေါက်ကွင်း(YCDC-မြကန်သာကွင်း)တွင် ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၁)သို့ (၁၁၀)ကိုက်အကွာမှ Titleist no 1ဘောလုံးအား Majesty PW တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားပါသည်။

ကစားဖော်များ

# အာဆီယံအသိုက်အဝန်းအတွင်း ဝါဏိဇ္ဇဗျူဟာခင်းဖို့ပြင်

*မျက်မှောက်ကမ္ဘာတွင် ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးစသည့် နိုင်ငံတကာအရေးကိစ္စများကို မျက်ခြည်မပြတ်လေ့လာနေရန် လိုအပ်ပါသည်။ ထိုသို့လေ့လာနေမှသာလျှင် နိုင်ငံတကာအခင်းအကျင်းများမှ ရယူသင့်သော သင်ခန်းစာများကို ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ ကြေးမုံစာဖတ်ပရိသတ်များအား တစ်ပတ်အတွင်းထူးခြားသော နိုင်ငံတကာဖြစ်စဉ်များကို ခြုံငုံသိရှိနိုင်စေရန်အတွက် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နိုင်ငံတကာသတင်း ပုံရိပ်များကို ဖော်ပြအပ်ပါသည်။*

*(စာတည်း)*

à ကိုရင်ဩ

မလေးရှားနိုင်ငံ ကွာလာလမ်ပူ၌ လွန်ခဲ့သည့် ရက်သတ္တပတ်က လက်မှတ်ရေးထိုးခဲ့သော သမိုင်းဝင် ကြေညာချက်နှင့်အတူ အာဆီယံ အသိုက်အဝန်းကြီးတစ်ရပ်ကို တရားဝင် ထူထောင်လိုက်ပြီဟု ကြားသိရလေရာ တစ်ယောက်အားဖြင့် ယူသော်မရ၊ တစ်သောင်းအားဖြင့် ယူသော်ရ၏ ဟူဘိသို့ပင် အရှေ့တောင်အာရှ ဒေသသည် စုစည်းအားဖြင့် ပိုမိုတိုးတက်ကောင်းမွန်သော လူ့အဖွဲ့အစည်းတစ်ရပ်ကို ပြက်ပြက်ထင်ထင် ထူထောင်နိုင်တော့မည် ပေတကားဟု ကျွန်ုပ်တွေးမိရင်း ပီတိသောမနသပွားမိလေ၏။

၂၀၁၅ ခုနှစ် ဒီဇင်ဘာလကုန်တွင် အသက်ဝင်ရှင်သန်လာတော့မည့် အာဆီယံအသိုက်အဝန်းသည်ကား လုံခြုံရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု၊ စီးပွားရေးတည်းဟူသော တုတ်တုတ်ခဲခဲ မဏ္ဍိုင်ကြီးသုံးခုအပေါ် တည်ဆောက်ထားလေသည်။

အာဆီယံအသိုက်အဝန်း မှီတည်ရာ မဏ္ဍိုင်ကြီးသုံးရပ်အနက် အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) မဏ္ဍိုင်ကြီးကို နိမိတ်ပုံဖော်ကြည့်ရန် ကျွန်ုပ်အာရုံညွတ်မိလေသည်။

အေအီးစီ၏ ရည်မှန်းချက်ကား ဒေသတွင်း နိုင်ငံများစီးပွားရေးအရ ပေါင်းစည်းရန်ဖြစ်၏။ အေအီးစီ၏ မဏ္ဍိုင်လေးရပ်သည်ကား -

(၁) တစ်ခုတည်းသောဈေးကွက်နှင့် ထုတ်လုပ်မှုအခြေစိုက် စခန်းဖြစ်လာရန်၊
(၂) ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားသော စီးပွားရေး ဒေသတစ်ခုဖြစ်လာရန်၊
(၃) ဒေသတွင်းနိုင်ငံများ သာတူညီမျှ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖြစ်ပေါ်လာစေရန်၊
(၄) ကမ္ဘာ့စီးပွားရေးနှင့်အပြည့်အဝ ပေါင်းစည်းရန်တို့ဖြစ်သည်ဟု ကျွန်ုပ်လေ့လာ စေ့ငုမိ၏။

အာဆီယံဒေသသည် စုစုပေါင်း လူဦးရေ ၆၂၅ သန်းရှိပြီး ကုန်စည်နှင့် ဝန်ဆောင်မှုလုပ်ငန်းအားလုံး၏ စုစုပေါင်းတန်ဖိုး ဒေါ်လာ ၂ ဒသမ ၆ ထရီလီယံအထိရှိသော ဒေသကြီးဖြစ်သည်။ ယခုနှစ်ကုန်မှစ၍ အေအီးစီအပြည့်အဝ အကျိုးသက်ရောက်မှုရှိလာမည်ဟု မျှော်မှန်းကြလေသည်။

အေအီးစီ အသိုက်အဝန်း ပေါ်ထွန်းလာခြင်းဖြင့် အာဆီယံနိုင်ငံများ ခံစားရရှိအံ့သော အားသာချက်များရှိပေလိမ့်မည်။ အရှေ့တောင်အာရှနိုင်ငံများ၏ နယ်စပ်ဒေသများကို ဖြတ်သန်းလျက် ကုန်စည်များ လွတ်လပ်စွာ စီးဆင်းစေနိုင်ခြင်း၊ ဝန်ဆောင်မှုများ လွတ်လပ်စွာ စီးဆင်းစေနိုင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုများ လွတ်လပ်စွာ စီးဆင်းစေနိုင်ခြင်း၊ ငွေကြေးအရင်းအနှီးများ လွတ်လပ်စွာ စီးဆင်းစေနိုင်ခြင်း၊ ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာ စီးဆင်းစေနိုင်ခြင်းတို့ရှိလာမည်ကား သေချာလှသည်။

အာဆီယံဒေသတွင်း၌ ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူချောမွေ့လာနိုင်ပြီး လာမည့်နှစ်ကုန်ထက်နောက်မကျဘဲ သွင်းကုန်များအပေါ် ထိန်းချုပ်ကန့်သတ်ထားသည့် ကုန်သွယ်ရေး အတားအဆီးများကို ရှင်းလင်းဖယ်ရှားလာနိုင်မည်ဟု အာဆီယံစီးပွားရေးလုပ်ငန်းများ အတိုင်ပင်ခံကောင်စီက တွက်ဆထားလေသည်။

အာဆီယံဒေသတွင်း၌ အကောက်အခွန်နှုန်းမဟုတ်သော ကုန်သွယ်မှု အတားအဆီးများကို ဖြေလျှော့ပေးလျက်ရှိသည်။ ဝါဏိဇ္ဇကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူချောမွေ့စေရေးအတွက် အစီအမံများကိုလည်း ချမှတ်ဆောင်ရွက်လျက်ရှိလေသည်။

အာဆီယံစီးပွားရေးအသိုက်အဝန်း ထူထောင်ခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးတစ်ရပ်ကား ဒေသတွင်းရှိနိုင်ငံများ၌ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စီမံကိန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ခြင်းဖြစ်သည်။ အထူးအားဖြင့် ဒေသတွင်း၌ ရေနံနှင့် ဓာတ်ငွေ့ပိုက်လိုင်းများ တည်ဆောက်ခြင်း၊ ဖန်မျှင်ကြေးနန်းဆက်သွယ်ရေး (Fibre-optics) ကွန်ရက်တည်ဆောက်ခြင်းစသည့် စီမံကိန်းကြီးများ ပေါ်ထွန်းလာနိုင်ပေသည်။ အဖွဲ့ဝင်နိုင်ငံများ၏ သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံကို တစ်နိုင်ငံနှင့်တစ်နိုင်ငံ ချိတ်ဆက်လာနိုင်ဖွယ်ရှိသည်။ အထူးအားဖြင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကားလမ်း၊ ရထားလမ်း၊ လေကြောင်းလမ်း၊ ရေကြောင်းလမ်းစသည့် သယ်ယူပို့ဆောင်ရေးကွန်ရက် ပီပီပြင်ပြင်ပေါ်ထွန်းလာနိုင်ပေလိမ့်မည်။

အာဆီယံ ရည်မှန်းချက် ၂၀၂၀ အရ စီးပွားရေးပေါင်းစည်းရာတွင် ရရှိလာနိုင်သည့် အခွင့်အလမ်းများကတစ်ဖက်၊ ရင်ဆိုင်လာရနိုင်သည့် စိန်ခေါ်မှုများကတစ်ဖက်ရှိနေလေသည်။

အေအီးစီ၏ မဏ္ဍိုင်ကြီးတစ်ရပ်ဖြစ်သည့် တစ်ခုတည်းသော ဈေးကွက်နှင့် ထုတ်လုပ်မှု အခြေစိုက် စခန်းဖြစ်လာရန် ကုန်စည်များ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုများ၊ ငွေကြေးအရင်းအနှီးများ လွတ်လပ်စွာ စီးဆင်းစေရပေမည်။ ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာ ပြောင်းရွှေ့မှု ဖြစ်ပေါ်စေရပေမည်။

ဒုတိယမဏ္ဍိုင်အဖြစ် ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားသော စီးပွားရေးဒေသကို တည်ဆောက်ရာတွင် ယှဉ်ပြိုင်မှုဆိုင်ရာ မူဝါဒနှင့်အညီ ခရီးဆက်ကြရပေလိမ့်မည်။

ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားသော စီးပွားရေးဒေသ၌ စားသုံးသူများအား အကာအကွယ်ပေးနိုင်ရန်လည်း လိုအပ်လိမ့်မည်။ မြန်မာနိုင်ငံ၌ စားသုံးသူများအား အကာအကွယ်ပေးရေးဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီး ဖြစ်သည်။ ဘေးကင်းလုံခြုံမှုမရှိသော ထုတ်ကုန်များ ထုတ်လုပ်ဖြန့်ဖြူးခြင်းမှ အကာအကွယ်ပေးရန်နှင့် စားသုံးသူများအား အသိပညာဗဟုသုတပေးရန် လိုအပ်ပေလိမ့်မည်။

အသိဉာဏ် ပစ္စည်းဆိုင် ရာ မူပိုင်ခွင့်ရရှိရေး မှာ စီးပွားရေးလောကတွင် အရေးပါလှသည်။ ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် အသိဉာဏ်ပစ္စည်းဟူ၍ ဥပဒေအရ ပစ္စည်းသုံးမျိုးကို ခွဲခြားထားသည်။ အသိဉာဏ်ပစ္စည်းဟူသည် လူသားတို့၏ အသိပညာဉာဏ်အပေါ်အခြေခံ၍ တီထွင်ထုတ်လုပ်ထားသော ပစ္စည်းများကို ဆိုလို၏။



တီထွင်မှုများ၊ အမှတ်တံဆိပ်များနှင့် စက်မှုဒီဇိုင်းများမှာ စက်မှုအသိဉာဏ်ပစ္စည်းများဖြစ်ကြသည်။ မူပိုင်ခွင့်ဆိုင်ရာ အသိဉာဏ်ပစ္စည်းများတွင်မူ စာပေ၊ ဂီတ၊ ပန်းချီ၊ ပန်းပု စသည့်အနုပညာလက်ရာ ပစ္စည်းများ၊ အသံသွင်းလုပ်ငန်းများ၊ ဓာတ်ပုံ၊ ရုပ်ရှင်၊ အသံလွှင့်လုပ်ငန်းတို့နှင့် သက်ဆိုင်သော မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများ စသည်ပါဝင်သည်။

အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်နှင့် စပ်လျဉ်း၍ ကမ္ဘာ့အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်အဖွဲ့၏ အကူအညီဖြင့် ဥပဒေများကို ရေးဆွဲအတည်ပြုခဲ့ကြပြီးဖြစ်လေသည်။ ဂျပန်နိုင်ငံ၌ အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ဥပဒေကို အခြေခံပညာသင်ကျောင်းသားများပင် သိရှိနိုင်ရန် ဖတ်စာအုပ်၌ ထည့်သွင်းထားသည်ဟု လေ့လာသိရှိရပြီး ကျွန်ုပ်တို့နိုင်ငံ၌လည်း အလားတူဆောင်ရွက်သင့်လှပေသည်။

ဒေသတွင်းနိုင်ငံများအကြား သာတူညီမျှ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပေါ်လာမှသာ အာဆီယံနိုင်ငံများ၏ စီးပွားရေးနှင့် ကုန်သွယ်ရေးသဘောတူညီချက်များ ရေရှည်တည်တံ့ခိုင်မြဲနိုင်ပေမည်။

ပစ္စက္ခကာလ၌မူ အာဆီယံနိုင်ငံများအချင်းချင်း စီးပွားရေးဖွံ့ဖြိုးမှု ကွာဟချက်ကြီးမားနေဆဲဖြစ်သည်။

အေအီးစီ၏ အဓိက မှီတည်ရာမှာ အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုဒေသ (AFTA) သဘောတူညီချက်ဖြစ်သည်။ အာဆီယံဒေသအတွင်း ကုန်သွယ်ရေးနှင့် အကောက်ခွန်ဆိုင်ရာ အတားအဆီးများ ကင်းစင်ပပျောက်လာသည်နှင့် အမျှ ဒေသတွင်းရှိနိုင်ငံများအားလုံး ထုတ်လုပ်မှု အခြေခံစခန်းအဖြစ် ရပ်တည်ကာ ကမ္ဘာ့စီးပွားရေးနယ်ပယ်အတွင်းသို့ ပိုမိုထိုးဖောက် ဝင်ရောက်လာနိုင်ရန် ဦးတည်ဆောင်ရွက်ကြပေမည်။ ၎င်းအပြင် အာဆီယံ ဒေသသည် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ပိုမိုဆွဲဆောင်သွားရန်လည်း လိုအပ်ပေသည်။

စီးပွားရေး အသိုက်အဝန်း ထူထောင်ခြင်းနှင့်အတူ AFTA ကို စတင် အကောင်အထည်ဖော်တော့မည်ဖြစ်သဖြင့် ကျွန်ုပ်တို့ မြန်မာနိုင်ငံအနေဖြင့် ထုတ်ကုန်များကို ကာကွယ်ရန်၊ အားပေးမြှင့်တင်ရန်၊ မိမိတို့၏ အားနည်းချက်၊ အားသာချက်များကို ကောင်းစွာ သိရှိကာ အကောင်းဆုံးဖြစ်အောင် ကြိုးပမ်း ဆောင်ရွက်သွားရပေလိမ့်မည်။

အရေးကြီးသည်မှာ ကျွန်ုပ်တို့နိုင်ငံ၏ စက်မှုထုတ်ကုန်၊ လယ်ယာထွက်ကုန်များ ထိခိုက်မှုမရှိစေဘဲ ကုန်သွယ်ရေးလုပ်ငန်းကို အားပေးမြှင့်တင်ကြရပေမည်။

မူဝါဒရေးရာ လမ်းညွှန်မှု မှန်ကန်ခြင်း၊ ထုတ်လုပ်မှုနှင့် သယ်ယူပို့ဆောင်မှု စရိတ်စကများလျှော့ချခြင်း၊ အခွန်အခနှုန်းထား များကို ပြန်လည်ကိုက်ညှိခြင်းတို့မှာ ကျွန်ုပ်တို့နိုင်ငံအတွက် အရေးကြီးပေသည်။

အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ အာဆီယံနှင့် အာဆီယံ စီးပွားရေးအသိုက်အဝန်း၏ ၂၀၁၅ အလွန် ရပ်တည်ချက်မြင့်မားရေးတို့မှာ အေအီးစီ ထူထောင်မှုကို အထောက်အကူပြုစေရန် ဆောင်ရွက်ရမည့် ဦးစားပေးနယ်ပယ်သုံးရပ်ဖြစ်လေသည်။

အရှေ့တောင်အာရှဒေသသည် ကမ္ဘာပေါ်တွင် စီးပွားရေးအရ အားကောင်းမောင်းသန် ဒေသအဖြစ် ရပ်တည်ရန် တာစူလျက်ရှိသည်။ အေအီးစီထူထောင်ခြင်းနှင့်အတူ ဒေသတွင်း၌ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ အခင်းအကျင်း ပြောင်းလဲလာပေတော့မည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်း နိုင်ငံများအချင်းချင်း ကုန်စည်များ လွတ်လပ်စွာ စီးဆင်းခြင်းကို အကြောင်းပြု၍ ဈေးနှုန်းချိုသာပြီး အရည်အသွေးမြင့်သော ကုန်ပစ္စည်းများကို ပိုမိုသုံးစွဲလာနိုင်ပြီးလျှင် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပွင့်လန်းလာပေမည်။ ဒေသတွင်းရှိ အခြားနိုင်ငံများသို့လည်း သွားရောက်အလုပ်လုပ်ကိုင်ခွင့် တိုးတက်လာပေမည်။

ဒေသတွင်း၌ နည်းပညာနှင့် ငွေကြေးတို့အရ အသာစီးရရှိသော နိုင်ငံများက မြန်မာနိုင်ငံအတွင်း စက်ရုံများ ထူထောင်လာနိုင်ပေရာ ထုတ်ကုန်များ၊ ယှဉ်ပြိုင်ရောင်းချရာတွင် မြန်မာ့ထုတ်ကုန်များ အထိမနာစေရေးအတွက် အရံအတားများ (Safety nets) အခိုင်အမာ ပေါ်ထွန်းလာသင့်ပြီဟု ကျွန်ုပ်တွေးဆမိသည်။

မြန်မာနိုင်ငံသည် သဘာဝအရင်းအမြစ်ကြွယ်ဝပြီး လုပ်အားခဈေးချိုခြင်း၊ လုပ်သားပေါများခြင်း ဂုဏ်သတင်းမွှေးသည့် နိုင်ငံဖြစ်သည့်အပြင် တရုတ်နှင့် အိန္ဒိယ နိုင်ငံကြီးနှစ်နိုင်ငံအကြား မဟာဗျူဟာမြောက်ဒေသ၌ တည်ရှိသဖြင့် ဒေသတွင်းနိုင်ငံများရော၊ ကမ္ဘာ့နိုင်ငံများပါ မြန်မာနိုင်ငံ၏ ဈေးကွက်ကို အထူးပင် စိတ်ဝင်စားလျက်ရှိကြလေသည်။

မြန်မာနိုင်ငံ၌ တည်ငြိမ်သောဈေးကွက်ကို ဖော်ဆောင်ရာတွင် ဥပဒေ၏ အခန်းကဏ္ဍမှာ အထူးအရေးကြီးသည်။ စီးပွားရေးအရ ယှဉ်ပြိုင်နိုင်မှု စွမ်းပကားကို မြှင့်တင်နိုင်ရေးအတွက် လူငယ်များအနေဖြင့် အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုတို့ စူးရှထက်မြက်နေရပေလိမ့်မည်။ ကုန်သည်ကြီးများ၊ လုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံသူများအနေဖြင့်လည်း ဒေသတွင်းရှိ ပြိုင်ဖက်များ၏ ယှဉ်ပြိုင်မှုကို ရင်ဆိုင်နိုင်ရန် ပြင်ဆင်ထားရပေလိမ့်မည်။ အစိုးရအဖွဲ့အနေဖြင့်လည်း ပြောင်းလဲလာသော ဒေသဆိုင်ရာ စီးပွားရေး အခင်းအကျင်းနှင့်အညီ မူဝါဒလမ်းညွှန်ချက်များ မှန်ကန်အောင် ဆောင်ရွက်ရပေလိမ့်မည်။

အာဆီယံ စီးပွားရေးအသိုက်အဝန်း ထူထောင်လိုက်ပြီဖြစ်ရာ ကျွန်ုပ်တို့မြန်မာနိုင်ငံအနေဖြင့် ယင်းအသိုက်အဝန်း၏ အခွင့်အလမ်းများကို ဆုပ်ဆုပ်ပိုင်ပိုင် ရယူနိုင်ကာ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် ဝါဏိဇ္ဇဗျူဟာများ ခင်းကာ အစွမ်းကုန်ပြင်ဆင်ထားကြဖို့ တပ်လှန့်နှိုးဆော်လိုက်ရပါသတည်း။ ။

# တန်ဆောင်မုန်းလပြည့်နေ့တွင် ဘုရားရှင်အား ကပ်လှူရန် မသိုးသင်္ကန်းရက်လုပ်ယှဉ်ပြိုင်

**မုံရွာ နိုဝင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ သမိုင်းဝင် ရွှေစည်းခုံစေတီတော်မြတ်ကြီးတွင် နှစ်စဉ် ကျင်းပမြဲဖြစ်သော မသိုးသင်္ကန်းကပ်လှူပူဇော်ပွဲ၊ ရက်ကန်းပြိုင်ပွဲအား ၁၆ ကြိမ်မြောက် အဖြစ် နိုဝင်ဘာ ၂၅ ရက် ညနေ ၅ နာရီက ပြုလုပ်ခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် ရွှေစည်းခုံစေတီတော် မြတ်ကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌက မသိုးသင်္ကန်း ကပ်လှူပူဇော်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌတို့ က ပြိုင်ပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲ ဝင်ရက်ကန်းခတ်နေမှုများအား လှည့်လည် ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ ပြိုင်ပွဲဝင်ရက်ကန်းအဖွဲ့များ ရက် လုပ်ပြီးသောသင်္ကန်းများကို အကဲဖြတ် ဒိုင် လူကြီးများက စစ်ဆေးအကဲဖြတ်ကာ နိုဝင်ဘာ ၂၆ ရက်၊ နံနက် ၄ နာရီတွင် ရွှေစည်းခုံစေတီ တော်မြတ်ကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ ဝင်များက ဆုများချီးမြှင့်ပေးခဲ့သည်။

ယင်းသို့ဆုချီးမြှင့်ရာပထမဆုရသူရိယ ဝဍ္ဍသာ (ခိုးသန်းကျေးရွာ)စင်တော်ကို ဆုဖလားနှင့် ငွေသားဆု ကျပ်၃၀၀၀၀၀ အားလည်းကောင်း၊ ဒုတိယဆုရ ဝဏ္ဏပဘာ (ဒါန်းပင်တဲကျေးရွာ) စင်တော်ကိုဆုဖလားနှင့် ငွေသားဆု ကျပ် ၂၀၀၀၀၀ အားလည်း ကောင်း၊ တတိယဆုရ ဒေဝစ္ဆရာ (ဒါန်းပင်တဲ ကျေးရွာ) စင်တော်အား ဆုဖလား နှင့်ငွေ သားဆု ကျပ် ၁၅၀၀၀၀ အားလည်းကောင်း နှစ်သိမ့်ဆုရ မဏိစန္ဒာ (သမန္တာကျေးရွာ) စင်တော်နှင့် ခတုကလျာ(ဒါန်းပင်တဲကျေး ရွာ)စင်တော်တို့မှ ရက်ကန်းသမများအား ဆုဖလားနှင့်ငွေသားဆု ကျပ် ၈၀၀၀၀ ကို လည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့ ကြောင်း သိရသည်။



အဆိုပါ(၁၆)ကြိမ်မြောက် မသိုးသင်္ကန်း ကပ်လှူပူဇော်ပွဲ၊ ရက်ကန်းပြိုင်ပွဲသို့ မုံရွာမြို့ နယ်အတွင်းမှ ရက်ကန်း အဖွဲ့(၁၅)ဖွဲ့စာရင်း ပေးသွင်းခဲ့သည်။

ယင်းကြောင့် ပြိုင်ပွဲဝင်အဖွဲ့ငါးဖွဲ့အတွက် မဲနှိုက်ရာတွင် ဝဏ္ဏပဘာစင်တော်တွင် ဒါန်း ပင်တဲ ကျေးရွာ၊ သူရိယဝဍ္ဍသာစင်တော်တွင် ခိုးသန်းကျေးရွာ၊ ခတုကလျာ စင်တော်တွင် ဒါန်းပင်တဲကျေးရွာ၊ မဏိစန္ဒာစင်တော်တို့တွင် သမန္တာကျေးရွာ၊ ဒေဝစ္ဆရာစင်တော်တွင်ဒါန်း ပင်တဲကျေးရွာတို့မှ ရက်ကန်းသမများ ပါဝင် ယှဉ်ပြိုင်ခွင့်ရခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

### ဘားအံ

ကရင်ပြည်နယ်၊ဘားအံမြို့ရှိ အထင်ကရ ဖြစ်သော သမိုင်းဝင်ကြောင့်ကမ်လာဘ် စေတီ တော်မြတ်ကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် မသိုးသင်္ကန်းရက်လုပ်ယှဉ်ပြိုင်ပြီး ဆက်ကပ် လှူပူဇော်ပွဲကို တန်ဆောင်မုန်းလပြည့်နေ့ နိုင်ဝင်ဘာ ၂၆ ရက်တွင် ပြုလုပ်ပြီး အနယ်နယ် ရပ်ရပ်က ဘုရားဖူးလာကြသူများအား နေ့ စဉ်သက်သတ်လွတ်ထမင်းစတုဒိသာကျွေးမွေး ခြင်းနှင့် အထူးတရားဓမ္မသဘင်ပွဲကို လေးရက် တိုင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကြောင့်ကမ်လာဘ်စေတီတော်နှင့် ချမ်းသာ ကြီးဘုရာအား တန်ဆောင်မုန်းလပြည့် နံနက် ပိုင်းမှ စတင်ကာအနယ်နယ်အရပ်ရပ်မှ များ ပြားလှသော ရဟန်းရှင်ပြည်သူများဘုရားဖူး လာရောက်ကြရာ ကျောက်ကလပ်ဆရာတော် နှင့် စေတနာရှင်များက အသက်လွတ် ထမင်း စတုဒိသာကျွေးမွေးခြင်းဖြင့် ကုသိုလ်ပြုခဲ့ကြ သည်။

အလားတူ မသိုးသင်္ကန်းရက်လုပ် ယှဉ်ပြိုင် ပွဲတွင် ရက်ကန်းစင်တော်ငါးစင် ယှဉ်ပြိုင်ရက် လုပ်ကြပြီး ဝိနည်းတော်နှင့်အညီ ချုပ်လုပ်ပြီး သော မသိုးသင်္ကန်းတော်များ ကို ည ၁၂ နာရီ ထိုးအမီ ကျောက်ကလပ်စေတီတော်မြတ်၊ ချမ်းသာကြီးဘုရာရုပ်ပွားတော်နှင့် စူဠာမဏိ ကံမြင့်စေတီတော်တို့အား ဆက်ကပ်လှူဒါန်း ခဲ့သည်။ **နေမျိုးလွင်(ပြန်/ဆက်)**

### သထုံ

